# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၉)


# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီခုချိ အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ -ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီခုချိအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

# တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် မတ် ၇**

တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ညီလာခံဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❋


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်




မြန်မာ့အလင်း

# လယ်ယာစိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံတော်သစ်

မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနား၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါ အဖွင့်အမှာစကား၌ တောင်သူလယ်သမားများကို အခြေပြု၍ ဆန်အများဆုံးထွက်သော နိုင်ငံတစ်ခုဖြစ်စေရန် အလေးထားမှုဝါဒ ချမှတ်ထားကြောင်း ရှင်းလင်းပြောဆိုခဲ့ပါသည်။ တောင်သူလယ်သမားတို့နှင့် ဆန်ကုန်သည်တို့သည် တစ်ဖက်တိုးတက်မှ ကျန်တစ်ဖက် အောင်မြင်နိုင်သည်ကို နှလုံးသွင်း၍ မိတ်ဖက်အဖြစ် လက်တွဲဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်စကား ပြောကြားခဲ့ပါသည်။

တောင်သူလယ်သမားတို့အနေဖြင့် စိုက်ပျိုးလိုသော သီးနှံတို့အား လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိသကဲ့သို့ နည်းသစ်လမ်းသစ်တို့အား ရဲရဲဝံ့ဝံ့ စွန့်စားရှာဖွေရန်လိုအပ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း (၇၀) အတွင်း ဆန်တန်ချိန် သုံးသန်းအား ပထမဦးဆုံးအကြိမ် ပြည်ပသို့တင်ပို့နိုင်ခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူစွာ ထောက်ပြခဲ့ပါသည်။ သို့သော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဤအောင်မြင်မှုထက် ပို၍ပို၍သာသော ထပ်ဆင့်အောင်မြင်မှုတို့ ရရှိနိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရန် သတိပေးစကား ပြောကြားခဲ့ပါသည်။ ထပ်ဆင့်အောင်မြင်မှုတို့ ဖန်တီးရာ၌ စိုက်ပျိုးထုတ်လုပ်မည့် ဆန်တို့၏ အရည်အသွေး တိုးတက်ရေးက အရေးကြီးသကဲ့သို့ မည်သို့သော ကမ္ဘာ့ဒေသတို့က မည်သို့သောဆန်တို့ကို ကြိုက်နှစ်သက်သည်၊ ကြိုက်နှစ်သက်သောဆန် ရောင်းချနိုင်ရန် မည်ကဲ့သို့ချဉ်းကပ်ရမည်ဆိုသော ဈေးကွက်ဖော်ဆောင်ရေးကလည်း အရေးကြီးကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ပါသည်။

စိုက်ပျိုးထုတ်လုပ်ရာ၌ ဓာတုမြေသြဇာနှင့် ဇီဝမြေသြဇာတို့ကို မျှမျှတတ အသုံးပြုရမည်ဖြစ်သော်လည်း ကမ္ဘာ့ပြည်သူအများစုသည် သဘာဝမြေသြဇာ အသုံးပြုစိုက်ပျိုးသော Organic Farming အပေါ် ပိုမိုတိမ်းညွတ်လာသည်ကိုလည်း အာရုံပြုစိုက်ပျိုးကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှုပေးခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်သကဲ့သို့ သူများနိုင်ငံများ လမ်းလျှောက်ချိန်၌ မိမိတို့နိုင်ငံက အပြေးသွားရန် မိန့်ကြားခဲ့ခြင်းသည် တောင်သူလယ်သမားထုတစ်ရပ်လုံးအတွက် စိတ်ဓာတ်ရေးရာ ခွန်အားပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညွှန်ပြလိုက်သည့် လယ်ယာစိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံဖြစ်စေရမည်ဟူသော မူဝါဒသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို ထင်ဟပ်ထားသော မှန်ကန်သည့်မူဝါဒ ဖြစ်ပါသည်။ တောင်သူလယ်သမားမျိုးရိုးမှပေါက်ဖွားလာသော လူငယ်တို့အနေဖြင့် နည်းစနစ်သစ်တို့ကို အသုံးပြု၍ ခေတ်မီလယ်ယာ လယ်ယာစိုက်ပျိုးရေးစနစ် ဖော်ဆောင်ရန်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုသည် ဟန်ချက်ညီသော ကျေးလက်-မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးသွားမည် ဖြစ်ပါသည်။

တောင်သူလယ်သမားများအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးမူဝါဒနှင့်အညီ စိုက်ပျိုးရေးစရိတ်ချေးငွေ ပံ့ပိုးမှုကို တစ်ဧက တစ်သိန်းခွဲပေးမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကြေညာခဲ့ခြင်းသည် တောင်သူလယ်သမားထုတစ်ရပ်လုံးအတွက် မင်္ဂလာသတင်းကောင်းတစ်ရပ် ဖြစ်ပါသည်။ ပြောင်းလဲလာသော ရာသီဥတုအခြေအနေတို့နှင့်အညီ ဆောင်ရွက်ရမည့် လယ်ယာစိုက်ပျိုးရေးပုံစံတို့အား သုတေသနပြုလုပ်ရမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ကြားချက်သည် တောင်သူလယ်သမားတို့နှင့် ပညာရှင်များ အပါအဝင် သက်ဆိုင်ရာပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးက အာရုံစိုက်ဆောင်ရွက်ကြရမည့်ကိစ္စရပ် ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြသကဲ့သို့ နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်၊ တောင်သူလယ်သမားနှင့် ပညာရှင်ဟူသော ကဏ္ဍလေးရပ်၏ စုစည်းညီညွတ်မှုအင်အားဖြင့် ဖွံ့ဖြိုးတိုးတက်သည့် လယ်ယာစိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံတော်သစ်ကြီး ထူထောင်ရမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။



# တတိယအကြိမ်မြောက် တရားဓမ္မသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

**လယ်ဝေး မတ် ၇**

နေပြည်တော် လယ်ဝေးမြို့နယ် သော်မှော်ကုန်းအုပ်စု ကျွန်းကုန်းကျေးရွာ၏ တတိယအကြိမ်မြောက် တရားဓမ္မသဘင်အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူဒါန်းပွဲကို မတ် ၄ ရက်က ကျွန်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

တတိယအကြိမ် တရားဓမ္မသဘင်ကို တပေါင်းလပြည့်နေ့ မတ်လပထမပတ်အတွင်းက သုံးညတိုင်တိုင်ဆရာတော်ဘဒ္ဒန္တပညာဝံသ(ပုလဲဆရာတော်)၊ ဆရာတော်ဒေါက်တာ အရှင်ဝါယမာနန္ဒ (ရွှေကံဆွယ် ဆရာတော်)နှင့် ဆရာတော် ဘဒ္ဒန္တဝရဉာဏ (မဟာဇနကကျောင်းတိုက်၊ တပ်ကုန်းမြို့)တို့မှ အလှည့်ကျတရားဓမ္မများ ဟောကြားကာ မတ် ၄ ရက် ညနေ ၃ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းဖြစ်ကာ ကျွန်းကုန်းကျောင်းတိုက်ဆရာတော် ဦးသုစိတ္တအမှူးပြုသော လယ်ဝေးမြို့နယ်ဝန်းကျင်ရှိ သာယာစု၊ ဝက္ကမူ၊ သဲကောကြီး၊ သဲကောလေး၊ ပြည်ဝင်၊ ပိတောက်ချောင်၊ သာဝတ္တိ၊ ဖုံချီ၊ ထိန်အင်း၊ အေလာ၊ နံ့သာကုန်း၊ ဝဲကြီး၊ ရေလည်ကွေ့အစရှိသည့် ကျောင်းတိုက်များမှ သံဃာတော်အပါး ၁၅၅ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ပဲခူးက နာရီစင်အနီး မီးပွိုင့်အချက်ပြစေချင်

ပဲခူးမြို့သည် ပဲခူးတိုင်းဒေသကြီး မြို့တော် ဖြစ်သည့်အလျောက် မိုးလင်းသည်နှင့်ယာဉ်များ၊ ခရီးသွားပြည်သူများ ပျားပန်းခပ်သွားလာလှုပ်ရှားနေမှုများတွေ့မြင်ရသည်။

ထိုသို့ ပြည်သူများသွားလာနေရာ အဓိကလမ်းမကြီးသုံးခုဖြစ်သည့် ရန်ကုန်-တောင်ငူလမ်းနှင့် မင်းလမ်းမကြီးသုံးခုဆုံရာ နာရီစင် မီးပွိုင့်အချက်ပြစနစ် ပျက်နေခဲ့သည်မှာ ကြာနေပြီဖြစ်သည်။

ထို့သို့ နာရီစင်မီးပွိုင့်အချက်ပြစနစ်ပျက်နေခြင်းကြောင့် လမ်းအသုံးပြုသူများ မလိုလားအပ်သော ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်မည် ဖြစ်သည်။

ယခုအချိန်သည် တစ်နိုင်ငံလုံး၌ တက္ကသိုလ်ဝင်စာမေးပွဲကို ကျင်းပလျက်ရှိရာ ပဲခူးမြို့ရှိ ကျောင်းသား ကျောင်းသူများကလည်း အဆိုပါ စာမေးပွဲကို ဝင်ရောက်ဖြေဆိုနေကြသဖြင့် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ထိုမီးပွိုင့်ကို ပြုပြင်ရန်လိုအပ်နေကြောင်း လမ်းအသုံးပြုသူများနှင့် ကျောင်းသားမိဘများက ဆန္ဒရှိကြသည်။

**သန့်စင်(ပဲခူး)**

ထင်သာမြင်သာ ပြုပြင်စရာ



# စွန့်လွှတ်မြေများ မူလတောင်သူများထံ ပြန်လည်အပ်နှံရေး ပုံစံ (၃) များ လျှောက်ထားနိုင်

**တံတားဦး မတ် ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအမြန်လမ်းကြီး အနောက်ဘက်ခြမ်းနှင့် ဇီးချောင်းကျေးရွာသွား လမ်းဟောင်းမြောက်ဘက်ရှိ မြေအသုံးချတောင်သူများအား ယာယီလုပ်ပိုင် ခွင့်ပြုလက်မှတ်(ပုံစံ-၃)များ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

ထိုသို့ လျှောက်ထားရာတွင် ယခင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသုံးပြုရန် မရှိတော့သဖြင့် မြေဧရိယာ ၃၈၃၀ ဒသမ ၀၀ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ကြောင်း၊ ထိုသို့ နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့သည့် ဧရိယာ ၃၈၃၀ ဒသမ ၀၀ ဧကအနက် သာသနာ့မြေ ဧရိယာဖြစ်သော ၂၁၄ ဒသမ ၂၆ ဧကကို ချန်လှပ်ပြီး စိုက်ပျိုးမြေဧရိယာ ၃၄၆၇ ဒသမ ၁၉ ဧက၊ ကျန်အခြားမြေ ၁၄၈ ဒသမ ၅၅ ဧက စုစုပေါင်းမြေဧရိယာ ၃၆၁၅ ဒသမ ၇၄ ဧကကို နိုင်ငံတော်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ သတ်မှတ်ခဲ့ကြောင်း ယခုအခါနိုင်ငံတော်မြေအဖြစ် သတ်မှတ်ခဲ့သည့် ဧရိယာ ၃၆၁၅ ဒသမ ၇၄ ဧကအနက် စိုက်ပျိုးလုပ်ကိုင်သည့် မြေဧရိယာ ၃၄၆၇ ဒသမ ၁၉ ဧကကို မူလတောင်သူများထံ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေများပေးအပ်ရာတွင် ပန်းယျကျေးရွာအုပ်စု၌ တောင်သူပေါင်း ၃၅၀၊ စကားအင်းကျေးရွာအုပ်စု ၇၇ ဦး၊ သူငယ်တော်ကျေးရွာအုပ်စု၌ ၆၄၂ ဦး၊ ဇီးချောင်းကျေးရွာ၌ ၂၅၄ ဦးတို့၏ ပုံစံ (၃)များကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လျှောက်ထားနိုင်ကြောင်း မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီထံမှ သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၇-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီခုချိ အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ယနေ့နံနက် ၁၁ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။ **သတင်းစဉ်**



**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟီခုချိ အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တရားသူကြီးချုပ်များ၊ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)**

**မျှတသည့်ဥပဒေများ ရှိရမည်**

ဆက်လက်၍ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိရန်အတွက် မျှတသည့် ဥပဒေများ ရှိရမည်၊ ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ရမည်၊ ဥပဒေများကို အများပြည်သူက အလွယ်တကူ လေ့လာသိရှိနိုင်မည့် အခြေအနေများရှိရမည် ဖြစ်ပါကြောင်း။

ထို့ပြင် ဥပဒေအရ စီမံဆောင်ရွက်ရာတွင် ဘက်လိုက်မှုကင်းရမည်၊ ဥပဒေအရ အားလုံးတန်းတူ အခွင့်အရေးရှိရမည်၊ ကျား မ၊ ဆင်းရဲ ချမ်းသာ၊ လုပ်ပိုင်ခွင့်ရှိခြင်း၊ မရှိခြင်းများအပေါ် ခွဲခြားဆက်ဆံမှုမရှိရန်၊ ဥပဒေကို အားလုံးကလေးစားလိုက်နာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိရမည်၊ တစ်ဖက်ကလည်း လွတ်လပ်သည့် တရားစီရင်ရေးဖြစ်ရမည် ဖြစ်ပါကြောင်း၊ သို့မှသာ မျှတသည့်တရားစီရင်မှုတွင် လွတ်လပ်ပြီး ဘက်လိုက်မှုကင်းစွာဖြင့် တရားသူကြီးက ဥပဒေအတိုင်း ကျင့်သုံးဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့သည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လှုပ်ရှားမှုဗီဒီယိုဖိုင်ကို ကြည့်ရှုကြပြီး ခန်းမအတွင်း၌ ပြသထားသည့် ညီလာခံအထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**မဟာဗျူဟာရေးဆွဲခြင်းဆွေးနွေး**

ယင်းနောက် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံကို ဆက်လက်ကျင်းပရာ Binghan Center မှ ဂုဏ်ထူးဆောင် ညွှန်ကြားရေးမှူး Sir Jeffrey Jowell KCMG QC က တရားမျှတမှုကို ဆောင်ကြဉ်းပေးသော ဥပဒေစနစ်တည်ထောင်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားအဆင့် ဖွံ့ဖြိုးမှုစီမံကိန်းဝန်ကြီးဌာနမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် Dr. Diani Sadiawati က အင်ဒိုနီးရှား၏ ပထမဆုံးဖြစ်သော တရားမျှတမှုဆီသို့ ချဉ်းကပ်သည့်မဟာဗျူဟာရေးဆွဲခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၌ မဟာဗျူဟာစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အောင်မြင်မှုများ၊ အဓိကကြိုးပမ်းအားထုတ်မှုများကို လည်းကောင်း၊ UNDP ၊ My Justice ၊ Justice Base ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးအခြေအနေဆိုင်ရာ သုတေသနများကိုလည်းကောင်း ဆွေးနွေးကြသည်။

**မိတ်ဆက်ပြောကြား**

ဆက်လက်၍ ညီလာခံအား ပံ့ပိုးကူညီမည့်သူများက ညီလာခံဒုတိယနေ့တွင် ဆွေးနွေးကြရမည့် ဥပဒေအသိပညာနှင့် ဥပဒေဆိုင်ရာတိုးတက်မှု၊ ကလေးသူငယ်များနှင့် ထိခိုက်လွယ်သော လူအုပ်စုများအတွက် တရားမျှတမှု၊ တရားမျှတမှု လက်လှမ်းမီရေးနှင့် ဥပဒေအထောက်အကူပေးရေး၊ တရားမျှတရေးကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်မှုမြှင့်တင်ရေး၊ ဥပဒေများပိုမိုအားကောင်းအသက်ဝင်လာစေရေးနှင့် မှုခင်းကာကွယ်တားဆီးရေး၊ တရားမျှတရေးဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ခံနိုင်မှုနှင့် ထိရောက်မှု စသည့်ခေါင်းစဉ်များကို မိတ်ဆက်ပြောကြားကြပြီး ကြိုတင်လေ့လာနိုင်ရန် ဖြန့်ဝေပေးသည်။

အဆိုပါ တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မတ် ၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခန်းမအတွင်း၌ ပြသထားသည့် ညီလာခံအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။** သတင်းစဉ်

# တရားဥပဒေစိုးမိုးရေးရှိမှ ငြိမ်းချမ်းရေးဟာ တည်တံ့ခိုင်မြဲနိုင်မယ်

နေပြည်တော် မတ် ၇

**တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

ယခုကျင်းပတဲ့ ညီလာခံဟာ ကျွန်မတို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တွေ၊ နည်းလမ်းတွေ ပေါ်ထွက်လာစေဖို့ ရည်ရွယ်ပြီး ဆွေးနွေးကြမယ့် ညီလာခံတစ်ခု ဖြစ်ပါတယ်။

## လွှတ်တော်က အကောင်အထည်ဖော်

တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့ နည်းနည်းလေး ပြောချင်ပါတယ်၊ တရားဥပဒေစိုးမိုးရေးဆိုတာ အင်္ဂလိပ်လိုဆိုရင် ဥပဒေစိုးမိုးရေးဆိုတဲ့ အဓိပ္ပာယ်လည်း ရပါတယ်၊ ဒါကို ခဏခဏ ကျွန်မ မီးမောင်းထိုးပြီးတော့ပြပါတယ်၊ တကယ်အရေးကြီးတာ တရားတဲ့ဥပဒေတွေဖြစ်ရမယ်၊ မတရားတဲ့ဥပဒေတွေစိုးမိုးတယ်ဆိုတာ ဘယ်သူ့ကိုမှ အကျိုးမပြုပါဘူး၊ ကျွန်မတို့နိုင်ငံကို အကျိုးပြုဖို့ ကျွန်မတို့ ပြည်သူပြည်သားတွေ တည်ငြိမ်မှု၊ လုံခြုံမှုရဖို့ဆိုရင် တရားတဲ့ဥပဒေတွေဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဥပဒေတစ်ခုက တရားတယ်၊ မတရားတယ်ဆိုတာ နောက်ဆုံး ဘယ်သူကဆုံးဖြတ်မလဲဆိုတာ ပြည်သူလူထုကပဲ ဆုံးဖြတ်ရမှာပဲ။ ပြည်သူလူထုရဲ့ဘဝအပေါ်မှာ နိစ္စဓူဝတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိသလဲ တကယ်ပဲ တည်ငြိမ်မှု၊ လုံခြုံမှု၊ အားလုံးအတွက် တန်းတူရည်တူ အခွင့်အရေးပေးတဲ့ဥပဒေတွေ ဟုတ်သလား၊ မဟုတ်သလားဆိုတာ နောက်ဆုံး ပြည်သူက ဆုံးဖြတ်ရမှာ ပြည်သူရဲ့ဆုံးဖြတ်ချက်ကို ဘယ်သူတွေက အကောင်အထည်ဖော်ရမလဲဆိုတော့ ပထမဦးဆုံး လွှတ်တော်က အကောင်အထည်ဖော်ရမှာပေါ့။

ဥပဒေတွေက တကယ်ပဲပြည်သူလူထုအတွက် အကျိုးပြုတဲ့ဥပဒေတွေ ဖြစ်ရဲ့လားဆိုတာ လွှတ်တော်ကနေ ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒီဥပဒေတွေကို အဓိပ္ပာယ်ဖော်ဖို့ဆိုတာ ရှေ့နေတွေက ဖော်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ တရားရုံးမှာ စီရင်ချက်ချတဲ့အခါမှာ ဥပဒေတစ်ခုကို၊ ဥပဒေတစ်ခုဆိုတာဟာ ဒီဥပဒေတစ်ခုအောက်မှာ သက်ရောက်မယ်၊ အမှုတွေအားလုံးအတွက် ပြည့်စုံမယ်၊ လုံလောက်မယ်လို့ ဘယ်တော့မှ ကျွန်မတို့ ပြောလို့မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှုတစ်ခုနှင့်တစ်ခုက ရိုးရိုးရှင်းရှင်းလေး ပြောရရင်တော့ လူသတ်မှုတစ်ခုတောင် တစ်ခုနှင့်တစ်ခု မတူပါဘူး။ အခြေအနေတွေ မတူဘူး၊ လုပ်ပုံကိုင်ပုံတွေ မတူဘူး၊ ထည့်စဉ်းစားရမယ့် အချက်အလက်တွေကလည်း မတူဘူး။ အဲဒီဟာတွေကို ဆုံးဖြတ်ရမှာက တရားရုံးကနေပြီး ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ကျွန်မတို့အားလုံး ပေါင်းစပ်ပြီး လုပ်ရမယ်ဆိုတာက ကျွန်မတို့ပြည်သူလူထုရဲ့ပါဝင်မှု၊ စိတ်ဝင်စားမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။

## အလေးအနက်ထားပြီးတော့ ပြောချင်

ပြည်သူလူထုဟာ ကိုယ့်နိုင်ငံမှာရှိနေတဲ့ ဥပဒေတွေဟာ တရားတဲ့ဥပဒေတွေလား၊ ဒီဥပဒေတွေဟာ ဒီတရားဥပဒေတွေဟာ စိုးမိုး နေရဲ့လား၊ တရားဥပဒေစိုးမိုးရေးဆိုတာရှိရဲ့လား၊ အင်မတန်မှ လုပကောင်းမွန်တဲ့ တရားဥပဒေတွေကို စာအုပ်ကြီးထဲမှာထားပြီးတော့ ပြည်သူတွေရဲ့ဘဝတွေအပေါ်မှာ သက်ရောက်မှုရှိအောင် မလုပ်နိုင်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောလို့ မရပါဘူး။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအစိုးရဟာ အစကတည်းက တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာဆိုပြီးတော့ ကျွန်မတို့တင်ပြပြီးတော့ ရွေးကောက်ပွဲမှာ ဝင်ခဲ့တာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးရှိမှ ကျန်တဲ့ကိစ္စတွေ ဖြစ်မြောက်နိုင်မယ်၊ ဥပမာဆိုရင် ငြိမ်းချမ်းရေး ဒါနဲ့ပတ်သက်ရင် တချို့နဲ့ နည်းနည်းအငြင်းပွားရတာလေးတွေ ရှိပါတယ်။ ငြိမ်းချမ်းရေးကို နံပါတ် ၁ ထားရမယ်။ ဘာဖြစ်လို့ တရားဥပဒေစိုးမိုးရေးကို နံပါတ် ၁ ထားရတာလဲ၊ ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲဖို့ဆိုရင် တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့ မရဘူး။ တရားဥပဒေစိုးမိုးရေးရှိမှ ငြိမ်းချမ်းရေးဟာ တည်တံ့ခိုင်မြဲနိုင်မယ်၊ အဲဒီတော့ ဒီလိုရှင်းပြလို့ရှိရင် လက်ခံကြပါတယ်၊ နားလည်ကြပါတယ်၊ တရားဥပဒေစိုးမိုးရေးရဲ့ အရေးပါမှုကို မီးမောင်းထိုးပြချင်လို့ပါ၊ ဒါကြောင့် တရားဥပဒေစိုးမိုးရေးဟာ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှုတင်မက ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်တယ်လို့ အလေးအနက်ထားပြီးတော့ ပြောချင်ပါတယ်။

ဒီညီလာခံ ကျင်းပနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အဘက်ဘက်က ဝိုင်းဝန်းကူညီပေးတဲ့ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၊ အကြံပေးအဖွဲ့နှင့်လုပ်ငန်းအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားလုံးကို ကျွန်မအနေနဲ့ နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

## စိန်ခေါ်မှုတွေကို ကြိုးစားဖြေရှင်း ဆောင်ရွက်နေရဆဲဖြစ်

ဒီကနေ့ မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ အရေးပါတဲ့ ကာလတစ်ခုကို ဖြတ်သန်းနေရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုဆိုင်ရာ ကိစ္စရပ်တွေမှာ ရှိနေတဲ့ စိန်ခေါ်မှုတွေကို ကြိုးစားဖြေရှင်း ဆောင်ရွက်နေရဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ဥပဒေရေးရာသမိုင်းကြောင်းကို ပြန်ကြည့်လိုက်ရင် လွတ်လပ်ရေးရပြီးခါစအချိန်က ကျွန်မတို့နိုင်ငံရဲ့ ဥပဒေဆိုင်ရာ အဆင့်အတန်းမြင့်မားမှုကို အသိအမှတ်ပြုခြင်း ခံခဲ့ရပါတယ်။ ၁၉၅၀ ပြည့်နှစ်လွန်ကာလများက ထုတ်ပြန်ခဲ့တဲ့ The Burma Law Report တွေဆိုရင် ဟောင်ကောင်နဲ့ စင်ကာပူတို့မှာ အဲဒီအချိန်ကာလက ထုတ်ပြန်တဲ့ Law Report များနဲ့ အဆင့်အတန်း တူညီခဲ့ပြီး Common Law တရားစီရင်ရေးစနစ် ကျင့်သုံးတဲ့ အခြားနိုင်ငံများကပါ အသိအမှတ်ပြု လေးစားခဲ့ရပါတယ်။ ဒီလိုကောင်းမွန်တဲ့ အစဉ်အလာကောင်းတွေ ပြန်လည်ရှင်သန် အားကောင်းလာစေဖို့ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီနှစ်ပိုင်းအတွင်းမှာ တရားစီရင်ရေးဆိုင်ရာကဏ္ဍနဲ့ စပ်လျဉ်းပြီး တိုးတက်မှုအချို့ကိုပြောရရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှာ သက်ဆိုင်ရာ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ လိုက်နာကျင့်သုံးရမယ့် ကျင့်ဝတ်တွေကို ထုတ်ပြန်နိုင်ခဲ့ကြပါတယ်။ အဲဒီကျင့်ဝတ်တွေကို မိမိတို့ရဲ့လုပ်ငန်းနယ်ပယ်အသီးသီးမှာ တိကျစွာ အပြည့်အဝအကောင်အထည်ဖော်ဖို့နဲ့ အများပြည်သူက သိရှိနားလည်လာစေဖို့အတွက် ဆက်လက်ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုကဏ္ဍပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။

## ပူးပေါင်းဆောင်ရွက်ကြဖို့လို

ဒါကြောင့် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲတွေမှာ ပါဝင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ရှေ့နေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှပုဂ္ဂိုလ်များ၊ ပူးပေါင်းဆောင်ရွက်နေကြတဲ့ UNDP၊ IDLO၊ USAID၊ Denmark၊ JICA၊ My-Justice စတဲ့ အဖွဲ့အစည်းများ၊ ကူညီပံ့ပိုးကြတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအားလုံး ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်ကြဖို့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍတို့က သက်ဆိုင်ရာ တာဝန်ရှိသူတွေဟာ လုံ့လစိုက်ထုတ်ပြီး တက်ညီလက်ညီနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။

> “ပြည်သူလူထုဟာ ကိုယ့်နိုင်ငံမှာရှိနေတဲ့ ဥပဒေတွေဟာ တရားတဲ့ဥပဒေတွေလား၊ ဒီဥပဒေတွေဟာ ဒီတရားဥပဒေတွေဟာ စိုးမိုးနေရဲ့လား၊ တရားဥပဒေစိုးမိုးရေးဆိုတာရှိရဲ့လား၊ အင်မတန်မှ လုပကောင်းမွန်တဲ့ တရားဥပဒေတွေကို စာအုပ်ကြီးထဲမှာထားပြီးတော့ ပြည်သူတွေရဲ့ဘဝတွေအပေါ်မှာ သက်ရောက်မှုရှိအောင် မလုပ်နိုင်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောလို့မရပါဘူး”




## ရေရှည်တည်ငြိမ်မှုကို ပေးစွမ်းနိုင်မှာဖြစ်

တရားဥပဒေစိုးမိုးမှုရှိရင် ရရှိမယ့်အကျိုးကျေးဇူးတွေကတော့ အများကြီးပါပဲ။ အချို့ကို ပြောရရင် မျှတပြီး ဘက်မလိုက်တဲ့ တရားစီရင်ရေးစနစ်ကို ယုံကြည်မှုရှိလာကြတဲ့အလျောက် တရားမဲ့မှုတွေ၊ အမှုအခင်းပြဿနာတွေကို လူတစ်ဦးချင်းစီက ဥပဒေနဲ့မညီတဲ့ ဥပဒေပြင်ပက နည်းလမ်းတွေနဲ့ ရင်ဆိုင်ခြင်းထက် ဥပဒေအရ တရားရုံးတွေကို အားကိုးပြီး ဖြေရှင်းဆောင်ရွက်လာကြမှာ ဖြစ်ပါတယ်။ အဲဒီအကျိုးဆက်က လူမှုအဖွဲ့အစည်းအတွင်း ရေရှည်တည်ငြိမ်မှုကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ ဥပဒေကို လက်ကိုင်တုတ်သဖွယ်ထားပြီး ကိုယ့်နည်းနဲ့ကိုယ် ဖြေရှင်းတာတွေ ရှိလာတော့မှာ မဟုတ်ပါဘူး။ ဒါကတော့ တည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေတဲ့ အချက်ပါ။

နောက်တစ်ခုကတော့ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်တဲ့ အကျိုးကျေးဇူးပါ။ တရားဥပဒေစိုးမိုးမှုရှိတယ်ဆိုရင် ပြည်တွင်း ပြည်ပက စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဥပဒေနဲ့အညီ တန်းတူရည်တူ ယှဉ်ပြိုင်ဆောင်ရွက်နိုင်မှု၊ ဥပဒေအရ အကာအကွယ်ရှိမှု၊ အငြင်းပွားမှုတွေရှိခဲ့ရင် မျှတစွာဖြေရှင်းနိုင်မှု၊ လုပ်ငန်းနဲ့စပ်လျဉ်းပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ဥပဒေမူဘောင်တွေရှိမှု စတာတွေကို အာမခံနိုင်မှာ ဖြစ်ပါတယ်။ ဒီအချက်တွေဟာ ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် အခြေခံကောင်းတွေဖြစ်ပြီး နိုင်ငံတစ်ခုရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတစ်ခု ဖြစ်စေမှာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်မှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတစ်ဝန်းမှာ တရားဥပဒေစိုးမိုးရေး စင်တာတွေကို တည်ထောင်ဖို့ စိတ်ကူးရှိခဲ့ပါတယ်။ ဥပဒေပညာ ကျွမ်းကျင်နဲ့စပ်တဲ့ အများအကျိုးကို သယ်ပိုးနိုင်တဲ့ ဥပဒေပညာရှင်တွေဖြစ်ပေါ်လာဖို့အတွက် သင်တန်းများပေးဖို့လည်း စဉ်းစားခဲ့ပါတယ်။ ပြီးတော့ ကျေးရွာလူထုခေါင်းဆောင်များနဲ့ အများပြည်သူအားလုံး ဥပဒေရဲ့အခြေခံမူ သဘောတရားတွေ၊ သိသင့်သိထိုက်တဲ့ ဥပဒေအကြောင်းအရာတွေကို နားလည်သိရှိစေလိုတဲ့အတွက် ဥပဒေအသိပညာပေးသင်တန်းတွေ ဆောင်ရွက်ပေးချင်ခဲ့ပါတယ်။

## တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်

အဲဒီအချိန် ၂၀၁၃ ခုနှစ်လောက်မှာ UNDP နဲ့ ဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ မကြာခင်မှာပဲ မန္တလေးမြို့နဲ့ လားရှိုးမြို့တို့မှာ တရားဥပဒေစိုးမိုးရေးစင်တာ နှစ်ခုကို UNDP နှင့် IDLO တို့က ရှေ့ပြေးတည်ထောင်နိုင်ခဲ့ပြီး ဥပဒေအသိပညာပေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါဟာ တရားဥပဒေစိုးမိုးရေးအတွက် ရှေ့ပြေးခြေလှမ်းတွေ ဖြစ်ခဲ့ပါတယ်။ စင်တာတွေရဲ့လုပ်ငန်းအောင်မြင်မှုကြောင့် အခုဆိုရင် မြစ်ကြီးနား၊ ရန်ကုန်နဲ့ တောင်ကြီးတို့မှာလည်း တိုးချဲ့ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ ဥပဒေပညာရှင်တွေရဲ့အခန်းကဏ္ဍဟာ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ ပြောင်းလဲမှုတွေ ရှိလာပါတယ်။ ရှေ့နေတွေဟာ အခုဆိုရင် ဥပဒေပညာနဲ့ နစ်နာသူတွေအတွက် လက်တွေ့ကျကျ ထိရောက်စွာ ဆောင်ရွက်ပေးလာနိုင်ကြပါတယ်။ ဥပဒေပညာရှင်များအနေနဲ့ နိုင်ငံတကာရဲ့ကျင့်သုံးမှုများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ စနစ်ကျတဲ့လုပ်ထုံးလုပ်နည်းများကို လေ့လာလိုက်နာခြင်းဖြင့် ဥပဒေပညာမှာ နှံ့စပ်ကျွမ်းကျင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ အများပြည်သူကို မှန်မှန်ကန်ကန်နဲ့ အပြည့်အဝ ကူညီစောင့်ရှောက်နိုင်ကြမှာ ဖြစ်ပါတယ်။

## တန်ဖိုးထားပြီးတော့ သင်ယူ

ကျွန်မကြုံတုန်းပြောချင်တာက တစ်ချိန်တုန်းကဆိုရင် ကျွန်မတို့နိုင်ငံမှာ အတော်ဆုံး အထက်မြက်ဆုံးပုဂ္ဂိုလ်များဟာ ဥပဒေပညာကို သင်ယူခဲ့ပါတယ်။ ကျွန်မတို့ လွတ်လပ်ရေးမရခင်ကတည်းက ဒီအစဉ်အလာကို လွတ်လပ်ရေးပြီးခေတ် ဆယ်ခုနှစ်တစ်ခုလောက်ထိ ဒီဟာကို ထိန်းသွားနိုင်ခဲ့ပါတယ်။ နောက်ပိုင်းကျတော့ ဥပဒေပညာကို သင်ယူတယ်ဆိုတာဟာ တက္ကသိုလ်မှာကို ဥပဒေပညာရဲ့အဆင့်က နိမ့်လာသလိုဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီတုန်းက ပညာရေး စနစ်အရဆိုရင် အမှတ်အနည်းဆုံးရတဲ့ ဆယ်တန်းအောင် ကျောင်းသားများဟာ ဥပဒေသင်ယူနိုင်တဲ့ အခွင့်အရေးရတယ်။ ဥပမာ အမှတ်အများဆုံးရမှ စိတ်ပညာကိုသင်ယူနိုင်မယ်၊ အောင်မှတ်ရရုံနဲ့တောင်မှ ဥပဒေပညာကို သင်ယူနိုင်တယ်ဆိုတော့ ဥပဒေပညာကို တန်ဖိုးထားတဲ့ခေတ်က ပျောက်သွားသလိုဖြစ်ပါတယ်။ အခုပိုပြီး ပြန်လည်ပြီးတော့ တစ်ခေတ်ဆန်းအောင်လို့ ပြန်ပြီးတော့ ကြိုးစားနေပါတယ်။ ဥပဒေပညာရဲ့အရေးပါမှု၊ ဥပဒေပညာဆိုတာဟာ နိုင်ငံအတွက်အရေးပါရုံတင်မကဘူး၊ ပုထုဇဉ် လူသားတွေဆိုကိုယ့်အတွက် အကျိုးရှိဖို့ လိုချင်ကြတာပေါ့၊ တစ်ချိန်တစ်ခါတုန်းက ကျွန်မတို့ရဲ့ အထက်မြက်ဆုံး ပုဂ္ဂိုလ်ကြီးတွေက ဥပဒေပညာကို သင်ယူတယ်ဆိုတာဟာ ဥပဒေပညာရှင်များရဲ့အဆင့်က အင်မတန် မှမြင့်တယ်။ ဝင်ငွေက အင်မတန်မှ ကောင်းတယ်၊ တရားသူကြီးအဆင့်ဖြစ်လာရင် တစ်တိုင်းပြည်လုံးက လေးစားပါတယ်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် အကြောင်းကြောင်းကြောင့် နိုင်ငံတော်သမ္မတကနေပြီး တာဝန်တွေမထမ်းဆောင်နိုင်ရင် တရားသူကြီးချုပ်ကနေ ဒီနေရာမှာ ယာယီတာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့အထိ ကျွန်မတို့ဟာ တရားသူကြီးတွေကို လေးစားခဲ့တဲ့ခေတ်ကို ကျော်ဖြတ်ခဲ့ပါတယ်။ တရားသူကြီးဆိုတာ ကျွန်မတို့ခေတ်တုန်းက တကယ်ကို တရားမျှတတယ်၊ လူတိုင်းကနေပြီးတော့ လူရိုသေရှင်ရိုသေ သံသယမရှိရတဲ့ ပုဂ္ဂိုလ်တွေဆိုပြီးတော့ ကျွန်မတို့မြင်ခဲ့တဲ့ခေတ်တစ်ခုကို ရှိပါတယ်။ ဒီလိုခေတ်တစ်ခု ကျွန်မတို့ ပြန်ပြီးတော့ ထူထောင်ဖို့လိုပါတယ်။ စရမှာက ပညာရေး စနစ်ကနေ စရမယ်၊ လူငယ်တွေကိုက ဥပဒေပညာကို အလေးထား တန်ဖိုးထားပြီးတော့ သင်ယူချင်တဲ့ စိတ်ဓာတ်တွေရှိဖို့ရာ အင်မတန်မှ အရေးကြီးပါတယ်။

## စိန်ခေါ်မှုတွေကို ဦးစားပေး ဖြေရှင်းဆောင်ရွက်

တရားမျှတမှုရရှိရေးအတွက် တရားစီရင်ရေးစနစ်နဲ့ တရားရုံးတွေဟာ အားကောင်း ခိုင်မာဖို့ လိုအပ်ပါတယ်။ လွန်ခဲ့တဲ့ကာလတစ်လျှောက် တရားမျှတရေးကဏ္ဍမှာ ဆောင်ရွက်နေကြသူတွေအပေါ် ပြည်သူရဲ့ယုံကြည်ကိုးစားမှု ကျဆင်းခဲ့ပါတယ်။ အဂတိ လိုက်စားမှုတွေ၊ ဥပဒေကို လိုရာဆွဲပြီး ကိုယ်ကျိုးရှာမှုတွေ၊ တရားမျှတမှုကို ဘက်လိုက်မှုကင်းစွာနဲ့ ဆောင်ရွက်ပေးရမည်ဆိုတဲ့ မူသဘောပျက်ယွင်းတာတွေ၊ လုပ်ငန်းကျွမ်းကျင်မှု နည်းပါးတာတွေကြောင့် ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဦးစားပေး ဖြေရှင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

## ဥပဒေနဲ့အညီ ကုစားခွင့်တွေရရှိဖို့ ကြိုးပမ်း

မှုခင်းကိစ္စတွေနဲ့ ပတ်သက်ပြီးပြောရရင် တရားလိုနစ်နာသူက တင်ပြတိုင်ကြားရင် ချက်ချင်းလက်ခံဆောင်ရွက်ပေးဖို့၊ စွပ်စွဲခံရသူကို ထိန်းသိမ်းပြီးနောက်မှာ ရှေ့နေနဲ့ အမြန်ဆုံး တွေ့ဆုံနိုင်ဖို့၊ တိုင်ပင်ဆွေးနွေးနိုင်ဖို့ ခွင့်ပြုရမှာဖြစ်ပါတယ်။ တရားရုံးသို့ အမှုစွဲဆိုတင်ပို့ရာမှာ နှောင့်နှေးခြင်းမရှိစေဖို့နဲ့ စွပ်စွဲခံရသူရဲ့ အခွင့်အရေးတွေကို အပြည့်အဝရရှိစေဖို့ ဆောင်ရွက်ပေးရပါမယ်။ တစ်ဖက်မှာလည်း တရားလို နစ်နာသူအတွက် ဥပဒေနဲ့အညီ ကုစားခွင့်တွေရရှိဖို့ ကြိုးပမ်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ တရားမျှတမှုဖော်ဆောင်ရန် နှောင့်နှေးခြင်းသည် တရားမျှတမှုကို ငြင်းဆိုခြင်းဖြစ်သည် (Justice Delayed is Justice Denied) ဟူသည့် ဆိုရိုးစကားကို အလေးထားရပါမယ်။

***စာမျက်နှာ ၅ သို့***

# ညီလာခံတက်ရောက်လာကြသူအားလုံး တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှု ခိုင်မာရေးအတွက် ဆောင်ရွက်သင့်တာတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးကြ

*စာမျက်နှာ ၄ မှ*

ဒီနေရာမှာ ရှေ့နေချုပ်ရုံးက "မျှတသည့်တရားစီရင်ရေးစံနှုန်းများ (Fair Trial Standards)" စာအုပ်ကို ထုတ်ဝေဖို့ ဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ဒီစံနှုန်းတွေနဲ့အညီ လိုက်နာဆောင်ရွက်ကြရင် တရားစီရင်ရေးစနစ်ကို အများက ယုံကြည်ကိုးစားမှု ပိုမိုတိုးတက်လာမှာဖြစ်သလို တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုတို့အတွက် များစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံဒေသ အသီးသီးမှာ အငြင်းပွားမှုတွေကို တရားရုံးမှာ တရားစွဲဆိုဖြေရှင်းခြင်းမပြုဘဲ အခြားနည်းဖြစ်တဲ့ ဓလေ့ထုံးစံအတိုင်း ရပ်ရွာလူကြီး၊ မျိုးနွယ်စုလူကြီးတွေနဲ့ ညှိနှိုင်းဖြေရှင်းတဲ့ ဓလေ့တွေဟာ နှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့ပါတယ်။ ဒီဓလေ့နဲ့ ရိုးရာအစဉ်အလာ ကျင့်သုံးမှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့လည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ တကယ်တော့ တရားရုံးတွေသည်သာ အငြင်းပွားမှုများကို ဖြေရှင်းပေးမယ့် တစ်ခုတည်းသော နေရာမဟုတ်ပါဘူး။

### အပြည့်အဝ ပံ့ပိုးပေး

လူမှုအဖွဲ့အစည်းအတွင်းမှာ ပြည်သူအများစုကတော့ သူတို့ရဲ့ အငြင်းပွားမှုတွေကို ဖြေရှင်းရာမှာ နှစ်ရှည်လများ ကျင့်သုံးလာတဲ့ ဓလေ့ထုံးစံအတိုင်း လိုက်နာဆောင်ရွက်နေကြပြီး နိုင်ငံတော်ရဲ့ တရားစီရင်ရေးစနစ်ကို မှီခိုမှုအားနည်းနေတာကို လေ့လာမိပါတယ်။ ကာယကံရှင်တွေအနေနဲ့ တရားရုံးသို့ သွားလာဆောင်ရွက်ရတဲ့ စရိတ်၊ အချိန်၊ လမ်းပန်းဆက်သွယ်ရေး စတာတွေဟာ ကြီးမားသည့် အခက်အခဲတွေ ဖြစ်နိုင်ပါတယ်။ ဒီလိုအခက်အခဲတွေရှိနေတဲ့သူတွေဟာ တရားရုံးတွေ၊ ရဲစခန်းတွေကို လာရောက်ကြတဲ့အခါ ထပ်ပြီး ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ ဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မျှတတဲ့ဆက်ဆံမှု၊ ဥပဒေအရ အကာအကွယ်ပေးမှုတွေကို အပြည့်အဝ ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ချမှတ်ရာမှာ စေ့စပ်ညှိနှိုင်းဖြေရှင်းနည်းနဲ့ မှန်မှန်ကန်ကန် စနစ်တကျ ဖြေရှင်းပေးနိုင်ဖို့၊ အငြင်းပွားမှုဖြေရှင်းတဲ့ အခြားနည်းလမ်းတွေ ဖွံ့ဖြိုးလာစေဖို့အတွက်လည်း စဉ်းစားသင့်ပါတယ်။

တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာမှာ အများပြည်သူအကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ပြီး ပြည်သူက ယုံကြည်ကိုးစားထိုက်တဲ့ စွမ်းရည်ထက်မြက်တဲ့ ရဲတပ်ဖွဲ့ဖြစ်ပေါ်ရေးဟာလည်း အလွန်အရေးကြီးလှပါတယ်။ အထက်အဖွဲ့အစည်းတွေဆီ တင်ပြတိုင်တန်းချက်အများစုဟာ ရဲတပ်ဖွဲ့နဲ့ သက်ဆိုင်တဲ့ ကိစ္စတွေလည်း ပါဝင်ပါတယ်။ ပြည်သူအများစုက မှုခင်းဆိုင်ရာကိစ္စအတွက်ဖြစ်စေ၊ အကူအညီတောင်းခံတဲ့ ကိစ္စအတွက်ဖြစ်စေ ရဲတပ်ဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်ရမှာကို စိုးရွံ့နေကြမယ်ဆိုရင် ရဲနဲ့ပြည်သူအကြား ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေမှာ ဖြစ်ပါတယ်။ ဒီအကျိုးဆက်က တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်ကိုပါ တုံ့ဆိုင်းသွားစေနိုင်မှာ ဖြစ်ပါတယ်။

ရဲတပ်ဖွဲ့အတွင်းမှာလည်း လုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့အတွက် အရင်းအမြစ်တွေ နည်းပါးနေတာကို သတိပြုမိပါတယ်။ မှုခင်းတွေကို စုံစမ်းထောက်လှမ်းတာ၊ စွပ်စွဲခံရသူကို စစ်ဆေးမေးမြန်းတာ၊ သက်သေခံအချက်အလက်တွေရယူတာ၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်းစတဲ့ မှုခင်းပုံစံအသစ်တွေကို ကိုင်တွယ်ဆောင်ရွက်ရာမှာ ကျွမ်းကျင်နှံ့စပ်ဖို့ သင်တန်းတွေ လိုအပ်နေပြီး ပြည်သူနှင့်လက်တွဲဆောင်ရွက်ဖို့၊ စွပ်စွဲခံရသူကို ဥပဒေနဲ့အညီ မျှတစွာဆက်ဆံဖို့တွေ အတွက်လည်း သင်တန်းများပေးဖို့ လိုအပ်နေတာကို တွေ့ရပါတယ်။

### ထိထိရောက်ရောက် အကောင်အထည်ဖော်

အများပြည်သူကို ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်ရမယ့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တရားရုံးတွေ၊ ဥပဒေရုံးတွေ၊ ရဲတပ်ဖွဲ့တွေဟာ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်နေတာကြောင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများ ကျေနပ်အားရအောင် ဆောင်ရွက်ပေးတာနဲ့အမျှ ပြည်သူတွေရဲ့မေတ္တာ၊ လေးစားမှုကို ခံရကြောင်း တွေ့ရပါတယ်။

ဥပဒေရေးရာ အထောက်အကူပေးရေးကိစ္စနဲ့ ပတ်သက်လို့ ပြောရရင် နစ်နာသူတိုင်းဟာ ဥပဒေပါ အခွင့်အရေးကိုရရှိဖို့ လက်လှမ်းမမီနိုင်ကြပါဘူး။ အထူးသဖြင့် ဆင်းရဲတဲ့သူတွေ၊ ကလေးသူငယ်တွေ၊ အမျိုးသမီးတွေ၊ မသန်စွမ်းသူတွေဟာ တရားမျှတမှုကိုရရှိဖို့အတွက် တရားရုံးတွေရဲ့အကူအညီကို ရရှိဖို့အတွက် အလှမ်းဝေးနေကြဆဲ ဖြစ်ပါတယ်။

### များစွာအထောက်အကူဖြစ်

လက်ရှိမှာ ဆင်းရဲနွမ်းပါးပြီး သေဒဏ်ထိုက်သင့်တဲ့ ပြစ်မှုနဲ့ အမှုရင်ဆိုင်နေရသူတွေအတွက် ရှေ့နေချုပ်ရုံးက နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုချက်နဲ့ ရှေ့နေငှားရမ်းပေးနေပါတယ်။ ဥပဒေအထောက်အကူပေးရေး လုပ်ငန်းတွေကို ပိုမိုထိရောက်စွာဆောင်ရွက်ပေးနိုင်ဖို့၊ တရားမျှတမှုကို ပြည်သူတွေ လက်လှမ်းမီစေဖို့အတွက် မကြာမီကပဲ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဥပဒေအထောက်အကူပေးရေးအဖွဲ့တွေကို တိုင်း၊ ခရိုင်၊ မြို့နယ်တွေအထိ ဆက်လက်ဖွဲ့စည်းဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုဆိုင်ရာ လုပ်ငန်းတွေအတွက် များစွာအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း လူတိုင်းလူတိုင်းဟာ တစ်နည်းမဟုတ်တစ်နည်း အစိုးရဌာနများနဲ့ အစိုးရဝန်ထမ်းတွေရဲ့ အုပ်ချုပ်ရေးဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်တွေ၊ ဆုံးဖြတ်ချက်တွေနဲ့ နိစ္စဓူဝနီးပါး သက်ဆိုင်မှုရှိနေပါတယ်။ မသက်ဆိုင်ချင်လို့လည်း မရပါဘူး။ အဲဒါတော့ ရှိနေတာပဲ၊ ဝန်ထမ်းတွေရဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်တွေ၊ ဆုံးဖြတ်ချက်တွေဟာ တရားရုံးဆုံးဖြတ်ချက်တွေလိုပဲ အများပြည်သူအပေါ် အကျိုးသက်ရောက်မှု ရှိပါတယ်။ ဥပဒေနဲ့မညီတဲ့ ဆောင်ရွက်ချက်တွေ၊ ဆုံးဖြတ်ချက်တွေကိုချမိလို့၊ ဥပဒေကို ကျော်လွန်ပြီး ဆုံးဖြတ်မိလို့ အများပြည်သူတွေ နစ်နာရတာတွေ ရှိနိုင်ပါတယ်။

နစ်နာမှုနဲ့ ပတ်သက်ပြီး အစိုးရဌာနအဖွဲ့အစည်းတွေက ချမှတ်တဲ့ အမိန့်၊ ညွှန်ကြားချက်၊ ဆုံးဖြတ်ချက်တစ်စုံတစ်ရာဟာ ဥပဒေနှင့် ညီညွတ်မှုမရှိရင် နစ်နာသူအနေနဲ့ စာချွန်တော် လျှောက်ထားခြင်းဖြင့် ကုစားနိုင်မှာဖြစ်သလို ဝန်ထမ်းတွေဘက်ကလည်း အများပြည်သူမနစ်နာအောင် ဂရုစိုက်ဆောင်ရွက်ကြဖို့လိုပါတယ်။

### ပြည်သူကို အလုပ်အကျွေးပြု

စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်တွေ၊ ဆုံးဖြတ်ချက်တွေကို သက်ဆိုင်တဲ့ ဥပဒေ၊ စည်းမျဉ်းတွေကို ကိုးကားခြင်းမပြုဘဲ ပြုလုပ်ကြတဲ့အခါ ဆင်ခြင်တုံတရားအားနည်းပြီး တစ်ဖက်သတ်ဆန်တဲ့ ဆောင်ရွက်ချက်တွေ၊ ဆုံးဖြတ်ချက်တွေကို ဖြစ်ပေါ်စေပါတယ်။ အဲဒီကတစ်ဆင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေပြီး အစိုးရအပေါ် ပြည်သူတွေရဲ့ ယုံကြည်မှုကျဆင်းစေပါတယ်။ နိုင်ငံတော်အစိုးရကိုယ်စား လုပ်ငန်းနယ်ပယ်အသီးသီးမှာ တာဝန်ယူထမ်းဆောင်နေကြတဲ့ အစိုးရဌာန အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများဟာ ပြည်သူကို အလုပ်အကျွေးပြုရတဲ့ နိုင်ငံ့ဝန်ထမ်းများဖြစ်တာကို မမေ့ဖို့နဲ့ ကိုယ်ကျိုးမကြည့်ဘဲ စိတ်ကောင်းစေတနာကောင်းကို အခြေခံပြီး ဆောင်ရွက်ကြစေချင်ပါတယ်။

ဒီတော့ ကျွန်မက ကိုယ်ကျိုးမကြည့်ဘဲနဲ့ ပုထုဇဉ်တွေဆိုတော့လည်း ကိုယ်ကျိုးလုံးဝမကြည့်ဘဲ မဖြစ်နိုင်ပါဘူး။ နိုင်ငံတော်က နိုင်ငံတော်ဝန်ထမ်းတွေရဲ့ အကျိုးကို ကြည့်ပေးရမယ်၊ နိုင်ငံတော်ဝန်ထမ်းတွေက ပြည်သူလူထုအကျိုးကို ကြည့်ပေးရမယ်၊ အဲဒီလိုဆိုရင် အားလုံးအတွက် ချောချောမောမော မျှမျှတတ ရှိနိုင်မယ်လို့ ကျွန်မထင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာလည်း ဝန်ထမ်းများရဲ့ အကျိုးကိုကြည့်ပေးဖို့ တာဝန်ရှိတယ်ဆိုတာကို ကျွန်မတို့ အပြည့်အဝလက်ခံပါတယ်။

ဒါ့အပြင် မိမိတို့ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များကို အများက တိုင်ကြားမှ၊ တင်ပြမှ လုပ်တာမျိုးမဟုတ်ဘဲ တာဝန်သိသိဆောင်ရွက်ကြဖို့ လိုပါတယ်။ အုပ်ချုပ်မှုဆိုင်ရာ ကျင့်စဉ်များ တိုးတက်လာစေဖို့အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာမှာဖြစ်စေ၊ တင်ပြတိုင်တန်းမှုတွေကို လက်ခံဆောင်ရွက်ရာမှာဖြစ်စေ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှု ရှိဖို့လိုပါတယ်။

### အဆင့်ဆင့်ကြီးကြပ်

ဒါနဲ့တစ်ဆက်တည်း ပြောကြားလိုတာကတော့ တရားဥပဒေစိုးမိုးရေးမှာ အဓိကအဟန့်အတားဖြစ်နေတဲ့ အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရေး ဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာ ကောင်းမွန်တဲ့အုပ်ချုပ်မှုကို ဖော်ဆောင်ရာမှာ မရှိမဖြစ် လိုအပ်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှု မရှိစေရေးအတွက် အထက်အဆင့်ကနေအောက်အဆင့်ဆင့်အထိ သိရှိစေဖို့ ဆောင်ရွက်ရမှာဖြစ်သလို အဂတိလိုက်စားမှုဖြစ်ပေါ်စေတဲ့ အခြေအနေတွေကို ဖယ်ရှားရာမှာ အဆင့်ဆင့် လိုက်နာဖို့၊ အဆင့်ဆင့် ကြီးကြပ်ဖို့လည်း လိုအပ်ပါတယ်။

ဒီမှာ ထပ်လောင်းပြီးတော့ အဂတိလိုက်စားမှုနှင့်ပတ်သက်လို့ ပြောပါရစေ၊ ကျွန်မလည်း အခွင့်ကြုံတိုင်းပြောပါရစေ၊ အဂတိလိုက်စားတယ်ဆိုတာ ပိုက်ဆံစားတယ်လို့ပဲထင်ပါတယ်။ လာဘ်ပေးလာဘ်ယူ အဂတိဆိုတာ ဒါပဲလို့ ထင်ပါတယ်။ ကျွန်မတို့ အစဉ်အလာအရ ယုံကြည်ခဲ့တာ အဂတိတရားဆိုတာ လေးပါးရှိတယ်၊ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အဲ့ဒါ အင်မတန်ပြည်စုံတယ်လို့ ကျွန်မယူဆပါတယ်။ ဆန္ဒအရလုပ်တယ်ဆိုတာ ကိုယ်နဲ့ပတ်သက်တဲ့သူတွေကို ညှာပြီးတော့လုပ်တာ၊ သူတို့ရဲ့အကျိုးကို ဦးစားပေးပြီးတော့လုပ်တာ အဲ့ဒါလည်း အဂတိတရားပဲ၊ ဒေါသဆိုတာ ကိုယ်မကြိုက်တဲ့သူတွေ၊ ကိုယ်စိတ်ကွက်တဲ့သူတွေ၊ ကိုယ်မုန်းတဲ့သူတွေအပေါ်မှာ မတရားသဖြင့်လုပ်တာလည်း အဂတိပဲ။ ပိုက်ဆံယူတာ ပေးတာနဲ့ပဲ အဂတိဖြစ်တာမဟုတ်ပါဘူး။ ဘယဆိုတာကြောက်လို့၊ ကိုယ်ကို တစ်ယောက်ယောက်က ငြိုငြင်မှာကြောက်လို့၊ ကိုယ်ရဲ့အထက်က အရာရှိက ကိုယ့်ကို ပြဿနာရှာမှာကြောက်လို့ ဒါမှမဟုတ် ကိုယ့်အပေါ်မှာ တစ်နည်းနည်းနဲ့ ဩဇာရှိတဲ့သူတွေ မကြိုက်မှာကြောက်လို့ လုပ်သင့်တာကိုမလုပ်ဘူး။ မလုပ်သင့်တာကို လုပ်တယ်ဆိုတာလည်း အဂတိပါပဲ၊ မောဟဆိုတာ မသိချင်၊ သိသင့်သိထိုက်တာကိုမသိခြင်း၊ တရားဥပဒေနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်များဟာ တရားဥပဒေကို သေချာမသိဘူးဆိုရင် ဒါလည်းအဂတိပဲ။ ဘာဖြစ်လို့လဲဆိုတော့ တရားဥပဒေကို သေချာနားမလည်လို့ တရားဥပဒေကို မှားယွင်းပြီးတော့ နားလည်သွားလို့ လုပ်မိတဲ့ ကိစ္စတွေဟာ ဒါလည်း အဂတိမြောက်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အစဉ်အလာအရ လက်ခံထားတဲ့ အဂတိတရားလေးပါးဟာ အင်မတန်မှ ပြည့်စုံပါတယ်။ တချို့ထင်သလို အဂတိတရားဆိုတာ ပိုက်ဆံပေးတယ်။ တစ်ဖက်က ပိုက်ဆံပေးတယ်၊ တစ်ဖက်က ယူလိုက်တယ်၊ အဲဒါမှာ လာဘ်စားတာ၊ လာဘ်ပေးလာဘ်ယူက အဂတိလို့ထင်ကြပါတယ်။ ကျွန်မတို့ ဒီဟာကို ကျွန်မတို့ရဲ့ အစဉ်အလာအရ အဓိပ္ပာယ်ဖော်တာ ပိုပြီးတော့ ပြည့်စုံတယ်၊ ပိုပြီးတော့ ကောင်းမွန်တယ်လို့ ယူဆလို့ အဂတိတရားလေးပါးအပေါ်မှာအခြေခံပြီး စဉ်းစားစေချင်ပါတယ်။ ဥပမာအားဖြင့် တရားသူကြီးတစ်ယောက်က ပိုက်ဆံတစ်ပြားမှ မယူရင်တောင်မှ တစ်ဖက်ကို သူနဲ့ပတ်သက်မှုမကင်းလို့ပဲဖြစ်ဖြစ်၊ သူခင်မင်လို့ပဲဖြစ်ဖြစ် ဦးစားပေးတာတို့ ဒါမှမဟုတ် ပြောင်းပြန် သူ့ကို ဘယ်သူက ပိုက်ဆံထိုးထားတာမဟုတ်ဘူး။ အဲဒီလူရဲ့မျက်နှာကြည့်မရလို့ နှိမ်တာတို့ ဒါမျိုးတွေလုပ်တယ်ဆိုတာလည်း အဂတိလိုက်စားမှုပဲ၊ ဝန်ထမ်းတွေအပေါ်မှာလည်း ဒီအတိုင်းပဲ၊ သာမန်ပြည်သူတွေနှင့် ဆက်ဆံတဲ့နေရာမှာ ပိုက်ဆံပေးသည်ဖြစ်စေ၊ ပိုက်ဆံမပေးသည်ဖြစ်စေ ကိုယ်မျက်နှာသာပေးချင်တဲ့သူကို မျက်နှာသာပေးတယ်။ ကိုယ်နှိမ်ချင်တယ်ဆိုတာလည်း ဒါလည်း အဂတိတစ်ခုပဲလို့ သတိပေးချင်ပါတယ်။

အစိုးရဌာန အဖွဲ့အစည်းတွေအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုအပ်မှာဖြစ်သလို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမယ့် e-Government လုပ်ငန်းစဉ်တွေကို အလေးပေးဖော်ဆောင်ကြဖို့ အရေးကြီးပါတယ်။

အဂတိလိုက်စားမှုကင်းစင်ခြင်းဆိုတာ လုပ်ငန်းတစ်ခုသာမဟုတ်ပါဘူး၊ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။ အစိုးရ၊ ပြည်သူအားလုံး ဝိုင်းဝန်းထူထောင်ရမယ့်၊ နိုင်ငံရဲ့တည်ငြိမ်တိုးတက်မှုကို ခိုင်မြဲစေမယ့် ယဉ်ကျေးမှုဖြစ်ပါတယ်။ အဂတိတရားလေးပါးအပေါ်မှာ အခြေခံတဲ့ ယဉ်ကျေးမှုမျိုးတစ်ခုကို ထူထောင်ဖို့ဟာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ နိုင်ငံအတွက် လိုအပ်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

### အလေးထား ဖြည့်ဆည်းဆောင်ရွက်

တရားဥပဒေစိုးမိုးရေးနဲ့ နိုင်ငံတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးတို့ဟာ ဆက်စပ်လျက်ရှိတဲ့အတွက် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းစဉ်တွေ အောင်မြင်ဖို့အတွက် ပြည်သူတွေကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ပြည်သူအားလုံးအနေနဲ့ မိမိတို့ရဲ့ ဥပဒေရေးရာ အခွင့်အရေးတွေကို သိရှိဖို့လိုသလို အဆိုပါအခွင့်အရေးတွေ ချိုးဖောက်ခံရရင်လည်း တားဆီးကာကွယ်ဖို့အတွက် နားလည်သိရှိဖို့ လိုအပ်ပါတယ်။ မိမိတို့ရဲ့ အခွင့်အရေးများ ရရှိဖို့ကိုသာမက မိမိတို့ရဲ့ တာဝန်တွေကိုလည်း ကျေပွန်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွေရဲ့ လုပ်ငန်းတာဝန်တွေ ထိရောက်အောင်မြင်ဖို့အတွက် လွှတ်တော်က တာဝန်ရှိသူတွေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ အစိုးရဌာနအဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူတွေ၊ ဥပဒေပညာရှင်တွေ၊ ရှေ့နေတွေ၊ အရပ်ဘက်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေ၊ ပြည်တွင်းပြည်ပက သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက အလေးထား ဖြည့်ဆည်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေပေးရင် လုပ်ငန်းများ ပိုမိုအောင်မြင်မှာ ဖြစ်တာကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေကလည်း ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ခွဲတွေကို ကူညီပံ့ပိုးပေးဖို့လိုပါတယ်။

အဖွဲ့ခွဲမှာပါဝင်တဲ့ ဌာနဆိုင်ရာအရာရှိတွေဟာ တရားဥပဒေ စိုးမိုးရေးကဏ္ဍနဲ့ အဓိက သက်ဆိုင်တဲ့ဌာနများမှ တာဝန်ရှိသူများဖြစ်တာကြောင့် ဥပဒေ စည်းမျဉ်းစည်းကမ်းနဲ့အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြဖို့၊ ဌာနစွဲ၊ ပုဂ္ဂိုလ်စွဲတွေ မထားကြဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ အေးချမ်းသာယာစွာ နေထိုင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့နေရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုရရှိရေးဟာ အရေးကြီးဆုံးဖြစ်နေတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒါကိုလည်း စောစောတုန်းက အလေးထားပြီး ပြောခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်မှာ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဟာ ပြည်သူတွေရဲ့ဘဝ အမှန်တကယ် အေးချမ်းသာယာစေဖို့၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်မှန်းဆောင်ရွက်နေကြခြင်းဖြစ်တာကြောင့် ဌာနအဖွဲ့အစည်း အားလုံးက မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့ လိုပါတယ်။

ပြည်သူကတင်ပြမှ၊ တိုင်ကြားမှ ဆောင်ရွက်ပေးတာမျိုးမဟုတ်ဘဲ မိမိတို့လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကို တာဝန်သိသိ ဆောင်ရွက်ဖို့၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များက ညှိနှိုင်းဆောင်ရွက်မှုတွေကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေအားလုံးက အလေးအနက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့နဲ့ ဌာနစွဲ၊ ပုဂ္ဂိုလ်စွဲတွေ မထားဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

ဒီညီလာခံမှာ တက်ရောက်လာကြသူအားလုံးရဲ့ ပွင့်ပွင့်လင်းလင်း အပြုသဘောနဲ့ ဆွေးနွေးအကြံပြုချက်တွေဟာ တရားဥပဒေစိုးမိုးရေး ပိုမိုအားကောင်းခိုင်မာလာစေရေးအတွက် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးကို ထိရောက်စွာဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တွေ၊ နည်းလမ်းတွေ ပေါ်ထွက်လာစေဖို့ များစွာ အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ညီလာခံတက်ရောက်လာကြသူအားလုံး တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှု ခိုင်မာရေးအတွက် ဆောင်ရွက်သင့်တာတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးကြဖို့၊ ဆွေးနွေးပွဲရလဒ်ကတစ်ဆင့် ရှေ့ဆက်မယ့် မဟာဗျူဟာတစ်ရပ် ထွက်ပေါ်လာဖို့၊

- မိမိတို့ရဲ့ အတွေ့အကြုံ၊ အတွေးအမြင်နဲ့ အယူအဆတွေကို မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးအတွက် မျှဝေပေးကြဖို့ - အားလုံးခြုံငုံပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးယဉ်ကျေးမှုခိုင်မာလာစေဖို့အတွက် အားလုံးဝိုင်းဝန်းကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။ ။

❋ *ကျောဖုံးမှ*

အသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆောင်ရွက်ပေးမည်**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုတွေ့ဆုံဆွေးနွေးပွဲသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၅) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဒုတိယသမ္မတအပါအဝင် အဖွဲ့ဝင် (၂၀)ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ (၁၄)ကြိမ်တွေ့ဆုံခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့် အခက်အခဲတင်ပြချက်စုစုပေါင်း ၂၂၅ ချက် ရှိခဲ့ပါကြောင်း၊ အဆိုပါတင်ပြချက်အားလုံးနှင့် ဆိုင်သည့် ပြန်ကြားချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီငါးရပ်တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် ပြန်ကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ဖြေရှင်းပြန်ကြားချက်များအပေါ် အပြည့်အဝ ပြီးပြတ်သည်အထိ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသည့် အသင်းအဖွဲ့ခုနစ်ဖွဲ့၏ တင်ပြချက်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကော်မတီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ထားပြီး ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီငါးရပ်၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Private-Public Dialogue) အနေဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

**အဓိကကျ**

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာမက ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက်ပါ အဓိကကျပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကဏ္ဍဖြစ်သည့်အပြင် ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်သောကဏ္ဍဖြစ်သည့်အားလျော်စွာ အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းများကို လုပ်သာကိုင်သာရှိအောင် ဖြေလျှော့ပေးခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ခြင်း၊ ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေးနှင့် ကုန်စည်ဈေးကွက်ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် ကျွမ်းကျင်မှုနည်းပညာများ ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ လျှပ်စစ်အပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းခြင်းစသည့် လုပ်ငန်းစဉ်များတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၂၈ ဒသမ ၆) ဘီလီယံကျော် ရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ခန့် ပိုမိုကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍမှဆောင်ရွက်မှုသည် အမေရိကန် ဒေါ်လာ (၂၃ ဒသမ ၆) ဘီလီယံကျော် ပါဝင်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ၏ ကုန်သွယ်မှုရာခိုင်နှုန်းသည် ၈၃ ရာခိုင်နှုန်းဖြစ်သဖြင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အရေးပါသည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့နိုင်မှုအခြေအနေကို ကြည့်မည်ဆိုလျှင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ဆန်တန်ချိန် (၃ ဒသမ ၁၃) သန်းအထိ တင်ပို့နိုင်ခဲ့သည့်အတွက် ယခုနှစ်ဆန်တင်ပို့နိုင်မှုသည် နှစ်ပေါင်း ၇၀ အတွင်း အမြင့်ဆုံးစံချိန်အဖြစ်တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်တွင် နေရာတစ်နေရာ ပြန်လည်ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော တောင်သူလယ်သမားများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများကို အသိအမှတ်ပြုပါကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ ဆန်တင်ပို့မှုစံချိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအား လုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူမှုရှိ၊ မရှိကို ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အဆင့်တိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် ညွှန်းကိန်းတစ်ခုချင်းအလိုက် ဆောင်ရွက်မည့် အဖွဲ့ ၁၀ ဖွဲ့အား ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လာမည့်နှစ်တွင် အဆင့်တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက် သွားကြစေလိုပါကြောင်း။

**တိုးတက်အောင်ဆောင်ရွက်**

နိုင်ငံ၏ သဘာဝအရင်းအမြစ်ကြွယ်ဝမှု၊ တည်နေရာ မဟာဗျူဟာကျမှု၊ လူသားအရင်းအမြစ်ပေါကြွယ်မှုစသည့် ရှိပြီးသားအခွင့်အလမ်းတွေကို ဒေသတွင်းနှင့် နိုင်ငံတကာစံနှုန်းမီ စီးပွားရေးဆိုင်ရာ ဥပဒေများဖြင့် ပေါင်းစပ်ပြီး စီးပွားရေးလက်တွေ့လုပ်ကိုင်ရာမှာ ပွင့်လင်းမြင်သာပြီး လွယ်ကူချောမွေ့စေမည့် လုပ်ငန်းစဉ်တွေနဲ့အတူ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခု ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းအကောင် အထည်ဖော်နိုင်မည်ဆိုလျှင် နိုင်ငံစီးပွားရေးကို အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသည့်အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြသွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်သွားမည့်အခြေအနေ၊ တိုင်းဒေသကြီးအတွင်း စက်သုံးဆီဆိုင်များ ဖွင့်လှစ်ရောင်းချမှု အခြေအနေ၊ ငါးလုပ်ငန်းကဏ္ဍနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စင်ကာပူတပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် သီးခြားစီ တွေ့ဆုံ

**နေပြည်တော် မတ် ၇**

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၁၅) ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (15th ACDFIM) တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် စင်ကာပူ တပ်မတော် Paya Lebar Airbase သို့ရောက်ရှိရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဋ္ဌေးအောင်၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့် စင်ကာပူတပ်မတော်မှ အရာရှိကြီးများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များနှင့် The Fullerton ဟိုတယ်၌ နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များနှင့် The Fullerton ဟိုတယ်၌ နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဖိလစ်ပိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Rey Leonardo B Guerrero ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ဘရူနိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Pengiran Dato Paduka Aminan bin Pengiran Haji Mahmud ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားအမျိုးသားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Air Chief Marshal Hadi Tjahjanto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲများတွင် တပ်မတော်နှစ်ရပ်ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် အပြန်အလှန်လည်ပတ်ရေး၊ တန်ပြန်အကြမ်းဖက်မှု နှိမ်နင်းရေးများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ ပညာရပ်များ အပြန်အလှန်ဖလှယ်ရေးနှင့် သင်တန်းသားများ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# Wave Money စနစ်အား အသုံးပြု၍ ငွေရေးကြေးရေးဆိုင်ရာဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော် မတ် ၇**

ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်သည် Digital Money Myanmar Ltd (Wave Money)မှ Mr. Brad Jones ဦးဆောင်သောအဖွဲ့အား ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ အဆောင်အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Wave Money စနစ်အား အသုံးပြု၍ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်နေမှုများ၊ ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# MNL ပွဲကျန်တွင် ရောဝတီအသင်းဂိုးပြတ်နိုင်

**ရန်ကုန် မတ် ၇**

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ပွဲကျန်ဖြစ်သည့် ရောဝတီနှင့် မြဝတီပွဲကို ယနေ့ညနေပိုင်းက ပုသိမ်ကွင်း၌ ကျင်းပရာ ရောဝတီအသင်းက လေးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။

ယခုရာသီတွင် ရှုံးကန်နေရသည့် ရောဝတီအသင်းသည် ရှုံးပွဲဆက်နေ မှုအား အဆုံးသတ်နိုင်ခဲ့ပြီး နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။ ရောဝတီအသင်းသည် ယခုရာသီတွင် ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့ပြီး အိမ်ကွင်း၌ ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ဂိုးပြတ်ရှုံးပွဲကြောင့် ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး မြဝတီ အသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ပထမ ပိုင်းမှာပင် နှစ်ဂိုးပေးလိုက်ရသောကြောင့် ရုန်းကန်ခဲ့ရသည်။ ၁၅ မိနစ်တွင် ရောဝတီအသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူး အယ်လာပက်ထရစ်က သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရောဝတီအသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပထမ ပိုင်းပြီးခါနီးတွင် ရန်နိုင်စိုးက ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြဝတီအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ၅၄ မိနစ်တွင် ကောင်းစည်သူက ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ရောဝတီအသင်းသည် ချေပဂိုးတစ်ဂိုးပြန်ပေးခဲ့ရသော်လည်း လေးမိနစ်အကြာတွင် အယ်လာပက်ထရစ်က တတိယဂိုးသွင်းယူ နိုင်ခဲ့သောကြောင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး စတုတ္ထအနိုင်ဂိုးကို ၆၇ မိနစ်တွင် အေးကိုကိုမောင်က သွင်းယူပေးခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲအနိုင် ရလဒ်ကြောင့် အဆင့်ကိုးနေရာမှ အဆင့်ရှစ်နေရာသို့ ရောက်ရှိလာခဲ့သည်။

**ရဲရင့်ရှိုင်း**

# ခုတင် ၂၀၀ ဆံ့မှ ၅၀၀ ဆံ့သို့ တိုးမြှင့်မည်ဆိုလျှင် ခုတင်အသုံးပြုနှုန်း ၁၅၀ ရှိရန်လို

နေပြည်တော် မတ် ၇

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ(အောက်ပုံ) ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု ပြင်ဆင်ချက်အဆို ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**




ယနေ့ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

နမ့်စန် မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး၏ **နမ့်စန်မြို့နယ် ဘောလုံးကွင်းအနီးတွင် အားကစားရုံ တည်ဆောက်ရန်နှင့် ကြက်ခြေနီရုံး တည်ဆောက်ရန် မြေနေရာအတွက် ဝန်ကြီးဌာန အချင်းချင်း ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နမ့်စန်မြို့နယ် ဘောလုံးကွင်းနှင့်အနီးအနားရှိ စက်မှုသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်မြေလွတ်ဧရိယာ၌ အားကစားရုံ တည်ဆောက်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများက တည်ဆောက်မည့်မြေနေရာအား ကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့ပါကြောင်း၊ အဆိုပါမြေနေရာအား နမ့်စန်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနသို့ မြေနေရာစွန့်လွှတ်ပေးနိုင်ခြင်း မရှိသည်ကို အကြောင်းပြန်ခဲ့ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းမိသားစုများအား နေထိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင်အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသော အိမ်ရာကြီးကြပ်ရေးကော်မတီမှ အသိအမှတ်ပြုနေထိုင်ခွင့်ကို တရားဝင်ပေးထားပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ အဆိုပါမြေအား လွှဲပြောင်းပေးရေးကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း အကြောင်းပြန်ပါကြောင်း၊ မိမိအနေဖြင့် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းမည်ဖြစ်ကြောင်း၊ ကျန်းမာရေးပိုင် မြေဧရိယာ ရှိ၊ မရှိကို ပြန်လည်စစ်ဆေးပြီးရှိပါက ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

### ရှင်းလင်းဖြေကြား

လောက်ကိုင် မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ) ဦးအောင်ရွှေ၏ **လောက်ကိုင်မြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ အပြည့်အဝခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ရှိ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ၂၀၁၇ ခုနှစ် တစ်နှစ်လုံးတွင် စုစုပေါင်း လူနာ ၁၆၈၇ ဦးရှိပါကြောင်း၊ မွေးဖွားသူ ၁၃၈ ဦး၊ အတွင်းလူနာမှာလည်း တစ်နေ့တွင် ၁၆ ဦးသာ ရှိပါကြောင်း၊ ဝန်ထမ်းအင်အားအနေဖြင့် ဆရာဝန်နှစ်ဦး၊ သွားဆရာဝန်တစ်ဦး၊ သူနာပြု ၁၆ ဦး၊ အခြားဝန်ထမ်း ၂၃ ဦး စုစုပေါင်း ၄၂ ဦးဖြင့် ဆောင်ရွက်နေပါကြောင်း၊ ကလေးအထူးကုလက်ထောက်ဆရာဝန်တစ်ဦးကို တာဝန်ချထားပါကြောင်း၊ မတ်လ ဒုတိယအပတ်တွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ သားဖွားတစ်ဦးနှင့် ဆေးပညာတစ်ဦးကို အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ထားဝယ်ပြည်သူ့ဆေးရုံကြီးကို လက်ရှိ ခုတင် ၂၀၀ အဆင့်မှ ခုတင် ၅၀၀ အဆင့်ရှိ ဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ခုတင် ၂၀၀ ဆံ့မှ ၅၀၀ ဆံ့သို့ အဆင့်တိုးမြှင့်မည်ဆိုလျှင် ခုတင်အသုံးပြုနှုန်း ခုတင် ၁၅၀ ရှိရန် လိုပါကြောင်း၊ တစ်နေ့ပျမ်းမျှအတွင်း လူနာ ၃၀၀ နီးပါးရှိကြောင်း၊ ပြင်ပလူနာနည်းပါကြောင်း၊ ယင်းဆေးရုံတွင် အထူးကုဆရာဝန် ၂၂ ဦး၊ လက်ထောက်ဆရာဝန် ၃၉ ဦး၊ သူနာပြု ၁၉၀၊ ကျွမ်းကျင်ဝန်ထမ်း ၃၅ ဦး၊ အခြားဝန်ထမ်း ၆၉ ဦး စုစုပေါင်း ၃၅၅ ဦးရှိပါကြောင်း၊ ရှိသင့်သည့်ဝန်ထမ်းမှာ ၅၉၄ ဦးဖြစ်သောကြောင့် ၆၀ ရာခိုင်နှုန်းဖြင့် အလုပ်လုပ်နေပါကြောင်း၊ အထွေထွေရောဂါကု စပါယ်ရှယ်လစ် ၁၃ မျိုးရှိပါကြောင်း၊ ခုတင် ၅၀၀ ဆံ့ ဆိုလျှင် ၂၈ မျိုးပေးရမည် ဖြစ်သောကြောင့် လောလောဆယ်မပေးနိုင်သေးပါကြောင်း၊ ခုတင်ပြည့်ကျပ်မှုမှာ ငါးထပ်ဆေးရုံကြီး တည်ဆောက်ပြီးလျှင် အဆင်ပြေမည်ဖြစ်ပါကြောင်း၊ ရောဂါအဖြစ်ဆုံး လူနာများရှိလျှင် ဆရာဝန်ခန့်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဖဲလ်နှင့် ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

### တင်သွင်း

ထို့နောက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီဝင်နှင့် လွှတ်တော်ကိုယ်စားလှယ်တို့က တင်သွင်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီက တင်သွင်းကြသည်။

### လွှတ်တော်၏အဆုံးအဖြတ်ရယူ

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ် တင်သွင်းသည့် **ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နိုးနွယ်သည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးကြသည်။

### အဆိုအားထောက်ခံ

ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ဘေးကင်းလုံခြုံသော ကျန်းမာရေးနှင့် ညီညွတ်သည့် ကျောင်းပတ်ဝန်းကျင်ရှိရေးအတွက် ကျောင်းမုန့်ဈေးတန်းတွင် အန္တရာယ်ကင်းသည့် စားသောက်ကုန်များ ရောင်းချစေရန်ဆိုလျှင် ဈေးကွက်အတွင်း ကျန်းမာရေးနှင့် မညီညွတ်သော အန္တရာယ်ရှိ စားသောက်ကုန်များ မဝင်ရောက်ရေး ကြိုးပမ်းနိုင်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူ အရေအတွက်နှင့် လုံလောက်သော သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ အိမ်သာ လုံလောက်မှုရှိရေး၊ လက်ဆေးရန်ရေ၊ ဆပ်ပြာ လုံလောက်စွာ ထားရှိနိုင်ရေး၊ ကျောင်းသန့်ရှင်းရေးအတွက် စနစ်တကျ ပြင်ဆင်ရေးများသည် အရေးကြီးလှပါကြောင်း၊ ကျောင်းဆောင်များ ဆောက်လုပ်စဉ်ကတည်းက ကျောင်းသားအရေအတွက်နှင့် လုံလောက်သည့် သန့်စင်ခန်း၊ လက်ဆေးရန်နေရာနှင့် ရေရရှိရန် တစ်ပါတည်း ထည့်သွင်းစီစဉ်ရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေး၊ ကျောင်းအနီးဝန်းကျင်တွင် အရက်၊ ဘီယာ၊ မူးယစ်ဆေးများ လွယ်လင့်တကူ ရရှိနိုင်သည့် နေရာမဖြစ်ရေး စသည့်ဘေးကင်းလုံခြုံသော ကျန်းမာရေးနှင့် ညီညွတ်သည့် ကျောင်းပတ်ဝန်းကျင်အတွက်ပါ ထည့်သွင်းစဉ်းစား စီစဉ်ကြပ်မတ်ပေးရန်လည်း မေတ္တာရပ်ခံပါကြောင်း၊ ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်သင့်နေပြီဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

### ထုတ်ပြန်ခဲ့

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ထင်လင်းဦးက ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများ တိုးတက်ကောင်းမွန်လာပြီး ကျောင်းတက်နှုန်းနှင့် ကျောင်းပြီးဆုံးမှုနှုန်းများ သိသာစွာ မြင့်တက်လာကြောင်းကို သုတေသနစာတမ်းများစွာတွင် ဖော်ပြသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကျောင်းကျန်းမာရေးကို ဆောင်ရွက်ရာတွင် ပိုမိုအောင်မြင်စေရန်အတွက် WHO, UNICEF, UNESCO နှင့် World Bank တို့က ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည့် Focusing Resources on Effective School Health (FRESH) ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၂၀၀၀ ပြည့်နှစ်က ဒါကာတွင် ကျင်းပခဲ့သည့် Education For All (EFA) Conference က ထုတ်ပြန်ခဲ့ပါကြောင်း။ မိမိတို့နိုင်ငံ၏ အခြေခံပညာ ကျောင်းသားဦးရေသည် ကိုးသန်းကျော်ခန့်ရှိကြောင်း၊ ယင်းပမာဏအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၁၈)ကို ထိရောက်အောင်မြင်စေမည်ဖြစ်ပြီး ကျောင်းကျန်းမာရေးမှတစ်ဆင့် ဘဝတစ်သက်တာလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အရေးကြီးသော တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအလေ့အကျင့်ကောင်းများကို ဆက်လက်တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ခနောင်ဖြူ မဲဆန္ဒနယ်မှ ဦးတင်လှ၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ သထုံ မဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမြင့်သိန်း၊ မင်းလှ မဲဆန္ဒနယ်မှ ဒေါက်တာ ဦးသန်းအောင်စိုး၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ကျိုက်မရော မဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး မိုးမြင့်အောင်၊ ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ပြုံး၊ ရေကြည် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးစံရွှေဝင်းနှင့် ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်တို့က ဆွေးနွေးကြသည်။

### ပူးပေါင်းဆောင်ရွက်မည်

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဦးစားပေးလုပ်ငန်း တာဝန်အဖြစ် သုံးခုထုတ်ထားပါကြောင်း၊ ပြည်သူများ ကျန်းမာရေးအသိပညာမြှင့်တင်ရေး၊ ကျောင်းကျန်းမာရေး၊ သားဖွားသူနာပြုဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ကျောင်းပေါင်း ၄၅၀၀၀ တွင် ၄၄၀၀၀ ခန့်ကို ကျန်းမာရေးစစ်ဆေးမှုပြီးပါကြောင်း၊ ယင်းလုံးအိမ်သာကိုလည်း ၈၈ ရာခိုင်နှုန်း ဆောက်ပေးပါကြောင်း၊ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို ၆၇ ရာခိုင်နှုန်း လုပ်ပေးပါကြောင်း၊ ကျောင်းကျန်းမာရေးသင်တန်းများကို ၃၀ ရာခိုင်နှုန်း လုပ်ပေးပါကြောင်း၊ ကျောင်းသားပေါင်း ၈ ဒသမ ၇ မီလီယံရှိပါကြောင်း၊ ကျောင်းပေါင်း ၄၆၀၀၀ ခန့်ရှိပါကြောင်း၊ နိုင်ငံ၏ ၁၇ ရာခိုင်နှုန်းသော လူဦးရေသည် ကျောင်းများတွင် ရှိပါကြောင်း၊ ရှိသောလူဦးရေသည် အစုလိုက်ရှိသောကြောင့် ယင်းနေရာတွင် တစ်ခုခုပြုလုပ်လျှင် မိမိတို့ နိုင်ငံအတွက် ထိရောက်မည်ဖြစ်ကြောင်း၊ ကျောင်းကျန်းမာရေးသည် ကျန်းမာသော အမူအကျင့်များကို ပြုလုပ်ပေးပါကြောင်း၊ ယင်းအဆိုကို အတည်ပြုမည်ဖြစ်ပါကြောင်း၊ အတည်ပြုမှုသာလျှင် လိုအပ်သည့် ဘတ်ဂျက်ရမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်ရလျှင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို မတ် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

## ပြန်ကြားရေးဝန်ကြီးဌာနတွင်းရှိ သုတေသနဌာနကို လေ့ကျင့်ကူညီပေးရေးနှင့် စီးပွားရေးရာစာအုပ်ထုတ်ဝေနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား ဂျာမနီနိုင်ငံအခြေစိုက် Konrad Adenauer Stiftung (KAS) မြန်မာဌာနေကိုယ်စားလှယ် Dr.Norbert Eschborn သည် ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ လာရောက်၍ တွေ့ဆုံအကြံဉာဏ်ပေးရေး၊ Transition Forum ထပ်မံကျင်းပနိုင်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနတွင်းရှိ သုတေသနဌာနကို လေ့ကျင့်ကူညီပေးရေးနှင့် စီးပွားရေးရာစာအုပ်ထုတ်ဝေနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြု

**နေပြည်တော် မတ် ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၅ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




**အသစ်ဖြည့်စွက်သင့်သည်ကိုလေ့လာတွေ့ရှိ**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်အုန်းကြည်က ဖတ်ကြားရှင်းလင်းရာတွင် ဥပဒေကြမ်းကော်မတီအနေဖြင့် အဆိုပါ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရောထွေးမှု မရှိစေရန်အတွက် ဥပဒေကြမ်း ခေါင်းစဉ်နှင့် ဥပဒေကြမ်းတစ်ခုလုံးတွင် ပါရှိသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုသည့် စကားရပ်ကို လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် ပုဒ်မ ၂ ၏အောက်တွင် အခန်း(၂) ရည်ရွယ်ချက်များ အခန်းအဖြစ် လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို စနစ်တကျ ပြုလုပ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် သုံးစွဲခြင်းတို့ ပြုနိုင်ရန်၊ ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများ အသုံးပြုသည့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိစေရန်၊ လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ပြုလုပ်သုံးစွဲမှုများကို စနစ်တကျကြီးကြပ်နိုင်ရန်တို့ကို အသစ်ဖြည့်စွက်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

**အတည်ပြုဆောင်ရွက်**

သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီသည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏ်စိုး တင်သွင်းသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဥပဒေကြမ်းအားဆွေးနွေး**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက ဖြည့်စွက်လိုသည့် ပုဒ်မ ၁၈ နှင့်ပတ်သက်၍ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအတိုင်း ငြိမ်းချမ်းစွာစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းပြုသည့်သူများကို ပုဒ်မ-၁၀၊ ပုဒ်မခွဲ (ဈ) ကဲ့သို့ သတ်မှတ်ထားသည့် စည်းကမ်းချက်များ ဖောက်ဖျက်ပါက အရေးယူဆောင်ရွက်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ အမြင့်ဆုံးနှင့် အများဆုံး ထောင်ဒဏ်တစ်နှစ်နှင့် ငွေဒဏ် ကျပ်တစ်သိန်းသာ ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်အတိုင်း စုဝေးစီတန်းလှည့်လည်ခြင်းပြုသည့်သူများကို လှုံ့ဆော်၊ သွေးဆောင်ဖြားယောင်း တိုက်တွန်းသူများကို သုံးနှစ်နှင့် သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု အတိုင်းအဆပမာဏကို လိုသလိုချမှတ်နိုင်သည့် ပြဋ္ဌာန်းချက်မျိုး မဖြည့်စွက်သင့်ဟု ဆွေးနွေးလိုပါကြောင်း၊ ယခုအဆိုပြု တင်သွင်းလာသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်မပြုသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်းက အဆိုပြုပြဋ္ဌာန်းချက် ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၃တွင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ) အနေဖြင့် မူလဥပဒေတွင် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်း ပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေကိုသာ ဖော်ပြရန် ပြဋ္ဌာန်းထားပြီး ယခုပြင်ဆင်သည့် ဥပဒေကြမ်းတွင် ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဖော်ပြရန် ဖြည့်စွက်ထားသည်ကို တွေ့ရပါကြောင်း။

ထိုသို့ ဖြည့်စွက်ပြဋ္ဌာန်းထားခြင်းသည် ဥပဒေကိုလိုက်နာမည့် နိုင်ငံသားများအပေါ် မည်သို့မှ အကျိုးထူးရရှိမှု မရှိဟု ထင်မြင်ယူဆရပါကြောင်း၊ မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကပင် ကုန်ကျခံသည်ဖြစ်စေ၊ အဓိကမှာ ပြည်သူ့ဆန္ဒထုတ်ဖော်လိုမှုအတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုမှုကသာ အရေးပါပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်း မပြုဘဲ မူလဥပဒေအတိုင်းသာ ထားရှိသင့်ပါကြောင်း။

**ဖော်ပြထား**

ဥပဒေကြမ်းတွင် အသစ်ဖြည့်စွက်ပြဋ္ဌာန်းမည့် ပုဒ်မ ၁၈ ၌ မည်သူမဆို ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထောင်ဒဏ် သုံးနှစ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက် ပုဒ်မ ၁၈ အရ ပြစ်မှုကျူးလွန်ပါက ကုန်ကျခံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုပါ အရေးယူမည့် အခြေအနေဖြစ်ပြီး လျင်မြန်စွာ တုံ့ပြန်အရေးယူနိုင်ရန်အတွက် ကြိုတင်စီစဉ်ထားသည့် သဘောသက်ရောက်နေပါကြောင်း၊ သို့ပါ၍ ခန့်မှန်းကုန်ကျစရိတ်နှင့် ကုန်ကျခံမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းဆိုသည့် စကားရပ်အား အစားထိုး ပြင်ဆင်ပြဋ္ဌာန်းခြင်း မပြုသင့်ပါကြောင်း။

အသစ်ဖြည့်စွက်ပြဋ္ဌာန်းမည့် ပုဒ်မ ၁၈ မှာ ထောင်သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်ဖြစ်ရာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(စ) ဇယား ၂ အခြားဥပဒေများ၊ ပြဋ္ဌာန်းချက်များအရ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုသာဖြစ်ပါကြောင်း၊ သို့ပါ၍ ယခုပြင်ဆင်အစားထိုးမည့် ပုဒ်မ ၂၃ ကို ပြင်ဆင်အစားထိုးခြင်း မပြုဘဲ မူလဥပဒေပုဒ်မ ၂၂ ပါ ဤဥပဒေအရ အရေးယူသော ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်ဆိုသည့် ပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်လင်းဦး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းတို့က ဆက်လက် ဆွေးနွေးကြသည်။

**သဘောထားမှတ်ချက်ပြုခဲ့**

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင်က ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ဥပဒေကြမ်းကော်မတီအနေဖြင့် ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန် သင့်၊ မသင့် လေ့လာ စိစစ်ခဲ့ရာတွင် ဤပြင်ဆင်သည့် ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း မရှိစေရန် အခြေခံ၍ ရေးဆွဲတင်ပြခဲ့ခြင်း ဖြစ်ပါကြောင်း၊ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာကိုသော်လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုကိုသော်လည်းကောင်း အသုံးပြု၍ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားတို့ကို ပျက်ပြားစေရန် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် တိုက်တွန်းခြင်းစသည့် နှောင့်ယှက်ဖျက်ဆီးမည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို အရေးယူဆောင်ရွက်နိုင်ရန် ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည့်အတွက် ဥပဒေကြမ်းကော်မတီဝင် အများစုက အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့ကြပါကြောင်း၊ သို့ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေးနှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့က ဤ ဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်း တင်ပြခဲ့ပါကြောင်း။

**လွှတ်တော်ကိုယ်စားလှယ်များညှိနှိုင်းခဲ့**

ဥပဒေကြမ်းကော်မတီနှင့် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းခဲ့ရာတွင် ဦးခင်မောင်လတ်၊ ဦးကျော်ကျော်ဝင်း၊ ဦးစိုးသိန်း၊ ဥပဒေကြမ်း ကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေးနှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့က ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်း ဆက်လက်တင်ပြခဲ့ကြပြီး ကျန်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီဝင်များက ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်ပြုခဲ့ကြပါကြောင်း။

ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်အနေဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ ဦးကျော်ကျော်ဝင်း၊ ဦးစိုးသိန်းနှင့် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်၊ ဒေါ်နန်းနီနီအေးနှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့၏ အဆိုပါဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ကြောင်းတင်ပြချက်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း၊ ဦးစိုင်းသန်းနိုင်၊ ဒုတိယဗိုလ်မှူးကြီး တင်လင်းဦးတို့၏ တင်ပြချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုဆောင်ရွက်သင့်ပါကြောင်း တင်ပြသည်။

**ဆက်လက်ဆောင်ရွက်သွားမည်**

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောမတူသူရှိသည့်အတွက် ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် သင့်၊ မသင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၁၃ မဲ၊ ကန့်ကွက်မဲ ၇၈ မဲ၊ ကြားနေမဲ မရှိဖြစ်၍ ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ဆက်လက်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏ်စိုးက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျင်ငိုက်မန်က ထောက်ခံသည်။

**အတည်ဖြစ်ကြောင်းကြေညာ**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆ ရက် မြောက်နေ့ကို မတ် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သောအဖွဲ့သည် မတ် ၆ ရက်တွင် ဗီယက်နမ်နိုင်ငံရှိ State Bank သို့ သွားရောက်လေ့လာစဉ်။**

သတင်းစဉ်

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ရိုက်ကူးပြီး ၂၀၂၀ နှစ်ဦးပိုင်းတွင် ရုံတင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၇**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ဇာတ်ညွှန်းရေးသားပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ရိုက်ကူးကာ ၂၀၂၀ နှစ်ဦးပိုင်းတွင် ရုံတင်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပြောကြားလိုက်သည်။

ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ၎င်းက ထိုသို့ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေနှင့် ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးက ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ Film Production Organization Chart ဆောင်ရွက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

ဆက်လက်၍ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများကလည်း ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရာတွင် သမိုင်းအထောက်အထားလွဲမှားမှု မရှိစေရေးအတွက် ဗိုလ်ချုပ်အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများနှင့် ထိုခေတ်အခါက မှတ်တမ်းအထောက်အထားကိစ္စရပ်များ အပါအဝင် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ရီရီမြင့်**

# ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဗြိတိန်လွှတ်တော်အမတ်များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးရာကောင်စီအစည်းအဝေး၌ ဆုံးဖြတ်ခဲ့သော မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

နေပြည်တော် မတ် ၇

**ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဗြိတိန်လွှတ်တော်အမတ်များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာကောင်စီ အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သော မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို မတ် ၆ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

အဆိုပါထုတ်ပြန်ချက်တွင် ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများပါဝင်သော ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာကောင်စီအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့ပြီး ၎င်းအစည်းအဝေးမှ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက် (Conclusion) အနေဖြင့် ဘင်္ဂါလီဒုက္ခသည်များအား ဆက်လက်အကူအညီပေးရေး၊ မီဒီယာများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ Fact- Finding Mission အား လွတ်လပ်ခွင့်ပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာတင်သွင်းသူနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး(ICC)၏ အခွင့်အာဏာဖြင့် ဆုံးဖြတ်ဆောင်ရွက်မှုကို လက်ခံနိုင်ရေး၊ မြန်မာနိုင်ငံနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို အနိမ့်ဆုံးသို့ လျှော့ချသွားရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တာဝန်ရှိသော မြန်မာ့တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများအား ဦးတည်၍ ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ရန်အဆိုပြုလွှာ အမြန်ဆုံးတင်သွင်းရေး ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရကြောင်း။

### ထည့်သွင်းဆွေးနွေးရန်

ထိုကဲ့သို့ ဥရောပသမဂ္ဂနိုင်ငံခြားရေးကောင်စီအစည်းအဝေး၌ ၎င်းဆုံးဖြတ်ချက်မျိုး ထွက်လာစေရန်အတွက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် ရက်စွဲဖြင့် ဗြိတိန်အောက်လွှတ်တော်အမတ် Rushanara Ali ဦးဆောင်၍ အောက်လွှတ်တော် အမတ် ၁၀၂ ဦးတို့က မြန်မာ့တပ်မတော် ခေါင်းဆောင်များအား ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်စဉ်နှင့်ပတ်သက်၍ ထပ်မံဖိအားပေး၊ နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC)သို့ လွှဲပြောင်းပေးရန် တိုက်တွန်းကြောင်း စာတစ်စောင်အား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Boris Johnson ထံသို့ ပေးပို့ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြုလုပ်မည့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးကောင်စီ အစည်းအဝေး၌ ထည့်သွင်းဆွေးနွေးရန် တောင်းဆိုခဲ့ကြောင်း။

ယင်းစာထဲ၌ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြန်မာစစ်ဘက်က ရိုဟင်ဂျာ အရပ်သားများအား ထိုးစစ်ဆင်မှုကြောင့် ဒုက္ခသည် ၆၈၈၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ရကြောင်း၊ ထိုကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိလာသော ဒုက္ခသည် တစ်သန်းကျော်ရှိသည်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်းမှ အပတ်စဉ် ထောင်ပေါင်းများစွာ ထွက်ပြေးနေကြဆဲဖြစ်ကြောင်း၊ ၎င်းတို့၏ ပိုင်ဆိုင်မှုများဖျက်ဆီးခံရခြင်း၊ အကြမ်းဖက်ခြိမ်းခြောက်ခံရခြင်း၊ ၎င်းတို့နေအိမ်များတွင် နေထိုင်၍မရအောင်ဖိနှိပ်ခြင်း စသည့်သတင်းများ ထွက်ပေါ်နေသည်ဟု စွပ်စွဲဖော်ပြထားကြောင်း။

### စွပ်စွဲဖော်ပြထား

ထို့အပြင် ၂၀၁၇ ခုနှစ်က တစ်လအတွင်း ကလေးသူငယ် ၇၃၀ အပါအဝင် ၇၀၀၀ နီးပါး သတ်ဖြတ်ခံရကြောင်း Medecins Sans Frontieres အဖွဲ့က ဖော်ပြသည့်အပြင် ၎င်းတို့ခန့်မှန်းသည်ထက်ပင် အရေအတွက် ပိုမိုများပြားနိုင်ကြောင်း၊ စစ်ဘက်နှင့်လုံခြုံရေးတပ်ဖွဲ့များ၊ စစ်ဘက်က ထောက်ကူပေးသောလူအုပ်များနှင့် ပြည်သူ့စစ်များက အမျိုးသမီးထောင်ပေါင်းများစွာအား အဓမ္မပြုကျင့်ခဲ့သည်ဟုလည်း စွပ်စွဲဖော်ပြထားကြောင်း။

တပ်မတော်ကို ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် မြန်မာအစိုးရသည် ဒုက္ခသည်များ ဘေးကင်းစွာ ပြန်လာရေးအတွက် အာမခံချက်ပေးရန် နည်းလမ်းမရှိနိုင်ကြောင်း၊ အစိုးရသက်တမ်း နှစ်နှစ်နီးပါး ကြာမြင့်ပြီဖြစ်သော်လည်း ကော်မတီများစွာ ဖွဲ့စည်းနေခြင်းမှတစ်ပါး မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ၏ အရပ်ဘက်လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုတိုးတက်အောင် လက်တွေ့ဆောင်ရွက်ပေးနိုင်ခြင်း မရှိဟုလည်း စွပ်စွဲထားကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံအတွင်း တိုင်းရင်းသားအုပ်စုများနှင့်ပဋိပက္ခကိုကြီးထွားအောင်သာ စိတ်လိုက်မာန်ပါဆောင်ရွက်နေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ခြိမ်းခြောက်နှောင့်ယှက်နေကြောင်း၊ ယင်းပဋိပက္ခများတွင် အရပ်သားများ သေကျေဒဏ်ရာရစေအောင် နှစ်များစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဂျက်တိုက်လေယာဉ်များ အသုံးပြုမှုကို တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရ၏ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို စစ်ဘက်ကခန့်အပ်သော ဝန်ကြီးဌာနများက ဆိုးရွားစွာ နှောင့်ယှက်ဖျက်ဆီးနေသည်ဟုလည်း ရေးသားဖော်ပြထားကြောင်း။

ထိုစာတွင် ရိုဟင်ဂျာ(Rohingya)ဆိုသော မြန်မာပြည်သူလူထုအားလုံးက လက်မခံသည့် အသုံးအနှုန်းအား တောက်လျှောက်သုံးနှုန်းထားကြောင်း၊ ၎င်းကဲ့သို့ စွပ်စွဲချက်များသည် ရခိုင်ပဋိပက္ခ စတင်ချိန်ကပင် အစဉ်တစိုက်စွပ်စွဲလာသည့် စွပ်စွဲချက်များဖြစ်ပါကြောင်း၊ စွပ်စွဲချက်တစ်ခုချင်းအလိုက် မဟုတ်မမှန်ကြောင်းကိုလည်း နိုင်ငံတော်အစိုးရ၏ ရခိုင်ပဋိပက္ခနှင့်သက်ဆိုင်သော သတင်းစာရှင်းလင်းပွဲ၊ ထုတ်ပြန်ချက်တို့၌ ဖော်ပြထားပြီးဖြစ်သည့်အပြင် ရခိုင်ပဋိပက္ခနှင့်ပတ်သက်၍ ဖြစ်စဉ်မှန်များအား တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ၁၀ ကြိမ် ထုတ်ပြန်ခဲ့ပါကြောင်း။

### အစပျိုးလုပ်ဆောင်

စင်စစ် ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသ၌ ၂၀၁၀ ပြည့်နှစ် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းပြီး ကာလနောက်ပိုင်း၌ ဖြစ်ပွားခဲ့သော ၂၀၁၂ ခုနှစ် ပဋိပက္ခ၊ ၂၀၁၆-၂၀၁၇ ပဋိပက္ခများသည် ဒေသခံတိုင်းရင်းသားများကသော်လည်းကောင်း၊ တပ်မတော်အပါအဝင် လုံခြုံရေးအဖွဲ့အစည်းများကသော်လည်းကောင်း အစပျိုးခဲ့သော ပဋိပက္ခများမဟုတ်ဘဲ ၎င်းနယ်မြေအတွင်း ခေတ်အဆက်ဆက် တရားမဝင် ဝင်ရောက်နေထိုင်ခဲ့သူတို့က အစပျိုးလုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် နှင့် ၂၀၁၆-၂၀၁၇ ခုနှစ် ပဋိပက္ခဖြစ်ပွားစဉ်ကာလအတွင်း၌ တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သားကိုးဦး၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ၂၁ ဦး စုစုပေါင်း ၃၀၊ ဒေသခံတိုင်းရင်းသား ၂၁ ဦး၊ ဟိန္ဒူဘာသာဝင် ၅၂ ဦး၊ အစ္စလာမ်ဘာသာဝင် ၅၁ ဦး စုစုပေါင်း ၁၂၄ ဦး အသက်ဆုံးရှုံးရမှု၊ ဒေသခံတိုင်းရင်းသားများအပါအဝင် ၎င်းဒေသရှိ ဟိန္ဒူဘာသာဝင်များ နေရပ်စွန့်ခွာထွက်ပြေးသဖြင့် အိုးမဲ့၊ အိမ်မဲ့ဖြစ်မှုများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့မှ သတင်းထုတ်ပြန်ခဲ့ပါကြောင်း။

ဤကဲ့သို့အကြမ်းဖက်လုပ်ရပ်များအား ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့က လုပ်ကိုင်ခြင်းဖြစ်သည်ကို ၎င်းတို့ကိုယ်တိုင်ဝန်ခံခဲ့ပြီးဖြစ်ပါကြောင်း၊ ARSA အဖွဲ့အနေဖြင့် ဘူးသီးတောင်-မောင်တောဒေသရှိ ၎င်းတို့နှင့် မျိုးနွယ်တူ၊ ဘာသာတူများကို အကြမ်းဖက်သတ်ဖြတ်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့်လည်း နိုင်ငံတကာသံတမန်များ၊ ပြည်တွင်းသတင်းထောက်များ၊ နိုင်ငံတကာသတင်းထောက်များအား ဖြစ်စဉ်မှန်များ သိရှိစုံမိနိုင်စေရေး ပဋိပက္ခဖြစ်ပွားရာဒေသများသို့ သတင်းရယူရေးခရီးစဉ်များ စီစဉ်စေလွှတ်ခဲ့ပါကြောင်း၊ သို့သော် ဤစာတွင်မူ အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား မျက်ကွယ်ပြု၍ လုံးဝထည့်သွင်းဖော်ပြခြင်းမရှိဘဲ တရားဥပဒေနှင့် အညီဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကိုသာ တစ်ဖက်သတ် စွပ်စွဲထားသည်ကို တွေ့ရကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ARSA အစွန်းရောက် အကြမ်းဖက်အင်အား ၄၀၀၀ ခန့်က ကြိုတင်စီစဉ်ပြင်ဆင်၍ အင်အားသုံး အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်ပြီး ၎င်းဖြစ်စဉ်၏ နောက်ကွယ်၌ လွန်စွာရှုပ်ထွေးသည့် အခြေအနေများ၊ သမိုင်းနောက်ခံအကြောင်းအရာ အချက်အလက်များစွာရှိသည်ကို ဦးစွာလေ့လာသိရှိရန် လိုအပ်ပါကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် နယ်ခြားတပ်ဖွဲ့ဌာနချုပ်နှင့် ရဲကင်းစခန်းသုံးခုအား အစွန်းရောက်အကြမ်းဖက်သမားများက အင်အားသုံး၍ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ကျဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကာ လက်နက် ၆၈ လက်နှင့် ခဲယမ်းများ ဆုံးရှုံးခဲ့ကြောင်း၊ ဖြစ်စဉ်ကာလအတွင်း ဒေသခံပြည်သူ ၇၉ ဦး သတ်ဖြတ်ခံခဲ့ရပြီး ၃၇ ဦး ပျောက်ဆုံးခဲ့ရပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ဝင်များသည် တပ်ဌာနချုပ်တစ်ခုနှင့် ရဲစခန်း ၃၀ အပါအဝင် ကျေးရွာပေါင်း ၃၇ ရွာတို့၌ နေရာတစ်ခုလျှင် အင်အား ၅၀၀ မှ ၇၀၀ အကြား အနည်းဆုံးပါဝင်၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ ဓား၊ လှံ၊ လက်နက်၊ လက်လုပ်မိုင်းများဖြင့် အင်အားသုံး၍ ဝိုင်းဝန်းတိုက်ခိုက်ခြင်းများအား ကြိုတင်စီစဉ်၍ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လုပ်ဆောင်ခဲ့ပါကြောင်း၊ ၎င်းနေ့တစ်ရက်တည်းတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ် ၃၈ ကြိမ် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်စစ်သည် တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှဝန်ထမ်း တစ်ဦး၊ ပေါင်း ၁၂ ဦး ကျဆုံးခဲ့ပြီး အချို့ထိခိုက်ဒဏ်ရာရရှိကာ ရဲကင်းစခန်းများမှ လက်နက်ငယ်ခြောက်လက် အစွန်းရောက်အကြမ်းဖက်များထံ ပါရှိသွားခဲ့ပါကြောင်း။

### စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့

၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံတော်တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိအား စစ်ဆေးသုံးသပ်အကြံပြုတင်ပြနိုင်ရန်အတွက် ရခိုင်ပြည်နယ် စုံစမ်းရေးကော်မရှင်အား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးစီးသည့် အဖွဲ့ဝင် ၁၂ ဦးဖြင့် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးစီးစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ဝင်းထွန်း ဦးစီး စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ခဲ့မှုများသည် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (ROE)နှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိ၊ မရှိနှင့် ဥပဒေနှင့်ညီ၊ မညီ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း။

တပ်မတော်စုံစမ်းစစ်ဆေးရေးအဖွဲ့က ဖော်ထုတ်တွေ့ရှိခဲ့သည့်ဖြစ်စဉ် သုံးခုနှင့် ပတ်သက်၍လည်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ဖြစ်စဉ်နှင့် ပတ်သက်၍လည်း တပ်မတော်သားများအနေဖြင့် ပေးအပ်သည့် တာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးစီးစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း၊ အင်းဒင်ကျေးရွာဖြစ်စဉ်နှင့်ပတ်သက်၍လည်း ကွင်းဆင်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောပဋိပက္ခဖြစ်စဉ်၌ တပ်မတော်စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ခိုင်မာသည့် သက်သေများအပေါ် စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် လုံခြုံရေးစခန်းများသို့ အကြမ်းဖက်တိုက်ခိုက်ခဲ့သော ARSA အစွန်းရောက် အကြမ်းဖက် အဖွဲ့၏ အင်အားမှာ မူလက ၄၀၀၀ ခန့် ခန့်မှန်းခဲ့သော်လည်း စိစစ်ဖော်ထုတ်ချက်များအရ အနည်းဆုံး အင်အား ၁၀၀၀၀ ကျော်မှ အများဆုံး ၂၀၀၀၀ ကျော်အထိ ရှိသည်ဟု တွေ့ရှိရပါကြောင်း။

### ဖော်ထုတ်ရရှိခဲ့

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်ခေါင်းဆောင် အာဘာအူလ္လာသည် ကျေးရွာအုပ်စု ကျေးရွာအလိုက် အကြမ်းဖက်ခေါင်းဆောင်များကို ခန့်အပ်တာဝန်ပေးခဲ့ကြောင်း၊ ခေါင်းဆောင်အမည် ကျေးရွာအုပ်စု ကျေးရွာအလိုက် ဖော်ထုတ်ရရှိခဲ့ပါကြောင်း။

၎င်းခေါင်းဆောင်များမှတစ်ဆင့် ကျေးရွာအလိုက် မော်လဝီဆရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို အခြေခံပြီး အကြမ်းဖက်အဖွဲ့များ ကျယ်ပြန့်စွာဖွဲ့စည်းခဲ့ကြောင်း၊ အစိုးရဌာနဆိုင်ရာများနှင့်နီးစပ်သူများ၊ ၎င်းတို့၏ သြဇာမခံသူများ၊ အကြမ်းဖက်အဖွဲ့သို့ မဝင်ရောက်လိုသူများ၊ အကြမ်းဖက်သင်တန်းမတက်ရောက်လိုသူများကို ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ကျေးရွာရှိ ၎င်းရွာသားများအား ကိုရမ်ကျမ်းကိုင်၍ ကျမ်းကျိန်ကာ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်စေသဖြင့် အဆိုပါကျေးရွာတိုင်းရှိ ရွာသူ၊ ရွာသားအများစုမှာ အကြမ်းဖက်သမားများအဖြစ် အဓမ္မသွတ်သွင်းခံရသည်ဟု စစ်ဆေးဖော်ထုတ်တွေ့ရှိရပါကြောင်း။

တွေ့ဆုံမေးမြန်းခဲ့သည့် ဘင်္ဂါလီကျေးရွာ ၅၄ ရွာမှ ရွာသူ၊ ရွာသား ၂၀၁၇ ဦးနှင့် သက်သေထွက်ဆိုချက်ရယူခဲ့သည့် ကျေးရွာ ၁၀၅ ရွာမှ ရွာသူ၊ ရွာသား ၃၆၂ ဦးတို့၏ ထွက်ဆိုချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အပြစ်မဲ့ ရွာသူ၊ ရွာသားများအား ဥပဒေမဲ့ပစ်ခတ်သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မုဒိမ်းမှုများကျူးလွန်ခဲ့ခြင်းမရှိကြောင်း၊ ဥပဒေမဲ့ဖမ်းဆီး ထိန်းသိမ်းခြင်း၊ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းများ၊ မီးရှို့ဖျက်ဆီးခြင်းများမရှိဟု ဖော်ထုတ်စစ်ဆေး တွေ့ရှိရပါကြောင်း။

### နည်းလမ်းပေါင်းစုံသုံး

ပဋိပက္ခဖြစ်ပွားရာဒေသရှိ ရွာသူ၊ ရွာသားများ၏ သက်သေထွက်ဆိုချက်အရ အကြမ်းဖက်တိုက်ခိုက်ရာတွင် အကြမ်းဖက်ခေါင်းဆောင်အဆင့်ဆင့်မှ ကြိုတင်စီမံ၍ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတိုက်ခိုက်ရန် အမိန့်ပေးခဲ့ပြီး ARSA အစွန်းရောက် အကြမ်းဖက်သမားအမာခံများနှင့် ရွာသူ၊ ရွာသား၊ ကလေးများအပါအဝင် အများအပြားပါဝင်တိုက်ခိုက်ခဲ့သော်လည်း တိုက်ခိုက်ပြီးချိန်တွင် အောင်မြင်မှုမရှိသဖြင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများက နေအိမ်များကိုမီးရှို့၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဦးစွာထွက်ပြေးကြောင်း၊ ကျန်ရွာသားများကိုလည်း ထိုကဲ့သို့ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးရန် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ စည်းရုံးခြင်းစသည့် နည်းလမ်းပေါင်းစုံသုံး၍ ပြုလုပ်ခဲ့သဖြင့် အများအပြားထွက်ပြေးခဲ့ရသည်ကို စုံစမ်းစစ်ဆေးတွေ့ရှိရကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် နံနက်တွင် ဟိန္ဒူဘာသာဝင်များ နေထိုင်သော ရဲဘော်ကျကျေးရွာမှ ရွာသူ၊ ရွာသား ၅၂ ဦး၊ ခမောင်းဆိပ်(တောင်)ရွာမှ ၅၃ ဦးတို့အား အကြမ်းဖက်သမားများက ဖမ်းဆီးခဲ့ပြီး နေအိမ်များရှိ ပစ္စည်းများလုယက်ခြင်း၊ ဘုရားစင်နှင့် ရုပ်ပွားတော်များကို ရိုက်ချိုးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များကို မီးရှို့ခြင်း ပြုလုပ်ခဲ့ကြောင်း၊ ရဲဘော်ကျရွာမှ ဟိန္ဒူဘာသာဝင် အမျိုးသမီးငယ်တစ်ဦးနှင့် ခမောင်းဆိပ် (တောင်)ရွာမှ အမျိုးသမီးရှစ်ဦးတို့ကို မသတ်ဘဲ ၎င်းတို့၏ရှေ့တွင်ပင် ကျန်ရွာသူ၊ ရွာသားများဖြစ်သော ရဲဘော်ကျကျေးရွာမှ ၄၅ ဦးကို လူမဆန်စွာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်၍ ကျင်းဘေးတွင် ပက်လက်လှန်ထားပြီး ရက်စက်စွာသတ်ဖြတ်ခဲ့ပါကြောင်း၊ ဖမ်းဆီးခံရသူဟိန္ဒူဘာသာဝင် ၁၀၅ ဦးအနက် ၆၀ မှာ ယနေ့တိုင်ပျောက်ဆုံးဆဲဖြစ်ပြီး ကျန်ရစ်သူ ဟိန္ဒူဘာသာဝင် အမျိုးသမီးများကို အစ္စလာမ်ဘာသာသို့ အတင်းအကျပ်ကူးပြောင်းခိုင်းပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ပါကြောင်း။

ထို့အပြင် မောင်တောမြို့နယ် ဘဒကားကျေးရွာအုပ်စု ခုံတိုင်ရွာမှ မြိုတိုင်းရင်းသား ခုနစ်ဦးကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက လူအုပ်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်မီးရှို့သတ်ဖြတ်ခဲ့ကြောင်း၊ ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် ၎င်းတို့အား ကြောက်ရွံ့ပြီး သြဇာတည်ဆောက်ရန် ရည်ရွယ်၍ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် တိုင်းရင်းသား၊ ဟိန္ဒူ၊ ဘင်္ဂါလီ စုစုပေါင်း ၁၃၁ ဦး ရှိသည်ဟု ဖော်ထုတ်တွေ့ရှိရပါကြောင်း။

### လုပ်ကြံဖန်တီးခဲ့

ထိုကဲ့သို့ ဘူးသီးတောင်-မောင်တောဒေသရှိ တိုင်းရင်းသားလူနည်းစုအပေါ် အနိုင်ကျင့်၍ ရက်စက်စွာသတ်ဖြတ်ပြီး လူမျိုးတုံးသတ်ဖြတ်ခြင်း(Genocide)နှင့် လူမျိုးတုံးသန့်စင်ခြင်း ( Ethnic Cleansing) အား ARSA အစွန်းရောက် အကြမ်းဖက်သမားများက ပြုလုပ်ခဲ့သော်လည်း တစ်ဖက်နိုင်ငံဒုက္ခသည်စခန်းတွင်နေထိုင်စဉ် နိုင်ငံတကာမှ သံတမန်များ၊ သတင်းမီဒီယာသမားများ လာရောက်ပါက ၎င်းတို့မှ ကြိုတင်ပြင်ဆင်သင်ကြားထားသည့်အတိုင်း မြန်မာ့တပ်မတော်မှ လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် လူမျိုးတုံးသန့်စင်ခြင်းများ ပြုလုပ်နေသယောင် စွပ်စွဲပြောဆိုနိုင်ရန် လုပ်ကြံဖန်တီးခဲ့ခြင်းပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

တပ်မတော်အနေဖြင့် ရခိုင်ပဋိပက္ခအတွင်း တည်ဆဲစစ်ဘက်၊ နယ်ဘက်ဥပဒေများနှင့်အညီသာ ဆောင်ရွက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြစ်မှုကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦး ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ လက်တွေ့ကျကျ ကွင်းဆင်းစစ်ဆေးကာ စစ်ဆေးတွေ့ရှိချက်များအား ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာရုံမက ပြစ်မှုကျူးလွန်ခဲ့သော လုံခြုံရေး

*စာမျက်နှာ ၁၁ သို့*

# မြန်မာနိုင်ငံတစ်ဝန်းလုံး တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပ





**နေပြည်တော် မတ် ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲ၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ပြည်ထောင်စု ဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုပြီး ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပပြီးစီးရန်အတွက် စာမေးပွဲစည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့တွင် စာမေးပွဲဖြေဆိုနေသည့် အကြားအာရုံချို့တဲ့သော ကျောင်းသား ကျောင်းသူများနှင့် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် စာမေးပွဲဖြေဆိုနေသည့် အမြင်အာရုံချို့တဲ့သော ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှု အားပေးကာ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့မှ စတင်ကျင်းပလျက်ရှိရာ နိုင်ငံခြားစာစစ်ဌာန ၂၁ ခု၊ ပြည်တွင်း စာစစ်ဌာန ၁၇၂၁ ခု၊ စုစုပေါင်းစာစစ်ဌာန ၁၇၄၂ ခုတွင် စုစုပေါင်း ၆၄၃၅၈ ဦး စာရင်းပေးသွင်းပြီး ၇၈၈၅၉ ဦး ဝင်ရောက်ဖြေဆိုကြသည်။

နေပြည်တော်ကောင်စီနယ်မြေတစ်ခုလုံးရှိ စာစစ်ဌာနပေါင်း ၄၄ ခုတွင် ၂၃၈၀ စာရင်းပေးသွင်းကြပြီး ၂၂၃၉ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ရန်ကုန် မတ် ၇**

တပ်မတော်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီစာပေတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအုန်းကြိုင်နှင့် ဒေါက်တာမျိုးသန့်တင်၊ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဗိုလ်ချုပ်ထွန်းထွန်းညီနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအုန်းကြိုင်နှင့် ဒေါက်တာမျိုးသန့်တင်တို့က အဖွင့်အမှာစကား ပြောကြားပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးက တက်ရောက်လာသော သတင်းမီဒီယာများနှင့် အဖွဲ့ဝင်များအား မိတ်ဆက်ကာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပြဿနာများနှင့် ပတ်သက်၍ တပ်မတော်မှ သတင်းထုတ်ပြန်ပေးမှုအခြေအနေများအား အသေးစိတ် ရှင်းလင်းပြောကြားသည်။

### ဖြည့်စွက်ရှင်းလင်း

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းညီက အလုပ်ရုံဆွေးနွေးပွဲတွင် တပ်မတော်မှ ဆွေးနွေးမည့် ခေါင်းစဉ်အကြောင်းအရာများကို မိတ်ဆက်ပေးပြီး သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာကျင့်ဝတ်များဆိုင်ရာ လိုက်နာစောင့်ထိန်းမှု အခြေအနေများအား ဆွေးနွေးရာ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်နှင့် အဖွဲ့ဝင် ဒေါက်တာတင်လှိုင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်စွာမင်းတို့က ဖြည့်စွက်ရှင်းလင်းကြသည်။

### အရေးယူဆောင်ရွက်

ဆက်လက်၍ တပ်မတော်အရာရှိကြီးများက တပ်မတော်ဆိုင်ရာ တရားဝင် Online Media Page နှင့် Account များအကြောင်းနှင့် Page အတု၊ Account အတုများအကြောင်း၊ တပ်မတော်အသုံးအနှုန်းနှင့် စစ်ဘက်ရာထူးအခေါ်အဝေါ်များဆိုင်ရာ ဥပဒေ၊ အမိန့်၊ ပြန်တမ်း၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများအကြောင်း၊ တပ်တော်၏ အရာရှိ၊ စစ်သည်(အမျိုးသား၊ အမျိုးသမီး)များအား လေ့ကျင့်ပေးနေမှု အခြေအနေများ၊ တပ်မတော်ကို စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် Standard Army ဖြစ်အောင် ရည်မှန်းချက်ထား လေ့ကျင့်ပေးနေမှု အခြေအနေများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား စစ်ပညာသင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေများ၊ မျိုးဆက်သစ်လူငယ်များအတွက် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပေးနေမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများ၊ တပ်မတော် (ရေ)နှင့် တပ်မတော်(လေ) ဆောင်ရွက်မှုများနှင့် လေ့ကျင့်မှုဆိုင်ရာ သိသင့်သိထိုက်သော အကြောင်းအရာများ၊ တပ်သားသစ်စုဆောင်းရေးတွင် အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူများကိုသာ စိစစ်လက်ခံသည့် စည်းမျဉ်းစည်းကမ်းများ၊ စစ်မှုထမ်းဟောင်းများနှင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် စစ်မှုထမ်းများ၊ မိသားစုများကို စောင့်ရှောက်ပေးနေမှု အခြေအနေများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးမှုများ၊ တပ်မတော်၏ အားကစားကဏ္ဍ ဆောင်ရွက်မှုများ၊ တပ်မတော် အက်ဥပဒေနှင့် တပ်မတော်သားများ၏ ကျင့်ဝတ်များ၊ လူ့အခွင့်အရေးဆိုင်ရာ၊ နိုင်ငံတကာစစ်ပွဲဆိုင်ရာ ဥပဒေများ၊ နယ်ဘက်ဥပဒေများ၊ ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း(Rules of Engagement) ကို တပ်မတော်သားများက လိုက်နာကျင့်သုံးနေသည့် အခြေအနေများ၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက် မလိုက်နာသူများအား အရေးယူဆောင်ရွက်မှုအခြေအနေများ၊ တပ်မတော်နှင့် သတင်းမီဒီယာ ဆက်ဆံရေးအခြေအနေ၊ မီဒီယာများနှင့် လူမှုမီဒီယာ ကွန်ရက်များတွင် အခြေအမြစ်မရှိသော သတင်းများ မဟုတ်မမှန် လိုရာဆွဲ၍ ဖော်ပြနေမှုများအကြောင်းတို့ကို ဆွေးနွေးကြရာ သတင်းမီဒီယာကောင်စီဝင်များကလည်း သိလိုသည်များ မေးမြန်း၍ ရင်းရင်းနှီးနှီး အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင်က နိဂုံးချုပ်စကား ပြောကြားရာတွင် ယနေ့ ပဉ္စမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ယခင်ဆွေးနွေးပွဲများထက် ပိုမို၍ အားရပါကြောင်းနှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ ဆွေးနွေးကြသည့် အကြောင်းအရာများလည်း ပိုမိုပြည့်စုံလာကြောင်း၊ ယခု ဆွေးနွေးမှုများနှင့် မကြာမီကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသည့် အတွေ့အကြုံများနှင့် မီဒီယာကဏ္ဍ၏ အားသာချက်၊ အားနည်းချက်များကိုလည်း သတင်းမီဒီယာ လောကသားများအား သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### အောင်မြင်မှုရှိ

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးက နိဂုံးချုပ်စကားပြောကြားရာတွင် ယနေ့အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြရာတွင် နိုင်ငံ့အရေး၊ အမျိုးသားအရေးအတွက် လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းအားလုံး တူညီသော အမျိုးသား အကျိုးစီးပွား အမြင်များရှိကြရန် အရေးကြီးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အရေးသည် ရခိုင်ပြည်နယ်တစ်ခုတည်းနှင့် သက်ဆိုင်ခြင်းမဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သောကြောင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တပ်မတော်သည် ဥပဒေနှင့်အညီသာ ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပြီး ဥပဒေနှင့်မညီသည့် လုပ်ရပ်များအား ဆောင်ရွက်သည့် အရာရှိ၊ စစ်သည်များကိုလည်း ဥပဒေအရ အရေးယူလျက်ရှိကြောင်း၊ နိုင်ငံတကာ ဥပဒေများ၊ သဘောတူညီချက်များကိုလည်း လေးစားလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်ဖြစ်ကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် အောင်မြင်မှုရှိပါကြောင်း ပြောကြားသည်။

### အခါအားလျော်စွာ ဆောင်ရွက်သွားမည်ဖြစ်

တပ်မတော်နှင့်မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အလုပ်ရုံဆွေးနွေးပွဲများကို ယခု တစ်ကြိမ်အပါအဝင် ၅ ကြိမ် ပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း အခါအားလျော်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများကို ဝိုင်းဝန်းစောင့်ရှောက်စေချင်

**ရန်ကုန် မတ် ၇**

မတ် ၇ ရက် နံနက် ၇ နာရီမှ ၉ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်ပေါ်၌ နှင်းမိုးများသိပ်သည်းစွာ ကျရောက်လျက်ရှိရာ မြစ်တစ်ဖက်ကမ်းလေးရပ်ကွက်မှ သမ္ဗန်ဆိပ်များတွင် မြစ်ကူးခရီးသွားများ များပြားစွာ စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။

ယနေ့သည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာမေးခွန်းဖြေဆိုရမည့်နေ့လည်းဖြစ်ရာ မြစ်အတွင်းအန္တရာယ် ဖြစ်နိုင်သည့်ကြားမှ ကူးတို့သမ္ဗန်မောင်းသူများက စာမေးပွဲအချိန်မီနိုင်ရေးအတွက် စာဖြေမည့် ကျောင်းသား ကျောင်းသူများ လိုက်ပါအားပေးမည့်မိဘများကို ခက်ခဲစွာပင် တစ်ဖက်ကမ်းသို့ အရောက် မောင်းနှင်ပို့ဆောင်ပေးခဲ့ကြရသည်။

အလားတူ နှစ်စဉ်နှစ်တိုင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲကာလ၌ ရန်ကုန်မြစ်အတွင်း နံနက်အစောပိုင်းနှင့် နံနက် ၈ နာရီခွဲအထိ နှစ်ကြိမ်ခန့် မြူနှင်းများကျဆင်းမှုကြောင့် ဒလမြို့နယ်အတွင်း ကူးတို့ဆိပ်များ၌ စက်တပ်သမ္ဗန်မောင်းသူများအနေဖြင့် မြစ်အတွင်း ခရီးသည်တင်ဆောင်၍ ကူးတို့ ပို့ဆောင်ပေးရာတွင် သတိရှိရှိဖြင့် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ပေးစေလိုကြောင်းနှင့် မြူနှင်းများပိတ်ကာ မြင်ကွင်းမရှင်းပါက မြစ်အတွင်း၌ ပြည်သူများ၏ အသက်အန္တရာယ်ရှိနိုင်သည့်အတွက် ကူးတို့ဆိပ်ကမ်းမှ ထွက်ခွာမသွားကြဖို့ တာဝန်ရှိသူများအနေဖြင့် အနီးကပ်စောင့်ကြည့်သတိပေးသင့်ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

အလတ်ချောင်းမှ ဦးဇော်ဝင်း(ခ) ကိုသားကြီးက "အခုလို အန္တရာယ်ရှိနိုင်တဲ့အချိန် သမ္ဗန်ဆိပ်တွေမှာ ဂိတ်မှူးတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ မြို့နယ်က တာဝန်ရှိသူတွေက ဂိတ်တွေမှာ စောင့်ဆိုင်းကြပ်မတ်ပေးဖို့ အလွန်ပဲ လိုအပ်ပါတယ်၊ အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့နဲ့ ဖြစ်လာရင် အချိန်နဲ့တစ်ပြေးညီ ကူညီနိုင်စေဖို့ပါ"ဟု သုံးသပ်ပြောကြားခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**သန်းဌေး(ဒလ)**



## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာခြင်း

**ရန်ကုန် မတ် ၇**

၂၆-၂-၂၀၁၅ ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌအင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပညာရေးနှင့် ပြည်ပရေးရာအဖွဲ့ခွဲ၏ လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ကို ၁-၁၁-၂၀၁၆ရက်နေ့မှ စတင်၍ အောက်ဖော်ပြပါ ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားစေရန်၊

(ခ) ပြည်ပနိုင်ငံများရှိ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်အတွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက် (www.mahana.org.mm)မှတစ်ဆင့် ပြည်တွင်းပြည်ပသို့ သတင်းထုတ်ပြန်နိုင်ရန်၊

(ဃ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒဗုဒ္ဓသာသနာပြု သံဃာတော်များ၏ သာသနာပြုလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရန်။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁ ၆၆၁၇၄၆**

## (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၇**

(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ(19th ASEAN-COCI Subcommittee on Information Meeting ) ဒုတိယနေ့အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် Sky Star Hotel ၌ ဆက်လက် ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း အာဆီယံရေးရာ ထုတ်လွှင့်သူများ၊ ပရိုဂျူဆာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၂၀)မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေးတွင် ဆောင်ရွက်မည့် ပြန်ကြားရေးကဏ္ဍဆိုင်ရာကိစ္စများ၊ အာဆီယံ ယဉ်ကျေးမှုရန်ပုံငွေ အသုံးပြုရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ပုံမှန်ဆောင်ရွက်နေဆဲ အစီအစဉ်များဖြစ်သည့် "ရှုဖွယ်စုံလင် အာဆီယံတစ်ခွင် အစီအစဉ်၊ အာဆီယံ ဉာဏ်စမ်းပဟေဠိအစီအစဉ်၊ မြန်မာနိုင်ငံမှ အဆိုပြုချက်တင်သွင်းသော အာဆီယံဒေသရှိ စွန့်ဦးတီထွင် အမျိုးသမီးလုပ်ငန်းရှင်များအကြောင်း ရိုက်ကူးတင်ဆက်မှုများကို အာဆီယံနိုင်ငံများ အပြန်အလှန် လဲလှယ်ပြသရေး စသည့် ရုပ်မြင်သံကြားနှင့် ရေဒီယိုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။




(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးအပြီးတွင် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များသည် လေ့လာရေးခရီးစဉ်အဖြစ် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ကျောက်မျက်ရတနာပြတိုက်နှင့် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဆက်လက်သွားရောက်ကြည်ညိုခဲ့ကြသည်။

(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားပြီဖြစ်ရာ အာဆီယံပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များသည် မတ် ၈ ရက်တွင် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရှိခဲ့သည်။ နှစ်သင်းစလုံးဂိုးရနိုင်သည့်အခွင့်အရေးများ အပြန်အလှန်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် မောင်မောင်လွင်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးထပ် ရရန် အားထည့်ကစားသွားခဲ့ပြီး ပထမပိုင်းထက် ပိုဖိကစားနိုင်ခဲ့သည်။ ၄၇ မိနစ်တွင် ရန်ကုန်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး မောင်မောင်လွင်၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဆယ်လာက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး ၅၇ မိနစ်တွင် ဆယ်လာက တစ်ကိုယ်တော်အစွမ်းဖြင့် တတိယဂိုးသွင်းယူခဲ့သည်။ ၇၇ မိနစ်တွင် ရန်ကုန်နောက်ခံလူ သိန်းဇော်၊ ၇၈ မိနစ်တွင် ဂလိုဘယ်နောက်ခံလူ မာကိုတို့ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

အုပ်စု (G)အခြားပွဲတွင် ဘာလီယူနိုက်တက်( အင်ဒိုနီးရှား)က ထန်ဟွာ (ဗီယက်နမ်)ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက သုံးပွဲစလုံး အနိုင်ရကာ ကိုးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဘာလီယူနိုက်တက်အသင်းက လေးမှတ်၊ ထန်ဟွာအသင်းက သုံးမှတ်၊ ဂလိုဘယ်အသင်းက တစ်မှတ် ရထားသည်။

**ညီမြတ်သော်တာ**




## ဟူနန်ပြည်နယ် ချန်ဆားမြို့ သံလိုက်စွမ်းအင်သုံး လျှပ်စစ်ရထား ပြေးဆွဲအောင်မြင်

**ဟူနန် မတ် ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ် ချန်ဆားမြို့၌ သံလိုက်စွမ်းအင်သုံး လျှပ်စစ်ရထား ပြေးဆွဲအောင်မြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါလျှပ်စစ်ရထား၏ အားသာချက်မှာ ရထားသံလမ်းနှင့် ရထားဖရိန်ပွတ်တိုက်မှုမရှိအောင်ပြုလုပ်ထားသောကြောင့် အသံဆူညံမှု မရှိသည့်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေကြောင်း၊ ရထားလမ်းများဖောက်လုပ်ရာတွင် ပုံမှန်ရထားများထက် အမြင့်ကိုပိုမိုတက်နိုင်ကြောင်း၊ သံလိုက်စွမ်းအင်အသုံးပြု၍ ပြုလုပ်ထားသောကြောင့် အကွေ့အကောက်လမ်းများတွင် အရှိန်မြန်သော်လည်း သံလိုက်ဆွဲအားရှိသည့်အတွက် လမ်းချော်မှု မရှိနိုင်ကြောင်း၊ ရထားစီးသည့်အခါတွင် တုန်ခါမှုမရှိသည့်အတွက် ခရီးသည်များ လက်လွှတ်၍လည်း စီးနိုင်ကြောင်း သိရသည်။

ယခုလက်ရှိအချိန်တွင် အဆိုပါရထားမှာ ယခုလက်ရှိ တစ်နာရီလျှင်ကီလိုမီတာ ၁၀၀ နှုန်းဖြင့် ချန်ဆားမြို့ဘူတာကြီးနှင့် Huanghua လေဆိပ်သို့ပြေးဆွဲလျက်ရှိရာ တစ်နေ့လျှင် လူဦးရေ ၈၀၀၀ မှ ၉၀၀၀ အထိ စီးနင်းလိုက်ပါလျက်ရှိကြောင်း၊ ဆက်လက်၍ ဒေသအစိုးရ၏ အားပေးထောက်ခံမှု၊ ဒေသခံပြည်သူများ စီးနင်းလိုက်ပါမှုများကြောင့် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ မှ ၆၀၀ နှုန်းအထိ ပြေးဆွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟူနန်ပြည်နယ် ချန်ဆားမြို့တွင် သံလိုက်စွမ်းအင်သုံးလျှပ်စစ်ရထားကို ၂၀၁၄ ခုနှစ်တွင် စတင်စမ်းသပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လထဲတွင် စတင်ပြေးဆွဲနိုင်ခဲ့ကြောင်း၊ အခြားရထားများ ပြုလုပ်ရာတွင် အချိန် လေးနှစ်မှ ငါးနှစ်အထိကြာမြင့်ရာ ယခုသံလိုက်စွမ်းအင်သုံးလျှပ်စစ်ရထားမှာပြုလုပ်ရန် နှစ်နှစ်သာကြာမြင့်ခဲ့သည့်အတွက် အချိန်ကုန်သက်သာကြောင်း သိရသည်။

ပေကျင်းမြို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလပိုင်းတွင် သံလိုက်စွမ်းအင်သုံးလျှပ်စစ်ရထားကို စတင်ပြေးဆွဲခဲ့ပြီး ကွမ်ကျိုးမြို့တွင်လည်း မကြာမီပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇူလိုင်မိုး၊ ဓာတ်ပုံ- ဇေမိုး**



*စာမျက်နှာ ၉ မှ*

တပ်ဖွဲ့ဝင်များအား တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ယူ လုပ်ကိုင် ဆောင်ရွက်ရသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအားလည်း ဖြစ်ပွားခဲ့သည့် အခြေအနေ များနှင့်ပတ်သက်၍ ၎င်း၏ လုပ်ဆောင်ချက်များတွင် အားနည်းချက်များရှိနေသဖြင့် တာဝန်ဆက်လက်ထမ်းဆောင်ခွင့်ကို ရပ်နားခဲ့ပါကြောင်း။

ပြစ်မှုကျူးလွန်ခဲ့သည့် အရာရှိ စစ်သည် ခုနစ်ဦး၊ ရဲတပ်ဖွဲ့ဝင် သုံးဦးတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးခဲ့ကာ အမှုတွင်ပါဝင်သော အရပ်သားများကိုလည်း သက်ဆိုင်ရာတရားရုံးများ၌ တရားစွဲဆိုအရေးယူအပြစ်ပေးခဲ့ပါကြောင်း၊ ဘင်္ဂါလီများကိုလည်း တည်ဆဲတရားဥပဒေများနှင့်အညီသာ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းကဲ့သို့ ဆောင်ရွက်နေသည့်ကြားမှ တပ်မတော်၏မူဝါဒ မဟုတ်သော တစ်ဦးချင်း၏လုပ်ကိုင်ဆောင်ရွက်မှု အမှားများအား ပုံကြီးချဲ့ကာ တပ်မတော်တစ်ရပ်လုံး ကျူးလွန်နေသယောင် စွပ်စွဲထားသည်ကိုလည်း တွေ့ရကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအား ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရထံ တင်ပြ၍သာ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပဋိပက္ခတွင်လည်း စစ်ဆင်ရေး၊ လုံခြုံရေးဆောင်ရွက်မှုအား အစိုးရ၏ ညွှန်ကြားချက်နှင့်အညီ စစ်ဆင်ရေးမှသည် လုံခြုံရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေး အခြေအနေသို့ လျှော့ချပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တော ပဋိပက္ခနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံသို့ရှောင်တိမ်းသွားသူများအား ဥပဒေနှင့်အညီ ပြန်လည်လက်ခံရန်နှင့် နိုင်ငံသားစိစစ်ခံရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုင်းနိုင်ငံအခြေစိုက် PBS သတင်းအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ် ကော့ဘဇားဒေသ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ဝင်အချို့နှင့် တွေ့ဆုံမေးမြန်းပြီး သတင်းရေးသားရာတွင် ရခိုင်ပြည်နယ်အတွင်း၌ ARSA အဖွဲ့များသည် အစုတစ်စုလျှင် ငါးဦးပါ အဖွဲ့လေးများ ဖွဲ့စည်းထားကြောင်း၊ အဖွဲ့ငယ်များ၏ အဖွဲ့ဝင်များသည် ၎င်းတို့ တစ်ခါမှမမြင်ဖူးသော အကြီးအကဲက ညွှန်ကြားသည့်လုပ်ငန်းကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မောင်တောမြို့ ကျေးရွာ ၄၀ ရှိ ရွာတိုင်းတွင် ARSA အဖွဲ့ဝင် ၁၀၀ မှ ၂၀၀ အကြား ရှိခဲ့ကြောင်း၊ ယခု အများစုသည် ဘင်္ဂလားဒေ့ရှ်ရောက် ဒုက္ခသည်များကြား၌ ရှိနေကြကြောင်း၊ ပြည်ပရောက် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ ဖွဲ့ရေး အလားအလာကို ဆွေးနွေးနေကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း သတင်းဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်အပါအဝင် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှု အခြေအနေ၊ နိုင်ငံတကာမီဒီယာနှင့် သံတမန်များအပါအဝင် NGO တို့ကို မဟုတ်မမှန် ပုံကြီးချဲ့ပြောဆိုနေမှု စသည့် အကြောင်းအချက်များစွာတို့အား မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Limbrinidis နှင့် အဖွဲ့ဝင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မတ် ၅ ရက် ညနေပိုင်းတွင် ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ၍ အပြန်အလှန်အထောက်အထားဓာတ်ပုံများနှင့်တကွ ပွင့်လင်းမြင်သာစွာ ဆွေးနွေးပေးခဲ့ပြီးလည်းဖြစ်ပါကြောင်း။

ထိုကဲ့သို့ ခိုင်လုံမှန်ကန်သော သက်သေများ၏ ထွက်ဆိုချက်များ၊ ဖြစ်စဉ် ဖြစ်ရပ်များအပေါ် မျက်ကွယ်ပြု၍ ယခုကဲ့သို့ ဆုံးဖြတ်ချက်များသည် မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးခရီးစဉ်နှင့် တပ်မတော်၏ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းတာဝန်များ၌ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(ROE- Rules of Engagement) နှင့်အညီ တိကျစွာလိုက်နာ၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေမှု၊ နိုင်ငံတော်အစိုးရ၏ ဘူးသီးတောင်-မောင်တောဒေသ ပြန်လည်ထူထောင်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး အစီအစဉ်၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုနှင့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် ကူညီဆောင်ရွက်ပေးနေသည့် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့ အစည်းများ၊ ပြည်သူလူထုတို့မှ အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်လာစေနိုင်သဖြင့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် မှန်ကန်စွာသုံးသပ်၍ ဂုဏ်သိက္ခာရှိပြီး တရားမျှတမှုရှိသော တိုက်တွန်းမှု၊ ဆုံးဖြတ်မှုများကိုသာ ပြုလုပ်သင့်ကြောင်းနှင့် ထိုသို့ပြုလုပ် ခြင်းဖြင့် ရခိုင်အရေးနှင့် ပတ်သက်၍ လက်တွေ့ဆန်သောတိုးတက်ဖြစ်ထွန်းမှု ဖြစ်ပေါ်လာစေမည် ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့မှ နေရပ်စွန့်ခွာသူများအား သွားရောက်တွေ့ဆုံ

**မောင်တော မတ် ၇**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာ၍ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန်အတွက် ဂေါ်ဒူသာရကျေးရွာအုပ်စု မှိုဝင်ချောင်းဝအနီး ပင်လယ်ကမ်းခြေ၌ ယာယီနေထိုင်လျက်ရှိသော ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့မှ ဒေသခံများအား မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ထွက်ပြေးတိမ်းရှောင်ရသည့် အကြောင်းအရင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ ထွက်ခွာရသည့် ရည်ရွယ်ချက်၊ တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများက မေးမြန်းခဲ့ကြသည်။

မေးမြန်းချက်များအရ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာနှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတို့မှ အမျိုးသား ၃၁၉ ဦး၊ အမျိုးသမီး ၃၄၇ ဦး စုစုပေါင်း ၆၆၆ ဦးတို့သည် ယင်းနေရာတွင် ကနဦးယာယီနေထိုင်ခဲ့ကြကြောင်း၊ ၎င်းတို့အနက် အမျိုးသား ၁၀၀၊ အမျိုးသမီး ၁၁၀ တို့မှာဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ခွာသွားခဲ့ကြပြီး အမျိုးသား ၂၁၉ ဦး၊ အမျိုးသမီး ၂၃၇ ဦး စုစုပေါင်း ၄၅၆ ဦးတို့မှာ ကျန်ရှိနေပြီး ဆက်လက်နေထိုင်လျက်ရှိကြောင်း၊ ထို့ပြင် အလုပ်အကိုင်ရှားပါးလာခြင်း၊ စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်ခြင်း၊ ARSA အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုခံရခြင်း၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေကြသည့် ဆွေမျိုးသားချင်းများက ခေါ်ယူခြင်း အစရှိသည်တို့ကြောင့် တစ်ဖက်နိုင်ငံသို့ သွားရောက်လိုခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိစ္စရပ်များနှင့်ပတ်သက်၍ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများရှိပါက တိုင်းရင်းသားများ ဖြစ်ခဲ့သော်လည်းကောင်း၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်ခဲ့လျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာလိုအပ်ချက်နှင့်ပတ်သက်၍ NGO အဖွဲ့အစည်းများအား ကျေးရွာများသို့ အပတ်စဉ် သို့မဟုတ် လစဉ် သွားရောက်ထောက်ပံ့နိုင်ရန်အတွက် ခွင့်ပြုပေးထားကြောင်း၊ လက်ရှိလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်းထောက်ပံ့ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း။

လုံခြုံရေးဆိုင်ရာ အထောက်အပံ့များ လိုအပ်ချက်ရှိမည်ဆိုပါက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဘူးသီးတောင်၊ မောင်တောဒေသတွင် အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမား သို့မဟုတ် နေ့စား သို့မဟုတ် မိမိလုပ်ငန်းခွင်ရှိရာသို့ သွားရောက်ရန် အကန့်အသတ်များ မရှိစေရန်အတွက် သီးခြားထောက်ခံချက်များ ပြုလုပ်ပေးပြီး သွားလာခွင့်များပေးကာ အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ခံများက ၎င်းတို့ဘာသာဖြင့် ဘာသာပြန်ဆို၍ အပြန်အလှန်ပြောဆိုဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် ကိုယ်ပိုင်ပစ္စည်းများကို မိမိတို့သဘောဆန္ဒအရ ရောင်းချပြီး မူလကျေးရွာများတွင် နေထိုင်လိုခြင်းမရှိတော့သည့်အတွက် နေရပ်စွန့်ခွာကာ ဆွေမျိုးများရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မိမိတို့သဘောဆန္ဒအလျောက် ထွက်ခွာလိုခြင်းဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်း-ဟိန်းထက်ဇော်၊ ဓာတ်ပုံ-ရာမည**

# မောင်တောမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို



**မောင်တော မတ် ၇**

တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့နံနက်ပိုင်းမှ စတင်၍ ဖြေဆိုလျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောမြို့၌လည်း အေးချမ်းစွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

မောင်တောမြို့နယ်အတွင်းရှိ စာစစ်ဌာနသုံးခု၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုကို မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးနှင့် တွေ့ဆုံကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုပြီးစီးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

"မောင်တောမြို့ အထက ၁ အရှေ့ ခြမ်းစင်တာမှာ ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူ စာရင်းက ၂၀၂ ဦးရှိပြီး ၁၇၇ ဦးဖြေဆိုခဲ့ပါတယ်၊ ပျက်ကွက်ကတော့ ၂၅ ဦးဖြစ်ပါတယ်၊ အထက ၁ အနောက်ခြမ်းစင်တာမှာတော့ ဖြေဆိုမယ့်စာရင်းက ၄၄၇ ဦးရှိပြီး ၃၄၅ ဦး ဖြေဆိုခဲ့ပါတယ်၊ ပျက်ကွက်ကတော့ ၁၀၂ ဦးဖြစ်ပါတယ်။

"မောင်တောမြို့ အထက ၂ စင်တာမှာ ဖြေဆိုမယ့်စာရင်းက ၂၃၀ ရှိပြီး ၁၆၈ ဦး ဖြေဆိုခဲ့ပါတယ်၊ ပျက်ကွက်ကတော့ ၆၂ ဦး ဖြစ်ပါတယ်၊ ရာခိုင်နှုန်းအနေနဲ့ ပြောရမယ်ဆိုရင် ၇၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြေဆိုပြီးတော့ ၂၁ ဒသမ ၅၀ ရာခိုင်နှုန်း ပျက်ကွက်ခဲ့တာ တွေ့ရပါတယ်၊ ဖြေဆိုကြတဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်ကြတာတွေ့ရပါတယ်" ဟု မောင်တောမြို့နယ် ပညာရေးမှူး ဦးခင်အောင်က ပြောသည်။

**တိုးတက်မှုရှိခဲ့**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ယခင်နှစ်က တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမှု အခြေအနေမှာ စာရင်းသွင်းကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် အနက် ၁၂၀၀ ကျော်သာဖြေဆိုခဲ့ပြီး ၇၀၀ ကျော် ပျက်ကွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဖြေဆိုသူဦးရေနည်းပါးမှုရှိခဲ့သော်လည်း ရာခိုင်နှုန်းအားဖြင့်မူ ယခင်နှစ်ကထက် တိုးတက်မှုရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှတ်တမ်းများအရ သိရသည်။

**သတင်း-ဟိန်းထက်ဇော်၊ ဓာတ်ပုံ-ရာမည**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက် က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၃ စီး၊ သွင်းကုန် ၉၅၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၀၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၃၂ သန်းခန့် စုစုပေါင်းတားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၄၄၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**စစ်ဆေးတွေ့ရှိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၆ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင် အမှတ် ၁၉၃ မိုင်၊ ၆ ဖာလုံ၊ မိုင်းလီကျေးရွာအနီးတွင် ရပ်တန့်ထားသော AD VAN မော်တော်ယာဉ်တစ်စီးနှင့် မိုင်တိုင်အမှတ် ၁၉၄ မိုင်၊ ၃ ဖာလုံ၊ မိုင်းလီကျေးရွာအနီးတွင် Toyota Wish မော်တော်ယာဉ်တစ်စီးတို့အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စောင်စများဖြင့် ဖုံးအုပ်၍ တရားမဝင် သယ်ဆောင်လာသော ပိတောက်ခားရွေ ၄၆ တုံး (၀ ဒသမ ၉၇၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၆၉၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မြင်းခြံ မတ် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်တွင် မူးယစ်ဆေးဝါးသတင်းအရ ပိတ်ဆို့ရှာဖွေစဉ် ထွက်ပြေးသူအား စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူး ဒုရဲမှူး အောင်လွင်ငြိမ်း၊ ရဲအုပ်သက်နိုင်ထွေး နွားထိုးကြီးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် သိန်းထွန်းကျော်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဆူးရစ်ကုန်းရွာ နွားထိုးကြီး-မလှိုင်သွားကားလမ်းဘေး ကွင်းအမှတ်-၁၁၄၄ ၌ သွားရောက် စောင့်ဆိုင်းနေစဉ် မလှိုင်မြို့မှ နွားထိုးကြီးမြို့ဘက်သို့ ဆိုင်ကယ်စီးနင်းလာသူများအား စစ်ဆေးနေစဉ် ဆိုင်ကယ်အား မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ နွားထိုးကြီးမြို့နယ် ရွာသာအေးကျေးရွာနေ စိုးသီဟ(ခ) ကိုထက် (ခ) ထက်ထက်ဆိုသူဖြစ်ပြီး ၎င်း၏လက်ထဲမှ ကြွပ်ကြွပ်အိတ်အား လမ်းဘေးသို့ လွှင့်ပစ်လိုက်သည်ကို တွေ့မြင်လိုက်သဖြင့် သွားရောက်စစ်ဆေးရာ ကြွပ်ကြွပ်အိတ်အတွင်းမှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ (ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀ ခန့်) ကို သိမ်းဆည်းရမိကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

**ဘိုဘို(မလှိုင်)**

## မြန်မာ့ရုပ်မြင်သံကြား

၈ -၃- ၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | **အမျိုးသမီးတိုင်းအတွက်** |
| ၈း၅၀ | - | **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ**(၃၆) |
| ၉း၂၅ | - | လှုပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၀ | - | ASEAN Spotlight(Part-17) |
| ၁၀း၃၀ | - | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၁း၀၀ | - | မြစ်မခမီဒီယာ **သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း** |
| ၁၃း၁၀ | - | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ်(Level-I) (လားရှိုးမြို့) (ဒုတိယပိုင်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | **ရှမ်းပြည်နယ်တောင်ပိုင်း ခရီးသွားမြှင့်တင်ရေး** (အပိုင်း-၂) |
| ၁၇း၀၅ | - | **ကြယ်ရောင်လမ်း**(အပိုင်း-၁) |
| ၁၇း၃၅ | - | လူမှုစီးပွားမြင်ကွင်းများ |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | လှပသောအနာဂတ်နေ့ရက်များဆီသို့ |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၁၅) |
| | - | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ ညီညီထွန်းလွင်) |

## မိတ်ဆုံညစာစားပွဲ ဖိတ်ခေါ်ခြင်း

TTC သက်ကြီးဆရာကြီး/ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေ ဂီတဖျော်ဖြေပွဲနှင့် ဆရာကြီး/ဆရာမကြီးများ ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံညစာစားပွဲကို ၂၃-၃-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၆နာရီတွင် Western Park Ruby Restaurant, People's Park၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါကျောင်းသူဟောင်းများထံတွင် လက်မှတ်ဝယ်ယူလှူဒါန်းနိုင်ပါသည်။

၁။ ဒေါ်အေးချမ်းကိုကို(၁၉၈၁)
ဖုန်း-၀၉-၅၀၁၂၇၃၉

၂။ ဒေါ်စိုးစိုးရီ(၁၉၈၂/၈၃)
ဖုန်း-၀၉-၅၁၄၈၄၂၂

၃။ ဒေါ်ယုဝါဝါလွင်ဦး(၁၉၈၃)
ဖုန်း-၀၉-၄၂၀၂၂၅၃၆၁

TTC ကျောင်းထွက်နိုင်ငံကျော်အဆိုတော်များနှင့် Emperor Music Band တို့ တီးခတ်ဖျော်ဖြေမည်ဖြစ်ပါသည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၆-၃-၂၀၁၈ရက်မှ ၉-၃-၂၀၁၈ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၉-၃-၂၀၁၈ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက-ဖုန်း-၀၁-၈၂၅၁၉၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ရန်ကုန်မြို့**

## အမည်ပြောင်း

မင်းကုန်းရွာနေ ဦးခင်ဦး ၉/ပမန(နိုင်)၂၂၅၈၅၅၏သမီး မအေးမွန်စံအား မနန္ဒာထွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနန္ဒာထွေး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၂-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀)တွင် ပါရှိသော ကြော်ငြာစာ ကြော်ငြာတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်၊ အကွက်အမှတ် (၄-၁၀)အစား အကွက်အမှတ်(၄-၁၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခံရသည့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၈ ခုနှစ်၊ မတ်လ(၆)ရက်နေ့၊ နေပြည်တော်၊ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ၊ တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လည်းကောင်း၊

၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ အခွန်စည်းကြပ်နှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ပထမနေရာမှ(၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ **(၃)နှစ်ဆက် "နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်-ပထမဆု)"** ကို လည်းကောင်း၊

၂၀၁၇-ခုနှစ်၊ စက်တင်ဘာလ(၆)ရက်၊ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ဖိလစ်ပိုင်နိုင်ငံ၊ သမ္မတ Mr.Rodrigo Duterte မှ ပေးအပ်ချီးမြှင့်ခဲ့သည့် အာဆီယံနှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သော အမြင့်မားဆုံးဆု **"The Legacy Award (အာဆီယံထူးချွန် စံပြစီးပွားရေး လုပ်ငန်းရှင်ဆု)"** ကို လည်းကောင်း၊

အင်္ဂလန်နိုင်ငံ၊ World Finance မှ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် (၃)နှစ်ဆက် ပေးအပ်ချီးမြှင့်ခဲ့သော အာရှတိုက် အတွက် **"Banker of the Year in Asia (စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည် အကောင်းဆုံး ဘဏ်ဥက္ကဋ္ဌဆု)"** နှင့် အခြား နိုင်ငံတကာဆု အမြောက်အမြား ကိုလည်းကောင်း၊

နာယကအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုင်ငံတွင်း ကဏ္ဍအသီးသီးတွင် နေရာဒေသ မရွေး၊ လူမျိုးဘာသာမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် ပံ့ပိုးကူညီလှူဒါန်းပေးလျက်ရှိပြီး၊ နိုင်ငံတော်နှင့် ပြည်သူအတွက် **ကျပ်ငွေ(၁၃၈)ဘီလီယံကျော်** ကို လှူဒါန်းခဲ့ခြင်း စသည့် ခေတ်အဆက်ဆက် မကြုံတွေ့ဖူးသည့် တစ်မူထူးခြားသော သမိုင်းမှတ်တိုင်သစ်တစ်ခုဖြစ်စေခဲ့သည့် နိုင်ငံ့အကျိုးပြု အရပ်သားပုဂ္ဂိုလ် ဒကာကြီး **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက် အထူးဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် နောင်လာနောင်သား မျိုးဆက်သစ်များ၊ ပြည်သူပြည်သားများ လေးစားအားကျအတုယူ၍ ဒကာကြီးကဲ့သို့ နိုင်ငံအကျိုးပြု ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွန်းလာပါစေကြောင်း၊ နိုင်ငံနှင့်ပြည်သူအကျိုး၊ ဘာသာသာသနာ အကျိုးကိုလည်း ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

**နာယကဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် သံဃာတော်များ**
**ကုံလုံကျောင်းတိုက်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊**
**ဝင်းတယမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်း**

# ဝမ်းမြောက်ဂုဏ်ယူ အနုမောဒနာပြုခြင်း

၂၀၁၈ ခုနှစ်၊ မတ်လ(၆)ရက်နေ့၊ နေပြည်တော်၊ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ၊ တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် နိုင်ငံတော်အခွန်ဘဏ္ဍာအတွက် ဝင်ငွေခွန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သော နိုင်ငံသားကောင်းတာဝန် ကျေပွန်သည့် အခွန်ထမ်း **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လက်ခံရရှိသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုး ပိုမို သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

**ဘဒ္ဒန္တရာဇိန္ဒသိရီ (သာသနာ့စေဒမ္ဗာစရိယ) အဂ္ဂမဟာပဏ္ဍိတရေနှင့် သံဃာတော်များ**
**နောင်တောင်းပရိယတ္တိတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း**
**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။**

# အစိုးရနှင့် KNPP တရားဝင် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ပုံစံသုံးမျိုး တင်ပြပေးသွားမည်

**ရန်ကုန် မတ် ၇**

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ကိုယ်စားလှယ်အဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရုံး အစည်းအဝေးခန်းမတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ပြီး တရားဝင် တွေ့ဆုံဆွေးနွေးပွဲများ လုပ်ဆောင်ပါက ကယားပြည်နယ် မြို့တော် လွိုင်ကော်တွင် တရားဝင်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် KNPP က အဆိုပြုခဲ့ကြောင်း သိရသည်။



**ဆွေးနွေးနိုင်ရန် ပြောကြားခဲ့**

ဆွေးနွေးပွဲတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)အနေဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အခင်းအကျင်းများကို မည်သည့်ပုံစံဖြင့် ဆက်သွားမည်၊ တပ်ဘက်ဆိုင်ရာကိစ္စရပ်များအား မည်သို့ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်၊ ပြည်နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ မည်သည့်ပုံစံ ညှိနှိုင်းစီစဉ်ဆောင်ရွက်မည်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာသည့် ဖြစ်စဉ်တွင် KNPP အနေဖြင့် မည်သည့်ပုံစံမျိုးဖြင့် ပါဝင်စုဖွဲ့ရန်နှင့် နိုင်ငံတကာပါဝင်မှု အခန်းကဏ္ဍများနှင့် ပတ်သက်၍ တိကျသည့် အကန့်အသတ်ထားရှိရန်တို့ကို တရားဝင်ဆွေးနွေးပွဲများတွင် ဆွေးနွေးနိုင်ရန် ပြောကြားခဲ့ကြောင်း KNPP ဒုတိယဥက္ကဋ္ဌ ခူဦးရယ်ထံမှ သိရသည်။

ခူဦးရယ်က "အထူးသဖြင့်ကတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အခင်းအကျင်းတွေကို ကျွန်တော်တို့ ဘယ်လိုဆက်သွားမလဲ၊ တပ်ဘက်ဆိုင်ရာကိစ္စတွေကို ကျွန်တော်တို့ ဘယ်လိုဆက်လက်ညှိနှိုင်းဆောင်ရွက်မလဲ၊ နောက် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်လိုညှိနှိုင်းစီစဉ်ဆောင်ရွက်ကြမလဲ၊ JMC ဆိုတဲ့ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာတဲ့ ဖြစ်စဉ်မှာ ကျွန်တော်တို့ ဘယ်လိုစုဖွဲ့ကြမလဲ၊ နိုင်ငံတကာပါဝင်မှု အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ NCA မှာ ပြဋ္ဌာန်းထားတာက လေ့လာသူများအဖြစ်ရော၊ အကြံပေးအဖြစ်ရော နောက် နည်းပညာအထောက်အကူပြုအဖြစ်ပါ ပါဝင်ခွင့်ပြုထားတာ ရှိပါတယ်၊ ဒါပေမယ့် ဘယ်လိုပါဝင်ခွင့်ပြုမလဲဆိုတဲ့ အကန့်အသတ်ကို တိတိပပ ဆွေးနွေးဖို့ပါ၊ ဒါတွေက အဓိကအကြောင်းအရာအနေနဲ့ထားပြီး ဆွေးနွေးတာဖြစ်ပါတယ်၊ အဖြေထွက်မယ် မထွက်ဘူးက နောက်တရားဝင်တွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပမှပဲ သိရမှာဖြစ်ပါတယ်"ဟု ပြောသည်။

**နှစ်ဖက်လုံးက ရည်မှန်းချက်တူ**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဒီနေ့က အလွတ်သဘော အစည်းအဝေးဖြစ်ပါတယ်၊ အခု NCA ထိုးဖို့အတွက် KNPP ရဲ့အခက်အခဲတွေ ပြောတယ်၊ NCA လေ့လာသူ၊ အကြံပေးတွေကတော့ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) နဲ့ ဆွေးနွေးစဉ်က အကျယ်တဝင့် ဆွေးနွေးပြီးပြီ၊ ဘယ်လိုပုံစံမလဲ၊ ဘယ်အချိန်မှာ ဘာလုပ်ကြမလဲဆိုတာတော့ ဆွေးနွေးဖို့ရှိမယ်၊ ကျန်တာတွေကတော့ NCA က ချမှတ်ထားတဲ့ ပုံစံတွေအတိုင်းသွားဖို့ ကျွန်တော်တို့ဘက်က ဆွေးနွေးတယ်၊ ခြုံပြောရင် အလွတ်သဘောမို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတယ်၊ စိုးရိမ်မှုတွေလည်း ပွင့်ပွင့်လင်းဆွေးနွေးတယ်၊ အရင်ထက်စာရင် ပိုနီးစပ်မှု ရှိလာပြီ၊ တရားဝင်ဆွေးနွေးပွဲအဖြေကို ကြည့်ပြီးမှပဲ တိတိကျကျ ပြောနိုင်မယ့်သဘော ရှိပါတယ်၊ တရားဝင်ဆွေးနွေးပွဲကျင်းပဖို့ အချိန်ထပ်ညှိမယ်၊ ကျင်းပနိုင်တဲ့ ဆွေးနွေးမှုရလဒ်အပေါ်မူတည်ပြီးတော့ ကျန်တာတွေ ဆက်သွားမယ်၊ ကျွန်တော်တို့ နှစ်ဖက်လုံးက ရည်မှန်းချက်တူတယ်၊ ကြီးကြီးမားမား ကွဲလွဲတာမရှိဘူး၊ NCA ထိုးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဖို့ သူတို့အနေနဲ့ တူညီတယ်၊ တရားဝင်ဆွေးနွေးပွဲပေါ်မူတည်ပြီး ရလဒ်ကောင်းတွေ ထွက်လာပြီဆို ကျွန်တော်တို့ မှန်းထားတဲ့ အနေအထားတွေ ထွက်လာနိုင်တယ်"ဟု ပြောသည်။

KNPP အနေဖြင့် အစိုးရနှင့် တရားဝင်ဆွေးနွေးပွဲများ ကျင်းပပြီး တရားဝင်တွေ့ဆုံဆွေးနွေးပွဲများ လုပ်ဆောင်ပါက ရန်ကုန်တွင် မဟုတ်ဘဲ ကယားပြည်နယ် မြို့တော် လွိုင်ကော်တွင် တရားဝင်တွေ့ဆုံဆွေးနွေးမှုလုပ်ရန် ယနေ့ဆွေးနွေးပွဲတွင် အဆိုပြုခဲ့ကြောင်း သိရသည်။

ခူဦးရယ်က "တရားဝင် တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်မယ်ဆိုရင် ရန်ကုန်မှာမဟုတ်ဘဲ ကယားပြည်နယ် မြို့တော် လွိုင်ကော်မှာပဲ တရားဝင်တွေ့ဆုံဆွေးနွေးမှုလုပ်ဖို့ အဆိုပြုခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုရင် ပြည်ထောင်စုအဆင့်နဲ့ ပြည်နယ်အဆင့်က အစိုးရအရာရှိတွေ၊ တပ်မတော်အကြီးအကဲတွေပါ ပါဝင်ပြီးတော့ ဆွေးနွေးခြင်း၊ နားထောင်ခြင်း၊ သိရှိခြင်းအနေနဲ့ ပါဝင်မှုပဲ ဒီသဘောတူညီချက်တွေ ရလာမယ်ဆိုရင် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတဲ့ အခင်းအကျင်းရောက်လာမယ်၊ ဒါဆိုရင် ဘာမှညွှန်ကြားနေစရာမလိုဘဲ အလိုလိုအဆင်ပြေပြေနဲ့ ဘယ်လိုတာဝန်ယူရမယ်၊ ဘယ်လိုတာဝန်ခံရမယ်ဆိုတဲ့ အရာရာကို သိနှင့်ပြီးသား ဖြစ်လိမ့်မယ်လို့ အမြင်ရှိလို့ လွိုင်ကော်မှာ ကျင်းပဖို့ ကျွန်တော်တို့ အဆိုပြုခဲ့တာ ဖြစ်ပါတယ်"ဟု ပြောသည်။

အစိုးရနှင့် KNPP တရားဝင်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန်အတွက် (၁)လွိုင်ကော်၊ (၂)လွိုင်ကော်-ရန်ကုန်၊ (၃) ရန်ကုန်တွင်တစ်လှည့်၊ လွိုင်ကော်တွင် တစ်လှည့် ပုံစံသုံးမျိုး အနက်မှ ကြိုက်သည့်ပုံစံတစ်ခုဖြင့် ဆွေးနွေးနိုင်ရန် ပုံစံသုံးမျိုး တင်ပြပေးသွားမည်ဖြစ်ကြောင်း ဦးဇော်ဌေးထံမှ သိရသည်။

**ဆွေးနွေးပွဲတွေ အမြန်လုပ်သွားဖို့ရှိ**

"သူတို့ကတော့ လွိုင်ကော်မှာ အဆိုပြုတယ်၊ ကျွန်တော်တို့ဘက်က တရားဝင်အစည်းအဝေးအတွက် နေရာသုံးခုကို လူကြီးတွေဆီတင်ပြပြီး ပြန်အကြောင်းပြန်ပါမယ် ပြောထားတယ်၊ လွိုင်ကော်မှာလည်း ဖြစ်နိုင်တယ်၊ ရန်ကုန်-လွိုင်ကော် နှစ်ဖက်ပုံစံ ဆွေးနွေးတာလည်း ဖြစ်ရင်ဖြစ်မယ်၊ နောက် ရန်ကုန် တစ်ခု လွိုင်ကော်တစ်ခုခွဲပြီး ဆွေးနွေးတာလည်း ဖြစ်နိုင်မယ်၊ လွိုင်ကော်မှာ တရားဝင်တွေ့ဆုံဆွေးနွေးမှုရအောင် သူတို့ပြောတာတွေကိုလည်း လက်ခံတယ်၊ အဓိကက ဘာကြောင့်လဲဆိုတော့ NCA ထိုးပြီးသွားရင် အကောင်အထည်ဖော်ရတဲ့ လက်တွေ့အဆင့်က ပြည်နယ်အဆင့်မှာရှိတော့ ပြည်နယ်ကလူတွေ သိထားဖို့သင့်တယ်၊ ဒါကို လူကြီးတွေဆီ တင်ပြမယ်၊ ကြားထဲမှာ တရားဝင်ဆွေးနွေးပွဲတွေ အမြန်လုပ်သွားဖို့ရှိမယ်"ဟု ဦးဇော်ဌေးက ဖြေကြားသည်။

ယနေ့သည် KNPP အနေဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ပြည်နယ်အဆင့် သဘောတူငြိမ်းချမ်းရေးလက်မှတ် (Bilateral Agreement) ရေးထိုးခဲ့သည့် ခြောက်နှစ်တင်းတင်း ပြည့်သည့်နေ့ဖြစ်ပြီး KNPP အနေဖြင့် အစိုးရသစ်ဖြင့် ပထမဆုံး တွေ့ဆုံညှိနှိုင်းခြင်းဖြစ်သည်။

**ဖြစ်လာနိုင်ဖို့ မျှော်လင့်**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေက "အစိုးရသစ်လက်ထက်မှာ KNPP အနေနဲ့ ပထမဆုံးတွေ့ဆုံတာ၊ ခါတိုင်းက DPN အနေနဲ့ပဲ တွေ့တာ၊ အစိုးရဘက်က NCA လက်မှတ်ရေးထိုးနိုင်ဖို့ကို ဆွေးနွေးတယ်၊ သူတို့ဘက်က နဂိုထိုးထားတဲ့ Bilateral ကိစ္စတွေ၊ လွိုင်ကော်မှာ တရားဝင်ဆွေးနွေးပွဲလုပ်ဖို့တွေ အဆိုပြုတယ်၊ ဆွေးနွေးတာတော့ ကောင်းပါတယ်၊ ယုံကြည်မှု ပိုရှိလာတယ်၊ ဒီလကုန် ဒါမှမဟုတ် လဆန်းလောက်မှာ တရားဝင်ဆွေးနွေးပွဲတွေ ဖြစ်လာနိုင်ဖို့ မျှော်လင့်ရတယ်"ဟု ပြောသည်။

**တက်ရောက်**

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ကိုယ်စားလှယ်အဖွဲ့တို့၏ တရားဝင်ဆွေးနွေးမှုသည် ယခု မတ်လအကုန် သို့မဟုတ် ဧပြီလဆန်းတွင် တွေ့ဆုံနိုင်ဖွယ်ရှိပြီး ယနေ့ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ဒုဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ KNPP မှ ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် နှစ်ဖက်ရုံးအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)သည် ယနေ့တွေ့ဆုံမှုအတွက် သတင်းထုတ်ပြန်ချက် တစ်စောင်ထုတ်ပြန်ခဲ့ကာ ညနေပိုင်းတွင် ဒုတိယဥက္ကဋ္ဌ ခူဦးရယ်သည် ရန်ကုန်မြို့ ပါရမီဟိုတယ်တွင် မီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

**သတင်း-ရဲခေါင်ညွန့် ၊ ဓာတ်ပုံ-KNPP**

---

# နိုင်ငံတကာသတင်းများ

## ပျက်ကျရုရှားစစ်ဘက်ပို့ဆောင်ရေးလေယာဉ်တွင် လိုက်ပါလာသူ လူ ၃၉ ဦးလုံး သေဆုံးခဲ့

**မော်စကို မတ် ၇**

ဆီးရီးယားနိုင်ငံ၌ ပျက်ကျခဲ့သော ရုရှားစစ်ဘက်ပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် ကနဦးတွင် လူ ၃၂ ဦး တင်ဆောင်လာသည်ဟု သတင်းရရှိသော်လည်း နောက်ပိုင်းပျက်ကျချိန်တွင် လူ ၃၉ ဦး တင်ဆောင်လာကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အန်-၂၆ လေယာဉ်သည် ဆီးရီးယားနိုင်ငံ ဟေမေမင်လေတပ်အခြေစိုက်စခန်းသို့ ဆင်းသက်စဉ် မြေပြင်နှင့် တိုက်မိပြီး လေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ၃၃ ဦးနှင့် လေယာဉ်အမှုထမ်း ခြောက်ဦးစလုံး သေဆုံးခဲ့ကြောင်း ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

သေဆုံးသူများ အားလုံးသည် ရုရှားစစ်မှုထမ်းများဖြစ်ပြီး ၎င်းတို့၏ မိသားစုဝင်များအား လိုအပ်သည့် ထောက်ပံ့မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း လေယာဉ်ပျက်ကျခြင်းကြောင့် သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့် မိတ်ဆွေများထံ ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်ဟု ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ခဲ့သည်။

လေယာဉ်ပျက်ကျခြင်းသည် တိုက်ခိုက်ခံရခြင်းမဟုတ်ကြောင်း၊ နည်းပညာချို့ယွင်းမှုကြောင့်သာဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက အဆိုပါနေ့ အစောပိုင်းက ပြောခဲ့သော်လည်း လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးရန် ကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဟေမေမင်လေတပ်အခြေစိုက်စခန်းသည် ဆီးရီးယားနိုင်ငံအတွင်းရှိ အကြမ်းဖက်သမားများအား တိုက်ခိုက်နေသည့် ဆီးရီးယားတပ်ဖွဲ့များကို ထောက်ပံ့ရန်အတွက် အသုံးပြုသော လေတပ်အခြေစိုက်စခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ထရန့်၏ အခွန်ကောက်ခံမည့်အစီအစဉ် ရီပတ်ဘလစ်ကန်တို့၏ ကန့်ကွက်မှုများနှင့်ရင်ဆိုင်နေရ




**ဝါရှင်တန် မတ် ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် တင်ပို့ကုန်အခွန်ကောက်ခံမှု ပြုလုပ်သွားမည့် အစီအစဉ်အပေါ် ၎င်း၏ပါတီအတွင်း၌ ကန့်ကွက်ဆန့်ကျင်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ရီပတ်ဘလစ်ကန်အထက်လွှတ်တော် ပြောရေးဆိုခွင့်ရှိသူ ပေါလ်ရိုင်ယန်က အခွန်စည်းကြပ်မှုလွှမ်းခြုံပြုလုပ်မည့်အစား ပိုမိုပြတ်သားသည့် ချဉ်းကပ်မှုတစ်ခုကို ဆောင်ရွက်သွားရန် အကြံပေးခဲ့သည်။

ရိုင်ယန်က စတီးနှင့်သံမဏိတင်ပို့ကုန်များတွင်အခွန်ကောက်ခံမှုကို အမေရိကန်သို့ ယင်းတင်ပို့ကုန်များကို ရောင်းချနေသည့်နိုင်ငံတိုင်းကို ကောက်ခံမှုမပြုဘဲ အထူးသဖြင့် တရုတ်နှင့် အခြားနိုင်ငံများကဲ့သို့ သံမဏိနှင့် အလူမီနီယမ်ပစ္စည်းများကို လိုအပ်သည့် ပမာဏထက် ပိုမိုစုပြုံထုတ်လုပ်နေသည့် နိုင်ငံများကို ပစ်မှတ်ထားသင့်ကြောင်း အကြံပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တောင်-မြောက်ကိုရီးယား နှစ်နိုင်ငံဆွေးနွေးမှု အထမြောက်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂထောက်ခံ

**ဂျီနီဗာ မတ် ၇**

ယခုလအတွင်း မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့ ဆွေးနွေးမှုများ တက်ကြွစွာ ဆောင်ရွက်ခဲ့ခြင်းအပေါ် ကြိုဆိုကြောင်းနှင့် ကုလသမဂ္ဂအနေဖြင့် အဆိုပါဆောင်ရွက်မှုများအပေါ် ထောက်ခံပေးသွားမည် ဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် မတ် ၅ ရက်က ပြုံယမ်းသို့ သွားရောက်လည်ပတ်ခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင်နှင့် ညစာအတူစားခဲ့ကြောင်း၊ ယခုနှစ်ဧပြီလတွင် နှစ်နိုင်ငံအနေဖြင့် ထိပ်သီးအစည်းအဝေးတစ်ခုပြုလုပ်သွားမည်ဖြစ်ပြီး ယင်းအစည်းအဝေးအတွင်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ကိစ္စများ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ တိုးတက်လာသော အခြေအနေများအပေါ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ဝမ်းသာကြောင်းနှင့် ကုလသမဂ္ဂအနေဖြင့် စစ်ရေးတင်းမာမှု အခြေအနေကို ပိုမိုလျော့ကျစေလိုပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးနှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားလိုကြောင်း ဆက်လက်ပြောကြားခဲ့သည်။

တောင်-မြောက် ကိုရီးယားနှစ်နိုင်ငံအနေဖြင့် ရှိရင်းစွဲအခြေအနေကို ဆက်လက်ထိန်းသိမ်းပြီး အခွင့်အရေးများကို ဆုပ်ကိုင်ကာ ငြိမ်းချမ်းရေးရရှိနိုင်မည့် နည်းလမ်းကို ရှာဖွေသွားရမည်ဖြစ်ကြောင်း၊ ကိုရီးယားကျွန်းဆွယ် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အလွန်ကောင်းမွန်သည့် အချိန်အခါပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ကျောထောက်နောက်ခံ ပေးခဲ့သည့်အတွက် ရုရှားနှင့် အီရန်ကို အမေရိကန် အပြစ်ဆို

**ဝါရှင်တန် မတ် ၇**

ရုရှားနှင့် အီရန်တို့၏ ကျောထောက်နောက်ခံပေးထားမှုဖြင့် သူပုန်အဖွဲ့က အခိုင်အမာထိန်းချုပ်ထားသည့် အရှေ့ဂူတာ၌ ဆီးရီးယားအစိုးရအဖွဲ့က လုပ်ဆောင်နေသည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အိမ်ဖြူတော်က ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

ထိုးစစ်ဆင်တိုက်ခိုက်မှုသည် မှားယွင်းသည့် အကြမ်းဖက်ဆန့်ကျင်သည့် စစ်ဆင်ရေးများကို မှားယွင်းသည့် ထောက်ပံ့ကူညီ အားပေးမှုများ အောက်တွင် အပြစ်မဲ့အရပ်သားများကို သတ်ဖြတ်နေခြင်းပင်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်အရ သိရသည်။

အိမ်ဖြူတော်၏ ထုတ်ပြန်ချက်၌ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ဆီးရီးယားအစိုးရနှင့် ရုရှားတို့၏ တိုက်ခိုက်မှုများကြောင့် အလက်ပို၌ အရပ်သားထောင်ချီ သေဆုံးခဲ့ရမှုအခြေအနေများကို နှိုင်းယှဉ်ပြထားသည်။

သမ္မတဘတ်ရှာအယ်လ် အာဆတ်အစိုးရအဖွဲ့အနေဖြင့် အရှေ့ဂူတာရှိ ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် အရပ်သားများကို ပစ်မှတ်ထားနေခြင်းကို ချက်ချင်းရပ်တန့်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရေးတကြီးလိုအပ်နေသည့် လူလေးသိန်းနီးပါးအတွက် အကူအညီများပို့ဆောင်ခွင့်ပြုရန် အိမ်ဖြူတော်က တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

### ဖိလစ်ပိုင်၌ ဆောက်လက်စ လေးထပ်တိုက်အဆောက်အအုံ တန်းလျားပြိုကျရာ ငါးဦးထက်မနည်းသေဆုံး

**မနီလာ မတ် ၇**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းစီဗူးမြို့၌ မတ် ၆ ရက်နံနက်ပိုင်းကဆောက်လက်စ လေးထပ်တိုက် အဆောက်အအုံတန်းလျားပြိုကျမှုဖြစ်ပွားခဲ့ရာ အလုပ်သမားငါးဦးထက်မနည်းသေဆုံးခဲ့ပြီး ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းမတော်တဆမှုသည် စီဗူးမြို့ရှိ ရွာငယ်လေးတစ်ရွာဖြစ်သည့် လုဇ်ကျေးရွာတွင် မတ် ၆ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘေးအန္တရာယ်ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောခဲ့သည်။

ဒဏ်ရာရသူများအနက် ငါးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်းနှင့် ၎င်းတို့အား ဆေးကုသရန် ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

အဆောက်အအုံ ပြိုကျချိန်တွင် အဆိုပါနေရာတွင် အလုပ်သမား ၁၅၃ ဦးထက်မနည်းရှိခဲ့ကြောင်း သိရသည်။ အဆောက်အအုံပြိုကျသည့် နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

---

# EU ကို စိတ်ကသိကအောက်ဖြစ်အောင်လုပ်လိုက်တဲ့ ထရန့်ရဲ့ အခွန်ကောက်ခံမှုအစီအစဉ်

*ကလျာမိုးမြင့်*



ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ သံမဏိနဲ့ အလူမီနီယမ် တင်ပို့ကုန်တွေအပေါ်မှာ အခွန်ကောက်ခံမှုတွေ ပြုလုပ်သွားဖို့ စီစဉ်လိုက်ပြီး ဒီအစီအစဉ်ဟာ ဥရောပသမဂ္ဂအတွင်းမှာ ဒေါသတွေကို ဆူပွက်လာစေခဲ့သလို အဖွဲ့ဝင်တွေဟာ ဒီအစီအစဉ်ကို ပြန်ပြီးတုံ့ပြန်မယ့် အရေးယူဆောင်ရွက်မှုတွေ လုပ်သွားဖို့ အလေးပေးလျက်ရှိနေပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာ ထရန့်က အမေရိကန်ပြည်ထောင်စုဟာ သံမဏိတင်ပို့ကုန်တွေကို ၂၅ ရာခိုင်နှုန်းအခွန်ကောက်ခံမှာဖြစ်ပြီး အလူမီနီယမ် တင်ပို့ကုန်တွေကိုတော့ ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံမယ်လို့ ကြေညာလိုက်တာ ဖြစ်ပါတယ်။

### ဥရောပက ပြင်းပြင်းထန်ထန် တုံ့ပြန်မည်

ထရန့်က ဒီလိုကြေညာလိုက်ပြီး မကြာခင်မှာဘဲ ဥရောပကော်မရှင် ဥက္ကဋ္ဌ ယန်းကလော်ဒီယန်ကာက ဥရောပသမဂ္ဂဟာ အဖွဲ့ရဲ့ ကိုယ်ပိုင်အကျိုးစီးပွားကို ကာကွယ်ဖို့အတွက်တော့ အထိုက်အလျောက် တုံ့ပြန်သွားရမှာပဲလို့ ပြောဆိုခဲ့ပါတယ်။ အခြေအနေတွေ ပြန်ပြီးတည်ငြိမ်သွားဖို့အတွက် အမေရိကန်ကို ရင်ဆိုင်သွားဖို့ သင့်လျော်ညီညွတ်တဲ့ အဆိုပြုချက်တစ်ခုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးသို့ လာမယ့်ရက်အနည်းငယ်အတွင်း တင်ပြသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဥရောပသမဂ္ဂဟာ ဆယ်စုနှစ်ပေါင်းများစွာကြာတဲ့အထိ အမေရိကန်ရဲ့ လုံခြုံရေး မဟာမိတ်အဖြစ် ရှိလာခဲ့တာအမှန်ပါပဲ။ ဒါပေမယ့် ဥရောပနိုင်ငံသားတွေရဲ့ အလုပ် အကိုင်ထောင်ပေါင်းများစွာကို အခက်အခဲဒုက္ခကျရောက်သွားစေမယ့် မမျှတတဲ့ စီမံဆောင်ရွက်မှုတွေကြောင့် ကျွန်ုပ်တို့ရဲ့ ကုန်ထုတ်လုပ်ငန်းတွေ အထိနာရမယ့် အဖြစ်မျိုးကိုတော့ ပျင်းရိလေးတွဲစွာ ထိုင်ကြည့်မနေနိုင်ဘူးလို့ ယန်ကာက ပြောကြားပါတယ်။

### ထရန့်ရဲ့အစီအစဉ်ကို ဂျာမနီလက်မခံ

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂ်မာဂါဘရီရယ်လ်ကလည်း အမေရိကန်ရဲ့ အပြုအမူဟာ လုံးဝလက်ခံနိုင်စရာ မရှိဘူးလို့ ပြောကြားခဲ့ပြီး ဥရောပသမဂ္ဂက ဒီကိစ္စကို ပြင်းပြင်းထန်ထန်တုံ့ပြန်ဖို့ တိုက်တွန်း တောင်းဆိုထားတယ်။ ထရန့်ကိုလည်း ၎င်းရဲ့ ကြေညာချက်ကို ပြန်ပြီး စဉ်းစား သုံးသပ်ဖို့ တွန်းအားပေးနေပါတယ်။ ဥရောပမှာရှိတဲ့ အလုပ်အကိုင်ထောင် ပေါင်းများစွာကို ခြိမ်းခြောက်နေတဲ့ အမေရိကန်ရဲ့ အခွန်ကောက်ခံမှု အစီအစဉ်ကို ဥရောပသမဂ္ဂအနေနဲ့ ပြင်းပြင်းထန်ထန်တုံ့ပြန်သွားရမှာ ဖြစ်တယ်လို့ ဂါဘရီရယ်လ်က ဂျာမန်သတင်းစာသို့ ပြောကြားခဲ့ပါတယ်။

ဥရောပသမဂ္ဂရဲ့ သံမဏိထုတ်လုပ်ရေး လုပ်ငန်းအုပ်စုဟာ အတော်လေး အဓိကကျတဲ့ အုပ်စုလည်း ဖြစ်တယ်။ ထရန့်ဟာ တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ် ရေးထိပ်တိုက် ရင်ဆိုင်ယှဉ်ပြိုင်မှုကို ရွေးချယ်လိုက်တာပဲလို့ ဥရောပသံမဏိထုတ်လုပ်ငန်းအသင်း အထွေထွေညွှန်ကြားရေးမှူး အေဇယ်အက်ဂါ့ဒ်က ပြောကြားခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ အမေရိကန်သို့ သံမဏိတန်ချိန်ပေါင်း ငါးသန်းအထိ တင်ပို့မှုရှိခဲ့တဲ့ ဥရောပသံမဏိတင်ပို့ကုန်တွေကို အပြင်းအထန် ထိခိုက်လာစေလိမ့်မယ်လို့ သောကြာနေ့ ဖော်ပြချက်တစ်ခုမှာ ၎င်းက ပြောဆိုထားတာကို တွေ့ရပါတယ်။

သမ္မတထရန့်ဟာ၎င်းရဲ့ ကုန်သွယ်ရေးဆိုင်ရာအတွင်းဝန်က အကြံပြုထားတဲ့ကြားကနေ ပြိုကွဲပျက်စီးဖို့ အဖြစ်နိုင်ဆုံးနည်းလမ်းကို ရွေးချယ်လိုက်တာပဲလို့ ၎င်းက ပြောပါတယ်။ ဂျာမန်ကုန်ထုတ်လုပ်ငန်းဖက်ဒရေးရှင်း (BDI) ဟာ အမေရိကန်ရဲ့ အစီအစဉ်အပေါ်မှာ သင့်လျော်တဲ့ တုံ့ပြန်မှုတွေ ပြုလုပ်သွားဖို့ ဥရောပသမဂ္ဂက ဆောင်ရွက်မယ့် အစီအစဉ်တွေကို ထောက်ခံအားပေးနေတယ်လို့ ပြီးခဲ့တဲ့ သောကြာနေ့က ဖော်ပြခဲ့တဲ့ ဘီဒီအိုင်ဥက္ကဋ္ဌ ဒိုင်ရက်တာ ကင့်မ်ရဲ့ ပြောပြချက်အရ သိရပါတယ်။

ဥရောပကုန်သွယ်ရေးကော်မရှင်နာစီစီလျာမယ်လ်စထရွန်က အမေရိကန်ရဲ့ စီမံဆောင်ရွက်ချက်ဟာ အတ္တလန္တိတ်ဒေသကို ဖြတ်ကျော်တဲ့ ကုန်သွယ်ဆက်ဆံမှုနဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ကို မကောင်းတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်လာစေလိမ့်မယ်လို့ ဝေဖန်သုံးသပ်ခဲ့ပါတယ်။ ဥရောပသမဂ္ဂကနေ ဝင်ရောက်လာမယ့် သံမဏိနဲ့ အလူမီနီယမ်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး နောက်ထပ်တင်ပို့ရေးလုပ်ငန်းတာဝန်တွေကြောင့် အမေရိကန်နဲ့ ဥရောပသမဂ္ဂကုန်သွယ် ဆက်ဆံရေးကို ထိခိုက်လာလိမ့်မယ်လို့ ဘရပ်ဆဲလ်မှာ အခြေစိုက်ထားတဲ့ အမျိုးသားအကျိုးစီးပွားဆိုင်ရာ အကြံပေးပါရဂူအဖွဲ့ ဒါရိုက်တာ ဖရက်ဒစ်အယ် ရစ်ဆန်က ပြောကြားပါတယ်။

အမေရိကန်နဲ့ ဥရောပသမဂ္ဂကြားမှာ ကုန်သွယ်ရေးနဲ့ စီးပွားရေးဆိုင်ရာ ပွတ်တိုက်မှုအချို့အမြဲလိုလိုရှိနေခဲ့တာကတော့ အမှန်ပါ။ ဒါပေမယ့် ခုအချိန်မှာ အမေရိကန်က ဘယ်လိုပြောလာ သလဲဆိုတော့ ၎င်းရဲ့အဓိကမဟာမိတ်တွေထဲက တစ်ခုဟာဆိုရင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြောင်းပြချက်တွေနဲ့ လွတ်လပ်စွာ တင်ပို့နိုင်တော့မှာ မဟုတ်ဘူးတဲ့။ ဒါဟာ အရှိုက်ကိုတည့်တည့် ထိမှန်လိုက်တဲ့ ရိုက်ချက်ပဲလို့ အယ်ရစ်ဆန်က ဆိုပါတယ်။ ပြီးတော့ ဒီအချက်ဟာ ၎င်းတို့မှာ ဖြစ်ပေါ်နေတဲ့ ယှဉ်ပြိုင်မှုနဲ့ အခွန်မူဝါဒပိုင်းမှာ အငြင်းပွားမှုတွေကို ထပ်ဖြည့်ပေးလိုက်သလို ဖြစ်သွားစေခဲ့ပါတယ်။

ဘရပ်ဆဲလ်မှာ အခြေစိုက်ထားတဲ့ ကျွမ်းကျင်သူက လတ်တလောအချိန်မှာ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ကြား စစ်မှန်တဲ့ အမှန်တကယ်ပူပေါင်းဆောင်ရွက်မှုရှိမှာမဟုတ်ဘူး။ ပြီးတော့ ထရန့်ရဲ့ ခုလို လုပ်ဆောင်ချက်အသစ်နဲ့ဆိုရင် ကျွန်ုပ်တို့ အသေအချာပြောနိုင်တာကတော့ ဒီဆက်ဆံရေးဟာ ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်မှုတစ်ခုဆီကို ရောက်ရှိသွားတော့မယ်ဆိုတာပဲလို့ အသေအချာ ဝေဖန်ထောက်ပြခဲ့ပါတယ်။

ကိုယ်ပိုင် အကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်တဲ့ မူဝါဒအသစ်ဟာ ကုန်သွယ်ရေးနိုင်ငံတစ်ခု ဖြစ်တဲ့ ဂျာမနီကို မြန်မြန်ဆန်ဆန် ဒုက္ခပေးလာလိမ့်မယ်လို့ ကင့်မ်က သတိပေးလာပါတယ်။ ထရန့်အနေနဲ့ ခုလိုကြေညာလိုက်တာဟာ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်သွားအောင် လုပ်လိုက်တာပဲ။ အသစ်ကြေညာလိုက်တဲ့ အခွန်ကောက်ခံမှု အစီအစဉ်ဟာ အမေရိကန်ရဲ့စီးပွားရေးကို အထောက်အကူပြုမှာ မဟုတ်သလို သံမဏိအသုံးပြုတဲ့ ကဏ္ဍတွေမှာ ကြီးမားတဲ့ အလုပ်အကိုင်ဆုံးရှုံးမှုတွေ ဖြစ်လာစေနိုင်တယ်လို့ အယ်ရစ်ဆန်က သတိပေးလျက်ရှိပါတယ်။

ဒီအစီအစဉ်ကြောင့် အမေရိကန်သံမဏိလုပ်ငန်းတွေမှာ တိုးတက်မှု အနည်းအကျဉ်း ဖြစ်လာစေမယ်။ ဒါပေမယ့် သံမဏိအသုံးပြုတဲ့ အလုပ်အကိုင် ဆုံးရှုံးမှုတွေ ပိုများစေတယ်လို့ ၎င်းက ဖွင့်ဟပြောကြားခဲ့ပါတယ်။ သံမဏိဟာသွင်းကုန်ပစ္စည်းတစ်ခု ဖြစ်ပြီးဆောက်လုပ်ရေးနဲ့ ကားထုတ်လုပ်မှု ကုန်ကျစရိတ်တွေ ထိုးတက်လာနိုင်တယ်။ ဒီလို ထိုးတက်လာမှုကြောင့် အခြေခံအဆောက်အအုံသစ် တည်ဆောက်ရာမှာ ပိုမိုဈေးနှုန်းကြီးမြင့်လာပြီး မော်တော်ကားထုတ်လုပ်ရေးမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုတွေ ဖြစ်လာလိမ့်မယ်လို့ အယ်ရစ်ဆန်က ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

**ကိုးကား-ဆင်ဟွာ**

> “အမေရိကန်နဲ့ ဥရောပသမဂ္ဂကြားမှာ ကုန်သွယ်ရေးနဲ့ စီးပွားရေးဆိုင်ရာ ပွတ်တိုက်မှုအချို့ အမြဲလိုလိုရှိနေခဲ့တာကတော့ အမှန်ပါ။ ဒါပေမယ့် ခုအချိန်မှာ အမေရိကန်က ဘယ်လို ပြောလာသလဲဆိုတော့ ၎င်းရဲ့အဓိကမဟာမိတ်တွေထဲက တစ်ခုဟာဆိုရင် အမျိုးသားလုံခြုံရေး ဆိုင်ရာအကြောင်းပြချက်တွေနဲ့ လွတ်လပ်စွာတင်ပို့နိုင်တော့မှာ မဟုတ်ဘူး”

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း

**တောင်ကြီး မတ် ၇**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး တတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် မွန်းလွဲ ၂နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အောင်မြင်နိုင်မည် ယုံကြည်**

ညှိနှိုင်းအစည်းအဝေးတွင် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများအား လေ့လာကြည့်ပါက ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် စာပေရှိသည့် တိုင်းရင်းသားလူမျိုးစုများရှိသလို ဘာသာစကားသာရှိပြီး စာပေမရှိသေးသည့် တိုင်းရင်းသားလူမျိုးစုများအား တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုများ အနေဖြင့် စာပေယဉ်ကျေးမှု အမွေအနှစ်များ အသီးသီးရှိနေသော်လည်း၊ အချို့မှာ တိမ်မြုပ် ပျောက်ကွယ်လျက်ရှိသလို အချို့လူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပျောက်ပျက်မသွားစေရေး အားပေးဖော်ထုတ်၍ မြှင့်တင်ပေးရန် လိုအပ်လျက် ရှိနေကြောင်း၊ တိုင်းရင်းသား လူမျိုးစုစာပေ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပြန်လည်ဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်နှင့် မြှင့်တင်ပေးရန် လိုအပ်လျက်ရှိသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် စသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များနှင့် ရှမ်းပြည်နယ် တိုင်းရင်းသား လူမျိုးစု စာပေစာတမ်း ဖတ်ပွဲ၊ ရိုးရာကျေးမှုပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများ အနေဖြင့် စာပေဆိုင်ရာ စာတမ်း ၁၄ စောင်၊ ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင် စုစုပေါင်း စာတမ်း ၂၆ စောင် တင်သွင်းဖတ်ကြားသွားမည် ဖြစ်ပြီး ရိုးရာယဉ်ကျေးမှု အသုံးအဆောင် ပစ္စည်းများ ပြခန်း ၂၃ ခန်း ခင်းကျင်းပြသရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နေ့စဉ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရသည့်အတွက် ပွဲတော်ကျင်းပရသည့် ဦးတည်ရည်ရွယ်ချက်များ ပိုမိုအောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က ပွဲတော်ကျင်းပရေး လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီဝင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပွဲတော်ကျင်းပမည့် နေ့ရက်၊ ကျင်းပမည့် နေရာနှင့် ကျင်းပမည့် အစီအစဉ်များအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ယင်းနောက် အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်း ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး လုပ်ငန်း ကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်း ကော်မတီ၊ ပြပွဲ၊ ပြခန်း ခင်းကျင်းပြသရေးနှင့် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ရေး လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်း ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး လုပ်ငန်း ကော်မတီ၊ စာတမ်းစိစစ်ရေးလုပ်ငန်း ကော်မတီ၊ သတင်း၊ မှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်း ကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ သန့်ရှင်းရေး ဆောင်ရွက်မှုလုပ်ငန်း ကော်မတီစသည့် ကော်မတီ အသီးသီးတို့မှ တင်ပြဆွေးနွေးကြသည်။

**ကျင်းပသွားမည်**

အဆိုပါပွဲတော်ကို မတ် ၂၁ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်တိုင်းရင်းသား လူမျိုးစု စာပေစာတမ်းဖတ်ပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု ပြခန်းများ၊ ရိုးရာအကပဒေသာကပွဲများနှင့် ဈေးရောင်းပွဲတော်ကို တောင်ကြီးမြို့အဝေရာ ကုန်းသာယာကွင်း၌ လည်းကောင်း၊ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး

**လွိုင်ကော် မတ် ၇**
ကယားပြည်နယ်အတွင်းမှ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှုကဏ္ဍမြှင့် တင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ ပြည်နယ်အစိုးရနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ မတ် ၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းဝေးခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်းမှ တိုင်းရင်းသား လူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ရေးအတွက် လုပ်ငန်းအမျိုးအစားအလိုက် ဘဏ္ဍာငွေလျာထားချက်များ၊ လိုအပ်ချက် အခက်အခဲများ၊ ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ ကူညီပံ့ပိုးပေးရမည့် ကဏ္ဍများနှင့် အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့် အချက်များကို တိုင်းရင်းသား စာပေနှင့်ယဉ် ကျေးမှုကော်မတီများက ပွင့်လင်းမြင်သာစွာ တင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးကြကာ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့များကလည်း စာပေသင်ကြားပေးနေမှုများ၊ ယဉ်ကျေးမှု အခန်းကဏ္ဍ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြသည်။ ဆက်လက်၍ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု မြှင့်တင်ရေးအတွက် ဖော်ထုတ်ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေ သင်ကြားပေးနေမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပညာရှင် ဦးပီမောင်စိုးက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုခဲ့သည်။

ကယားပြည်နယ်အစိုးရအနေဖြင့် တိုင်းရင်းသားအခန်းကဏ္ဍကို ဦးစားပေး ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာအမွေအနှစ်များ ပိုမိုပေါ်လွင်ထင်ရှားလာအောင် အစိုးရအဖွဲ့၏အားကိုယူပြီး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကော်မတီအဖွဲ့များနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က ပြောကြားသည်။

**ပြည်နယ် (ပြန်/ဆက်)**



မတ် ၃ ရက်က လွိုင်မြို့နယ် အမှတ်-၁၀ ရပ်ကွက်တွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်တို့က မှုခင်းကျဆင်းရေးနှင့် ရဲ လုပ်ငန်းစနစ်လုပ်ဆောင်ချက်များကို ဟောပြောဆွေးနွေးစဉ်။

မီးမီး (လွိုင်)

# ဖန်းမော်မြို့ ဂေါ်ရာကန် သန့်ရှင်းရေးအတွက် ရေဟောင်းများထုတ်ယူ

**ဖန်းမော် မတ် ၇**
ကချင်ပြည်နယ် ဖန်းမော်မြို့ သာစည်ရပ်ကွက်ရှိ ဂေါ်ရာကန်သည် လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာကျော်ကပင် တည်ရှိခဲ့ကာ ယခုအခါ ရေကန်တိမ်ကောလာခြင်း၊ ကန်ရေများညစ်ညမ်းလာခြင်းနှင့် ရေမှော်များ ဒိုက်များ ရှိလာခြင်းတို့ကြောင့် ကန်အတွင်းရှိ ရေဟောင်းများကို မတ် ၅ ရက် ညနေ ၄ နာရီမှစတင်၍ ရေစုပ်စက်များဖြင့် ထုတ်ယူခဲ့ကြကြောင်း သိရသည်။

ရေဟောင်းများထုတ်ယူပြီးလျှင် ကန်အတွင်းရှိ ဒိုက်နှင့် အမှိုက်သရိုက်များကို ဆယ်ယူရှင်းလင်းမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်ရေ မြင့်တက်လာပါက ကန်အတွင်းသို့ မြစ်ရေများ စီးဆင်းဝင်နိုင်အောင် ဆောင်ရွက်ထားကြောင်း၊ ထို့ကြောင့် ရေဟောင်းများထုတ်ယူပြီး မြစ်ရေများ ပြန်ရပါက ကြည်လင်သန့်ရှင်းသောရေကန်ဖြစ်လာမည်ဖြစ်ကာ ပြည်သူများအတွက်လည်း ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်းရေသန့်များ ရရှိလာမည်ဖြစ်သည်။



ဂေါ်ရာကန်ရေပြင်သည် ယခင်က ကြည်လင်အေးမြ သန့်ရှင်းသာယာလှသဖြင့် သိမ်မဟာစေတီ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် လှေပြိုင်ပွဲများကို ကန်အတွင်း၌ ကျင်းပခဲ့သလို မြန်မာ့လက်ရွေးစင် ရေကူးချန်ပီယံ တင်မောင်နီ(ဖန်းမော်)သည်လည်း ဤဂေါ်ရာကန်အတွင်း ရေကူးလေ့ကျင့်ခဲ့ဖူးကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး ကလေးမြို့နယ်၌ ဆွေးနွေးပွဲကျင်းပ

**ကလေး မတ် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း၌ အမျိုးသမီးများ အကြမ်းဖက်ခံရမှုများမှကင်းဝေးစေရေးနှင့် အမျိုးသမီးများ၏စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက်က မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းအပေါ် အခြေခံကာ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်မြလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကလေးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇာဇာဝေက ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး အစည်းအဝေးတက်ရောက်သူများကလည်း လုပ်ငန်းစဉ်များ အကြံပြုဆွေးနွေးခဲ့ကြသည်။

**ချင်းတွင်းသား**

# ကန့်သတ်ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးများရောင်းချခြင်းရှိမရှိ စစ်ဆေး



**ပဲခူး မတ် ၇**

ပဲခူးမြို့နယ်အတွင်း အင်တာပိုလ်မှ ဦးဆောင်ပြုလုပ်သည့် စံချိန်နှင့်မညီသော ဆေးဝါးများ၊ ဆေးဝါးတုများနှင့် စပ်လျဉ်း၍ ရောင်းဝယ်ဖြန့်ဖြူးမှု ရှိ မရှိစစ်ဆေးခြင်းကို မတ် ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့အား ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြတ်မိုးကြည်နှင့် အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးကျော်ကိုကိုသိန်း၊ ဦးဘိုဘိုထွန်းနှင့်အဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှ ဒုရဲမှူးသန်းဦး ဦးဆောင်သောအဖွဲ့၊ ပဲခူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာရန်နိုင်ရှိန်းနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးသက်လွင်နှင့်အဖွဲ့၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ပဲခူးမြို့၊ အင်းတကော်မြို့၊ ဘုရားကြီးမြို့တို့တွင် အိမ်သုံးဆေးဝါးများ ရောင်းချနေသော ဆေးဆိုင်များတွင် ဆေးအတု၊ သက်တမ်းလွန်ဆေးများ၊ စံချိန်စံညွှန်းမညီသည့်ဆေးများ ရောင်းချခြင်း ရှိမရှိ ဝင်ရောက်စစ်ဆေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဆရာဝန်များအတွက် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအထူးသင်တန်းပို့ချ

**မန္တလေး မတ် ၇**

မြန်မာနိုင်ငံဆရာဝန်အသင်း အသည်းနှင့်အစာအိမ်အူလမ်းကြောင်းအဖွဲ့မှ ဦးစီးကျင်းပသော ဆရာဝန်များအတွက် Special- CME G1 and liver update ဆေးပညာရပ်ဆိုင်ရာ သင်တန်းကို မတ် ၅ ရက်က မန္တလေးမြို့ မြို့ပတ်လမ်းရှိ ရွှေပြည်သာဟိုတယ် သာရတနာခန်းမ၌ ကျင်းပရာ သင်တန်းသို့ မြန်မာနိုင်ငံဆရာဝန်အသင်း မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌပါမောက္ခဒေါက်တာခင်မောင်မြင့်၊ ပညာရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ရှိန်မြင့်၊ မြန်မာနိုင်ငံဆရာဝန်အသင်း အသည်းနှင့်အစာအိမ်အူလမ်းကြောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁)ဒေါက်တာ နွယ်နီ၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာညိုမီခိုင်သန်းလှိုင်နှင့် ဘွဲ့လွန်ကျောင်းသားများ၊ အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပါမောက္ခဒေါက်တာညိုမီခိုင်သန်းလှိုင်က Drug Indueed Liver Injury ဆေးများကြောင့် အသည်းထိခိုက်ဒဏ်ရာ ရရှိခြင်းအကြောင်းကိုလည်းကောင်း၊ ပါမောက္ခဒေါက်တာသန္တာထွန်းက Facts tobe Known Beyond the Interpretations of the Liver Tests အကြောင်းကိုလည်းကောင်း၊ ကထိက ဒေါက်တာဇော်ထွန်းဝင်းက Approach to Focal Lever Lesions အကြောင်းကိုလည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းထွန်းဦးက Role of EUS Current Management of Cystic Pancreatic Lesions အကြောင်းကိုလည်းကောင်း၊ ပါမောက္ခဒေါက်တာခွန်အောင်က Role of Surgery in Current Management of Cystic Pancreatic Lesions အကြောင်းကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြသည်။

တက်ရောက်လာသော ဆရာဝန်များက မရှင်းလင်းသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရိုးရာသိုင်းပညာများ မတိမ်ကောစေရန် နွေရာသီ မြန်မာ့သိုင်းသင်တန်းအခမဲ့ပို့ချ

**တာချီလိတ် မတ် ၇**

မြန်မာ့သမိုင်းအမွေအနှစ်အဖြစ် ရိုးရာသိုင်းပညာရှင်များ မတိမ်ကောမပပျောက်စေရန်နှင့် မြန်မာ့ရိုးရာသိုင်းပညာရပ်များ ခေတ်စနစ်နှင့်အညီ တိုးတက်ပြန့်ပွားလာစေရန်၊ မျိုးဆက်သစ်အားကစားသမား မောင်မယ်များပေါ်ထွက်လာစေရန်၊ နွေရာသီကျောင်းပိတ်ရက်များကို လူငယ်များ အကျိုးရှိရှိ အသုံးချတတ်စေရန်၊ မြန်မာ့သိုင်းပညာရပ်များကို မြန်မာလူငယ်တိုင်း သိရှိစေရန်၊ အခြေခံကျကျ သင်ယူတတ်မြောက်နိုင်စေရန်နှင့် မြန်မာ့ရိုးရာအမွေအနှစ်အဖြစ် သိရှိပြီး စဉ်ဆက်မပြတ် ထိန်းသိမ်းပြန့်ပွားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အင်းသားလူမှုရေးအသင်း(တာချီလိတ်)တို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံမြန်မာ့သိုင်းသင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၁ ရက်အထိ တစ်လသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



သင်တန်းကို ပုန်းထွန်အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ရန်အောင်မြေအခြေခံပညာအထက်တန်းကျောင်းခွဲတွင်လည်းကောင်း၊ တာလေ့ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင်လည်းကောင်း၊ ဝါသနာပါ၍ မအားလပ်သူများအတွက် ညနေအထူးသင်အဖြစ် ဘုရင့်နောင်ဈေး L7 ခန်းမ၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် (ရန်ကုန်) ပဥ္စဂုဏ်ရောင်ပင်မသိုင်းအဖွဲ့နှင့် တိုင်းနောင်ပင်မသိုင်းအဖွဲ့ (တောင်ကြီးမြို့) မှ သင်တန်းနည်းပြများက အခြေခံ (၆၃) မောင်း၊ ရှောင်နည်းနည်းစနစ်၊ ရှောင်ကာနည်းစနစ်၊ ရှောင်တိုက်နည်းစနစ်များ၊ တစ်ချက်ကောင်းတိုက်ကွက်များ၊ လက်သီးထိုးနည်းစနစ်များ၊ ခြေကန်နည်းစနစ်များ၊ ဓားတစ်လက် သင်ရိုးညွှန်းတမ်းများ၊ တုတ်ရှည်သင်ရိုးညွှန်းတမ်းများနှင့် ရှမ်းရိုးရာသိုင်းနှင့် အင်းလေးရိုးရာချုပ်နည်း၊ ဖြည်နည်း အခြေခံပညာရပ်များကို လက်ခံသင်ကြားပေးလျက်ရှိပြီး မတ် ၅ ရက်တွင် ပုန်းထွန်၊ တာလေ့၊ ရန်အောင်မြေအုပ်စုရှိ သင်တန်းသား ၁၁၁ ဦးကို ပေါင်းစည်းပို့ချခဲ့သည်။

သင်တန်းပြီးဆုံးပါက စိတ်ပါဝင်စားသူ သင်တန်းသားများအား ကီလိုတန်းအလိုက်၊ ဓားအတိုက်ပြိုင်ပွဲနှင့် လက်အတိုက်ပြိုင်ပွဲများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း အင်းသားလူမှုရေးအသင်း (တာချီလိတ်)မှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကျေးရွာအမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

**တနင်္သာရီ မတ် ၇**

တနင်္သာရီမြို့နယ် တကူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲများမှ အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးအဖွဲ့ဝင်များအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်တို့က မတ် ၅ ရက်တွင် အုပ်ချုပ်ရေးမှူးရုံးခန်း၌ တွေ့ဆုံခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်က အမျိုးသမီးများဘဝအခန်းကဏ္ဍအကြောင်းနှင့် မြို့နယ်အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ဇာခြည်အောင်ကကျေးရွာနေ ပျိုရွယ်သူအမျိုးသမီးများ ဘဝလုံခြုံမှုရှိစေရေးအတွက် အမျိုးသမီးရေးရာနှင့်မိခင်နှင့် ကလေးအသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲအဖွဲ့ဝင်များထံသို့မိခင်နှင့်ကလေးအသင်း ဝတ်စုံများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# ဇီးကုန်းမြို့၌ စာပေချစ်သူများ စုပေါင်း၍ Book Club ဖွဲ့စည်းတည်ထောင်

**ဇီးကုန်း မတ် ၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေဝါသနာရှင်များ၊ မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာပေချစ်သူများအဖွဲ့ Book Club အား ဖေဖော်ဝါရီလဒုတိယပတ်က မြို့နယ်ပြန်/ဆက်အစည်းအဝေးခန်းမ၌ ဖွဲ့စည်းခဲ့ရာ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအေးရွှေနှင့် အဖွဲ့ဝင် ၂၇ ဦးတို့ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထိုသို့ဖွဲ့စည်းရာတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မာမာဦးက Book Club များ ဖွဲ့စည်းရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကိုလည်းကောင်း၊ မြို့နယ် စာရေးဆရာအသင်းက Book Club များ ဖွဲ့စည်းပေါ်ပေါက်လာခြင်းအား ကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

Book Club များ ထူထောင်ဖွင့်လှစ်ခြင်းကြောင့် ပြည်သူလူထုအတွင်း စာပေစကားဝိုင်းများ ကျင်းပခြင်း၊ စာပေနှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ ဂျာနယ်စာစောင်များ ဝေဖန်သုံးသပ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားခြင်းဖြင့် စာဖတ်ရှိန်မြင့်တက်လာပြီး ပြည်သူများ အသိပညာဗဟုသုတတိုးပွားလာစေမည် ဖြစ်ကြောင်း Book Club အဖွဲ့ခေါင်းဆောင် ဦးအေးရွှေ (စာရေးဆရာနေဝင်းနီ) က ပြောသည်။

**ကိုသက်(ဇီးကုန်း)**



**ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ သန့်ရှင်းသာယာလှပစေရန်နှင့် မိုးရာသီရေစီးရေလာ အထူးကောင်းမွန်စေရန် အမှတ်(၂)နယ်စပ် ဝင်၊ထွက်ဂိတ်မှ အမှတ်(၁) နယ်စပ်ဝင်၊ထွက်ဂိတ်အထိ လမ်းမကြီးတစ်ဖက်ခြမ်းရှိ ရေမြောင်းအား အသစ်ထပ်မံတူးဖော်ပြီး အလျား ခြောက်ပေ၊ အနံသုံးပေရှိ ပြွန်လုံးပေါင်း ၁၃၀ ကို မြှုပ်နှံရန် စက်ယန္တရားကြီးများ အသုံးပြုကာ လွယ်ဂျယ်မြို့ စည်ပင်သာယာရေးဦးစီးအရာရှိ ဦးမိုးလွင်နှင့် တာဝန်ရှိသူများ မတ် ၄ ရက်က ဆောင်ရွက်ကြစဉ်။**

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

# ညောင်ဦးမြို့နယ် ကျွန်းခင်းကြီးကျေးရွာ မီးဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့ငွေလှူဒါန်း

**ညောင်ဦး မတ် ၇**

မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့နယ် ကျွန်းခင်းကြီးကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စုအား ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်(ပရဟိတအသင်း)မှ မတ် ၅ ရက်က အလှူငွေများထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအသင်းအဖွဲ့ချုပ် (ပရဟိတအသင်း)မှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များက ကျွန်းခင်းကြီးကျေးရွာနေ မီးဘေးသင့်နေအိမ်မှ ဦးမုတ်ကြီးနှင့် မိသားစုဝင်များအား ထောက်ပံ့ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ပြီး ကျေးရွာနေပြည်သူများအား ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# မြေအောက်ရေအသုံးပြုစိုက်ပျိုးထားသော စီပီပြောင်းများ မနှစ်ကထက် ဈေးနှုန်းဆခန့်မြင့်တက်

**ရေစကြို မတ် ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗကျေးရွာတွင် မြေအောက်ရေအသုံးပြုစိုက်ပျိုးထားသော စီပီပြောင်းစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိနေကြကြောင်း သိရသည်။

ရေစကြိုမြို့နယ် မြစ်ကမ်းဘေးကျေးရွာများသည် ကျွန်းမြေပေါ်ချိန်တွင် သီးနှံအမျိုးမျိုးစိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြပြီး ဗာဂျီးနီးယားဆေး၊ဗမာဆေးရွက်ကြီး၊ အပျိုကြီးပဲ၊ ခရမ်းချဉ်အမျိုးမျိုး ၊ ရုံးပတီ၊ ပင်ထောင်မြေပဲ၊ ပန်းဂေါ်ဖီ၊ သကြားပြောင်းဖူး၊ အစီးပြောင်းဖူး အစရှိသော သီးနှံများ စိုက်ပျိုးကြသည်။

“ကျွန်းမြေဆိုတော့ ဘာသီးနှံစိုက်စိုက် အပင်ဖြစ်လည်း မြန်တယ်၊ ဒီနှစ် ဘာသီးနှံပဲဖြစ်ဖြစ် ဈေးကလည်းကောင်းတော့ သီးနှံရဖို့ပဲလိုတယ်၊ ကျွန်တော်တို့ ဗလဗကျေးရွာကတော့ နှစ်တိုင်း ရေဝတီမြစ်ရေဝင်ရောက်တဲ့ အရပ်ဖြစ်တော့ ခြောက်လ အလုပ်လုပ် ခြောက်လထိုင်စားဆိုတဲ့ ဆိုရိုးတောင်ရှိတယ်၊



ကျွန်တော်တို့ရွာက တောင်သူတွေကလည်း ကိုယ်အားသာတဲ့ သီးနှံတွေပဲ စိုက်ပျိုးကြတယ်၊ စိုက်နေကြသီးနှံပဲ စိုက်တာ များတယ်၊ ဒီနှစ်တော့ စီပီပြောင်းစိုက်တဲ့ တောင်သူတွေ များလာကြပြီး စစိုက်တဲ့နှစ်မှာပဲ ဈေးကောင်းတိုးတော့တာပဲ၊ ဒီနှစ် စီပီပြောင်း တစ်တင်း ငွေကျပ် ၁၁၀၀၀ နဲ့ တစ်ပိဿာကို ၆၁၁ ကျပ်နဲ့ ရောင်းချရပါတယ်၊ မနှစ်က စီပီပြောင်း တစ်တင်း ငွေကျပ် ၇၀၀၀ သာ ရောင်းရပြီး တစ်ပိဿာ ၃၈၈ ကျပ်သာ ရောင်းချခဲ့ရပါတယ်၊ ဒီနှစ် စီပီပြောင်းဖူးစိုက်တောင်သူတွေ ဈေးနှစ်ဆလောက်ရရှိပါတယ်”ဟု ဗလဗကျေးရွာနေ စီပီပြောင်းဖူးစိုက်တောင်သူ ဒေါ်တင်မြင့်ရီက ပြောသည်။

“မြေအောက်ရေကလည်း တွင်းနက်တူးစရာမလိုဘဲ ပေ ၂၀ လောက်သာတူးရပြီး ရေပုံမှန် စုပ်ယူလို့ရတဲ့ တွင်းတိမ်ရေတွင်းတွေပါ၊ ရေလိုက်အားကောင်းတော့ စီပီပြောင်း တစ်ဧကကို တစ်မနက် ရေသွင်းရုံနဲ့ပြီးပါတယ်”ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုအခါ စီပီပြောင်းများ ပခုက္ကူမြို့ပေါ် ပွဲရုံများသို့ လာရောက်ရောင်းချနေကြပြီး ရေစကြိုမြို့နယ် ကန်သစ်ကြီးရွာ၊ ကြီးကန်ရွာ၊ ဆင်ချောင်းကျေးရွာနှင့် ဗလဗကျေးရွာများမှ အများဆုံး လာရောက်ရောင်းချကြောင်း နီလာပွဲရုံပိုင်ရှင် ဦးဘိုကြီးနိုင်က ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

# ကျေးရွာသုံးစိုက်ခင်းမှထွက်ရှိသော ထင်း၊ မျောများကို ဒေသခံပြည်သူများအား ဖြန့်ဝေ

**သာစည် မတ် ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာသုံးစိုက်ခင်းများနှင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများမှ ထွက်ရှိသော ထင်း၊ မျောများကို ဒေသခံပြည်သူများအား ဖြန့်ဝေပေးလျက်ရှိရာ မတ် ၅ ရက်က ရှုပါတောင်ကြိုးဝိုင်း အကွက်အမှတ် ၁၁၊ ၁၃ နှင့် ၂၀ ရှိ (၁/၂၀၁၀)ကျေးရွာသုံးစိုက်ခင်း ၃၆၅ ဧကမှ ဧက ၁၀၀ အတွင်းရှိ ထင်း၊ မျောများ ထုတ်ယူ၍ အုတ်တွင်းကျေးရွာအုပ်စုမှ ပြည်သူများအား အဆိုပါစိုက်ခင်း၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထင်းဖြန့်ဝေပေးအပ်ပွဲတွင် မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဇော်မင်းထွန်း-၂ က ကျေးရွာသုံးစိုက်ခင်းများမှ နှစ်စဉ် ထင်း၊ တိုင်နှင့် မျောများအား စနစ်တကျ ထုတ်ယူ၍ ဒေသခံပြည်သူများအား ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် စိုက်ခင်း တည်ထောင်ပြုစု ထိန်းသိမ်းခြင်း၊သဘာဝတောများ ကာကွယ်ထိန်းသိမ်းခြင်းနှင့် စနစ်တကျ ထုတ်ယူသုံးစွဲခြင်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် ပညာပေးရှင်းလင်း ပြောကြားသည်

ထို့နောက် ဧက ၁၀၀ မှထွက်ရှိသော မျောနှင့်ထင်းများကို ဒေသခံ အိမ်ထောင်စု ၂၁ စုတို့အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ၂၀၁၇ ခုနှစ် သဘာဝတောကျန်များ ထိန်းသိမ်းခြင်း၊ ဧက ၃၀၀၀ တွင် ဓမ္မတာမျိုးဆက်ခြင်း၊ ဧက ၃၀၀ ဆောင်ရွက်ရာမှထွက်ရှိသောထင်းများကို ကူပြင်ကျေးရွာရှိ ဒေသခံပြည်သူများအား ပေးဝေခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာသုံးစိုက်ခင်းများနှင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများမှ ထွက်ရှိသော တိုင် ၁၅ လုံး၊ မျော ၃၂၀၃ လုံးနှင့် ထင်း ၂၈၇ ဒသမ ၂၄ ကုဗတန်တို့ကို ဒေသခံပြည်သူများအား ဖြန့်ဝေပေးနိုင်ခဲ့သည်။ **ထွန်းထွန်း(ပြန်/ဆက်)**

# ကလေးငယ်များအား မျက်စိအားတိုးဆေး(ဗီတာမင်-အေ)တိုက်ကျွေး

**ရွှေကျင် မတ် ၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် အသက် ခြောက်လမှ ငါးနှစ်အထိကလေးငယ်များကို မျက်စိအားတိုးဆေး(ဗီတာမင်-အေ) တိုက်ကျွေးခြင်းနှင့် လက်မောင်းလုံးပတ်တိုင်းတာခြင်းများကို ကျေးရွာသားဖွားဆရာမ ဒေါ်နီနီဝင်းနှင့် ငှက်ဖျားစေတနာ့ဝန်ထမ်းများက မတ် ၆ ရက်မှစ၍ ကလေးငယ် ၂၄၅ ဦးအား တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



# ညောင်ဦး၌ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်း ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိစေရန် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**ညောင်ဦး မတ် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်ကျန်းမာရေးဦးစီးဌာနမှ ခရိုင်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စစ်တမ်းကောက်ယူခြင်း လုပ်ငန်းတစ်ရပ်အနေဖြင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်း ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိနိုင်စေရန် ပြုလုပ်သည့် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက်က ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။




အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်း မော်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမြင့်သိန်းက မြို့နယ် အတွင်း ဖွား၊ သေ စာရင်းကောက်ခံနေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဘလွန်ဘတ်အဖွဲ့မှ Country Coordinator ဒေါက်တာနန်းဆုဝါက နိုင်ငံတစ်နိုင်ငံတွင် မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းများ ရာနှုန်းပြည့်လွှမ်းခြုံမှုရရန် အရေးကြီးပုံနှင့် မြန်မာနိုင်ငံ၏ ဖွား၊ သေစာရင်းစနစ် ဖွံ့ဖြိုးတိုးတက်အောင် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြ ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများက အုပ်စုအလိုက်ခွဲ၍ လက်ရှိ ဖွား၊ သေ စာရင်းကောက်ခံမှုများနှင့် မိမိတို့ရပ်ရွာအုပ်စုအတွင်း ပြည်သူလူထုထံ အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်သွားရန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကာ တာဝန်ရှိသူများနှင့် ဆွေးနွေးတင်ပြခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ် မဲဆန္ဒနယ်မြေ (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စလင်းဝက်သည်းကန်ကြီး မြေကာနံရံနှင့် ကန်ပတ်လမ်းဆောင်ရွက်ပေး

**စလင်း မတ် ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ကန်ကြီးသာယာလှပစေရေးအတွက် ရေထိန်းနံရံနှင့် ကန်ပတ်လမ်းများခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါကန်ကြီး ရေထိန်းကာရံခြင်းလုပ်ငန်းကို နှစ်အလိုက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် မြေထိန်းနံရံ ပေ ၁၂၀၀ ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းပဏာမခွင့်ပြုငွေကျပ်သန်း ၁၀၀ဖြင့် ကန်ပတ်လမ်းမြေဖို့ခြင်း၊ မြေညှိကျောက်စရစ်ခင်းခြင်း၊ မြေကာနံရံတည်ဆောက်ခြင်း ၊ Box Culvert တစ်ခုတည်ဆောက်ခြင်းတို့ကို စတင် ဆောင်ရွက်နေပြီဖြစ်သည်။ ယင်းကန်ကြီးမှာ မကွေးတိုင်းဒေသကြီး၏ လည်ပတ်လေ့လာစရာအကောင်းဆုံးနေရာတစ်ခု၌ အပါအဝင်ဖြစ်ပြီး ကန်ကြီး၏သက်တမ်းမှာ ၈၂၅ နှစ်ရှိပြီး သားငှက်ဘေးမဲ့ ကန်ကြီးဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**တနသ်ၤာရီ မတ် ၇**

တနသ်ၤာရီတိုင်းဒေသကြီး တနသ်ၤာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တနသ်ၤာရီမြို့နယ် တကူကျေးရွာ၌ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးများ အခြေခံစက်ချုပ် နှစ်လသင်တန်းဆင်းပွဲကို မတ် ၅ ရက်က တကူကျေးရွာအုပ်စု တကူသံတိုက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်က အမျိုးသမီး ဘဝလုံခြုံဖွံ့ဖြိုးရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း၏ အကျိုးကျေးဇူးများအကြောင်း ပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်က တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ တိုးပွားရေးအတွက် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးနေမှုများ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တကူကျေးရွာအုပ်စု အတွင်းရှိကျေးရွာခွဲများမှ အခြေခံစက်ချုပ်သင်တန်းမှာ နှစ်လဖြစ်ပြီး သင်တန်းသူ ၁၅ ဦးတို့အား မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး အသင်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးညီညီဝင်းက သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းခွဲကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၃)

သိပ္ပံစာရေးဆရာကိုကိုအောင်



**မော်တော်ကားတွေကြောင့် ပို၍ပူနွေးလာသော ဤမြေကမ္ဘာ** ယနေ့ကမ္ဘာပေါ်တွင် စက်မှုလုပ်ငန်းများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ အဆိုပါ စက်မှုလုပ်ငန်းများက စွန့်ထုတ်လိုက်သော အခိုးအငွေ့များ၊ အနံ့ အသက်များ၊ ရေဆိုးရေညစ်များ၊ ဘေးထွက် ပစ္စည်းများနှင့် ဓာတုပစ္စည်း အကြွင်းအကျန် စသည်တို့မှာ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေလျက်ရှိသည်။

အင်ဂျင်စက်များ ပေါက်လောင်လည်ပတ်ခြင်း၊ သတ္တုအရောအနှောများကို မီးပြင်းတိုက်၍ ခွဲထုတ်ခြင်း၊ ရေနံကိုချက်လုပ်၍ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စစ်မက်ဖြစ်ပွားသည့်အခါ ကျည်ဆန်နှင့်ဗုံးများ ပေါက်ကွဲခြင်း၊ သစ်ပင်သစ်တောများ မီးလောင်ခြင်း၊ ရေနံတွင်းများမီးလောင်ခြင်း စသည်တို့ကြောင့် ထွက်ပေါ်လာသော အခိုးအငွေ့နှင့်အမှုန်အမွှားများသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်စေရုံမျှမက လူတို့ရှူရှိုက်နေရသည့် လေထုကိုလည်း ညစ်ညမ်းမှုများဖြစ်ပေါ်စေသည်။

သမုဒ္ဒရာနှင့်ပင်လယ်ပြင်များတွင် ဖြတ်သန်းခုတ်မောင်းကြသော ရေနံတင်သင်္ဘောများနှင့် ဓာတုပစ္စည်းများ တင်ဆောင်လာသည့်သင်္ဘောများ နစ်မြုပ်ပျက်စီးမှု ဖြစ်ပွားသည့်အခါ၌လည်း ပင်လယ်ပြင် ညစ်ညမ်းမှုဖြစ်ပေါ်ပြီး ရေနေသတ္တဝါနှင့် ရေပျော်သတ္တဝါများ အကြီးအကျယ် ပျက်စီးမှုဖြစ်ပေါ်ကာ အချို့ဆိုလျှင် မျိုးသုဉ်းလုနီးပါးပင် ဖြစ်ကြရသည်။

### ဓာတ်ရောင်ခြည်သင့်ခြင်း

ထို့ပြင် နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲခြင်း၊ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ပေါက်ကွဲနစ်မြုပ်ခြင်း၊ စွန့်ပစ်ပလူတိုနီယံများကို စနစ်တကျဖျက်ဆီးမှု မရှိခြင်း စသည်တို့ကြောင့်လည်း ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များ ထွက်ပေါ်ကာ ပျံ့နှံ့ရောက်ရှိသွားသောဒေသများ၌ ဓာတ်ရောင်ခြည်သင့်ခြင်းကို ခံစားကြရပြီး ကင်ဆာရောဂါ ဝေဒနာများ ဖြစ်ပွားကာ တိုတောင်းလှသောဘဝဖြင့် အဆုံးသတ်ကြရလေ့ ရှိသည်။

ကောင်းဆိုးနှစ်ဖြာ ဒွန်တွဲလျက်ရှိနေသော လောကဓမ္မတာအရ လူသားကောင်းကျိုးအတွက် ပေါ်ထွက်လာသော တီထွင်ဆန်းသစ်မှုများကြောင့် အခြားတစ်ဖက်တွင် ဆိုးကျိုးများကိုလည်း ဖြစ်ပေါ် စေလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေနံနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း၊ ထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစသော လူသားကောင်းကျိုးအတွက် လုပ်ကိုင်လျက်ရှိနေကြသည့် လုပ်ငန်းများစွာတို့ကြောင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များသည် နေ့စဉ် ကမ္ဘာ့ လေထုထဲသို့ ရောက်ရှိနေရသည်။

### ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ

ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များဖြစ်ကြသော ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)၊ မီသိန်း ($CH_4$)၊ နိုက်ထရပ်စ်အောက်ဆိုက် ($N_2O$)၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန် (HFCs)၊ ပါဖလူအိုရို ကာဗွန် (PFCs) နှင့် ဆာလ်ဖာဟက်ဆာဖလူအိုရိုက် ($SF_6$)တို့သည် ကမ္ဘာ့စက်မှုတော်လှန်ရေး စတင်ခဲ့သည့် ကာလမှစ၍ ယနေ့ထိတိုင်အောင် လေထုထဲသို့ ပျံ့နှံ့ရောက်ရှိနေခဲ့သည်မှာ ရာစုနှစ်နှင့်ချီ၍ ရှိခဲ့ပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအနက် စက်မှုဖွံ့ဖြိုးမှု ထိပ်တန်းအဆင့်ရှိသည့်နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးစနိုင်ငံများသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ မက်ထရစ်တန် သန်းပေါင်းများစွာတို့ကို ကမ္ဘာ့လေထုထဲသို့ နေ့စဉ်နှင့်အမျှ ထုတ်လွှတ်ပေးလျက် ရှိကြရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက ပမာဏအများဆုံးဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများက ဒုတိယနေရာ၌ရှိနေကြသည်။ အလားတူပင် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သော နိုင်ငံများနှင့် ဆင်းရဲချို့တဲ့သောနိုင်ငံများကလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဓာတ်မြေဩဇာများကို အလွန်အကျွံသုံးစွဲနေကြသည့်အတွက် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တစ်မျိုးဖြစ်သော မီသိန်းဓာတ်ငွေ့တန်ချိန်သန်းပေါင်းများစွာတို့ကို စွန့်ထုတ်လျက်ရှိနေကြသည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကိုဖြစ်ပေါ်စေသည့် စက်မှုလုပ်ငန်းများနှင့် ယာဉ်၊ ယန္တရားများကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ မီသိန်းဓာတ်ငွေ့နှင့် နိုက်ထရပ်စ်အောက်ဆိုက် ဓာတ်ငွေ့များသည် လေထုထဲသို့ အဆမတန်ရောက်ရှိကာ Green House Effect ဟု ခေါ်တွင် သည့် ဖန်လုံအိမ်အာနိသင်ကို မြင့်မားလာစေလျက်ရှိသည်။ ဖန်လုံအိမ်အာနိသင် မြင့်မားလာခြင်းသည် လူတို့နေထိုင်ရာ ကမ္ဘာကြီးကို ပို၍ ပူနွေးလာစေလျက်ရှိသည်။

### ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလာ

အကျိုးဆက်များအဖြစ် ရေခဲတောင်နှင့်ရေခဲပြင်ကြီးများ အရည်ပျော်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ပင်လယ်ရေ အပူချိန်တိုးလာခြင်း စသည်တို့နှင့်အတူ ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလာပြီး မိုးလေဝသအခြေအနေများမှာလည်း ကစဉ့်ကလျားဖြစ်လာခဲ့သည်။ အရည်ပျော်လာနေသော ဝင်ရိုးစွန်းရေခဲလွှာများမှ ထွက်ပေါ်လာသည့် ရေချိုများသည် ပင်လယ်နှင့် သမုဒ္ဒရာများအတွင်းသို့ အများအပြား စီးဆင်းဝင်ရောက်လာခဲ့သည်။ ရာသီဥတု ပူပြင်းမှုကြောင့် ရေချိုများ အငွေ့ပျံနှုန်းများပြားကာ တိမ်များ ပိုမိုထူထပ်လာပြီး ကမ္ဘာ့ကုန်းမြေပေါ်တွင် အင်အားကြီးမားသော မုန်တိုင်းများကို ဖြစ်ပေါ်လာစေသည်။

အာတိတ်စက်ဝိုင်းဒေသတွင်လည်း မိုးနှင့်ဆီးနှင်းများ ရွာသွန်းမှုကို ပိုမိုများပြားလာစေလျက် ရှိသည်။ ကမ္ဘာ့တောင်ဝင်ရိုးစွန်းဒေသဖြစ်သော အန္တာတိကတိုက်၏ ရေခဲဖုံးလွှမ်းနေသည့် ပင်လယ်ပြင်၏အကျယ်အဝန်းမှာ ကမ္ဘာကြီးပူနွေးလာနေမှုကြောင့် နောင်လာမည့် နှစ် ၁၀၀ ကာလအတွင်း ၆၅ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

ယာဉ်၊ယန္တရားနှင့် အင်ဂျင်စက်များသည် ပေါက်ကွဲလည်ပတ်သည့်အခါတိုင်း ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များကို စွန့်ထုတ်လျက်ရှိကြသည်။ ၂၀၀၀ စီစီအရွယ်အစားရှိ ဓာတ်ဆီသုံးအင်ဂျင်တစ်လုံးသည် စက်သုံးဆီတစ်ဂါလန်ကို အသုံးပြုလည်ပတ်ပြီးတိုင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ၁၀ ဒသမ ၅ ကီလိုဂရမ်ကို ထုတ်လွှတ်ပေးလျက်ရှိသည်။ ဖန်လုံအိမ်အာနိသင်ကိုဖြစ်ပေါ်လာစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုက်ထရပ်စ်အောက်ဆိုက် ဓာတ်ငွေ့များသည် ယာဉ်၊ ယန္တရားနှင့် အင်ဂျင်စက်များ လည်ပတ် မောင်းနှင်မှုကြောင့် လေထုထဲသို့ နေ့စဉ်ရောက်ရှိနေကြရာတွင်၊ ကမ္ဘာကြီး ပူနွေးမှုကို ဖြစ်ပေါ်စေသည့် စွမ်းဆောင်ရည်ချင်း မတူညီကြသည်ကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ မီသိန်းဓာတ်ငွေ့သည် ကမ္ဘာကြီး ပူနွေးအောင်စွမ်းဆောင်မှု (Global Warming Potentials) တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထက် ၂၁ ဆ ပိုမိုစွမ်းရည်ရှိပြီး နိုက်ထရပ်စ်အောက်ဆိုက်ကမူ ကာဗွန်ဒိုင်အောက်ဆိုက်ထက် အဆ ၃၀၀ ပိုမို စွမ်းဆောင်နိုင်သည်။

### ကာဗွန်ဒိုင်အောက်ဆိုက်

သို့ရာတွင် လေထုထဲသို့စွန့်ထုတ်နေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို တိုင်းတာတွက်ချက်သည့်အခါ ကမ္ဘာကြီးပူနွေးအောင် စွမ်းဆောင်မှုချင်းမတူကြသော ဓာတ်ငွေ့များကို ကာဗွန်ဒိုင်အောက်ဆိုက်၏ စွမ်းဆောင်ရည်အဖြစ်သို့ အချိုးကျပြောင်းလဲ တွက်ချက်ကြရသည်။ ထို့ကြောင့်ပင် လေထုထဲသို့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုအကြောင်း ပြောဆို၊ဆွေးနွေး၊ ရေးသား၊ ထုတ်ပြန်ကြသည့်အခါ ကာဗွန်ဒိုင်အောက်ဆိုက်ကိုသာ စံအဖြစ်ထားပြီး ထုတ်ပြန်ကြခြင်းဖြစ်သည်။ ဤသို့အားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်သည် ကမ္ဘာကြီးပူနွေးအောင် လုပ်ဆောင်နေကြသော ဓာတ်ငွေ့အသီးသီးတို့၏ ကိုယ်စား လက်သည်တရားခံအဖြစ် ထင်ရှားပေါ်လွင်လာခြင်း ဖြစ်သည်။

ပုံမှန်အားဖြင့် တစ်ရက်လျှင် ဓာတ်ဆီတစ်ဂါလန်ကို သုံးစွဲမောင်းနှင်လျက်ရှိသော ၂၀၀၀ စီစီ အင်ဂျင်တပ် မော်တော်ကားတစ်စီးသည် အချိန်ကာလတစ်နှစ် ကြာမြင့်သည့်အခါ လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၃ ဒသမ ၉ မက်ထရစ်တန်နှင့် ညီမျှသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို ထုတ်လွှတ်ပေးလိမ့်မည်ဖြစ်သည်။ အလားတူပင် ၂၀၀၀ စီစီ အရွယ်အစားရှိ ဒီဇယ်သုံးအင်ဂျင်ကို တပ်ဆင်ထားသော မော်တော်ကားတစ်စီးသည်လည်း တစ်ရက်လျှင် ဒီဇယ်တစ်ဂါလန်နှုန်းဖြင့် သုံးစွဲမောင်းနှင်ပါက တစ်နှစ်ကြာမြင့်သည့်အခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၄ ဒသမ ၅ မက်ထရစ်တန်နှင့် ညီမျှသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို လေထုထဲသို့ ထုတ်လွှတ်ပေးလိမ့်မည်ဖြစ်သည်။

ထိုအချိုးအစားအတိုင်း တွက်ချက်မည်ဆိုပါက ဓာတ်ဆီသုံး ၂၀၀၀ စီစီအင်ဂျင်တပ် မော်တော်ကား အစီးရေ ၇၆၀၀၀ သို့တည်းမဟုတ် ၂၀၀၀ စီစီဒီဇယ်အင်ဂျင်တပ် မော်တော်ကား အစီးရေ ၆၅၀၀၀ တို့က တစ်နှစ်တာကာလအတွင်း ထုတ်လွှတ်ပေးမည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့အားလုံးကို စုပ်ယူဖယ်ရှားပေးနိုင်ရန် သစ်ပင်ပေါင်း သန်း ၃၀ လိုအပ်မည်ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါအရေအတွက်နှင့် အချိုးအစားအတိုင်း ကားအစီးရေရှိနေသော မြို့ပြ သို့မဟုတ် စီရင်စု တစ်ခုတွင် သစ်ပင်အရေအတွက် သန်း ၃၀ အထိ အလုံအလောက် စိုက်ပျိုးမထားနိုင်ပါက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုထဲသို့ ကျန်မလွဲ ရောက်ရှိသွားလိမ့်မည်ဖြစ်သည်။

### ကားမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု

ဤနေရာတွင် မော်တော်ကား၏ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို တွက်ချက်ဖော်ပြထားသော ကိန်းဂဏန်းများသည် ယေဘုယျအားဖြင့် အင်ဂျင်စွမ်းရည် အပြည့်အဝ ကောင်းမွန်သော မော်တော်ကားများကိုသာ အခြေခံထားခြင်းဖြစ်သည်။ အကယ်၍ အင်ဂျင်စွမ်းရည်ကျဆင်းနေသော မော်တော်ကားများ၊ အဆင့်နိမ့်လောင်စာရည်များကို အသုံးပြု မောင်းနှင်နေကြသော မော်တော်ကားများ၊ မသန့်ရှင်းသော လောင်စာရည်များကို သုံးစွဲမောင်းနှင်နေကြသော မော်တော်ကားများ၊ ဆီပို့စနစ်တွင် ချွတ်ယွင်းချက်ရှိနေကြသော မော်တော်ကားများဖြစ်ခဲ့လျှင်မူ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုမှာ အထက်ဖော်ပြပါပမာဏထက် ပို၍များပြားလိမ့်မည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာနေမှုကို ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျော့ပါး သက်သာစေရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ကြံဆလုပ်ဆောင်မှုများထဲတွင် ကမ္ဘာ့မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း အသီးသီးတို့ကလည်း ဟန်ချက်ညီညီ ပါဝင်လျက်ရှိကြသည်။ သမားရိုးကျ မော်တော်ကားများကိုသာ အစဉ်အဆက် ထုတ်လုပ်လာခဲ့ကြရာမှ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းသို့ ရောက်ရှိလာသည့်အခါ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကို များစွာ လျော့ပါးသက်သာစေသည့် စွမ်းအင်နှစ်မျိုးသုံး Hybrid ကားများကို တိုးမြှင့်ထုတ်လုပ်လာခဲ့ကြသလို... ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုမရှိသော ဟိုက်ဒရိုဂျင်လောင်စာရည်သုံး ကားများနှင့် နေရောင်ခြည်စွမ်းအင်သုံး ကားများကိုလည်း တွင်ကျယ်စွာ အသုံးပြုလာနိုင်အောင် ကြိုးပမ်းထုတ်လုပ်ပေးလျက် ရှိနေကြသည်။

ထို့အတူ စွန့်ထုတ်အခိုးအငွေ့များထဲတွင် ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့များ ပါဝင်နေမှုကို ထိန်းချုပ် လျှော့ချပေးသော Emission Control Technology ကို မော်တော်ကား တပ်ဆင်ထုတ်လုပ်ရာ၌ ထိရောက်စွာ အသုံးချပေးထားခြင်းအားဖြင့်လည်း ကမ္ဘာကြီးပူနွေးလာနေမှုကို တိုက်ဖျက်ရာတွင် တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးလျက်ရှိနေကြသည်။

သို့ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို ပုံမှန် ထုတ်လွှတ်ပေးနေဆဲဖြစ်သော သမားရိုးကျနည်းပညာသုံး သန်းနှင့်ချီသည့် မော်တော်ကားများက ကမ္ဘာ့မြို့ပြ လမ်းမများပေါ်၌ မောင်းနှင်သွားလာလျက် ရှိနေကြဆဲပင်ဖြစ်သည်။ ထိုထိုသော ကားအမျိုးမျိုးတို့က ပုံမှန် ထုတ်လွှတ်ပေးလျက် ရှိနေကြသော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းကို ဟန့်တားနိုင်ရန်အလို့ငှာ၊ လူနေထူထပ်သော မြို့ပြများ၊ စီးပွားရေးမြို့တော်ကြီးများနှင့် စက်မှုမြို့တော်များ၌ သစ်ပင်များကို ဆတက်ထမ်းပိုး တိုးချဲ့စိုက်ပျိုးကြရမည်သာ ဖြစ်ပေသည်။

### ပင်လယ်ရေကို အချဉ်ဖောက်နေသူများ

လူတို့နေထိုင်ရာမြေကမ္ဘာကြီး၏ ၇၀ ရာခိုင်နှုန်းကို ရေထုကြီးကဖုံးလွှမ်းထားသည်။ ထိုကဲ့သို့ ဖုံးလွှမ်းထားသော ရေထုကြီး၏ ရာခိုင်နှုန်းအများစုမှာ ပင်လယ်နှင့် သမုဒ္ဒရာများအဖြစ် တည်ရှိနေကြသည်။ မြောက်အမေရိကတိုက်နှင့် ဥရောပတိုက်တို့အကြားတွင် မြောက်အတ္တလန္တိတ်သမုဒ္ဒရာကြီးက တည်ရှိနေသလို...အာရှတိုက်နှင့် မြောက်အမေရိကတိုက်အကြား၌လည်း မြောက်ပစိဖိတ်သမုဒ္ဒရာကြီးက တည်ရှိနေသည်။

ထို့အတူပင် တောင်အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့၏ အကြား၌လည်း အိန္ဒိယသမုဒ္ဒရာကြီးက ဖြန့်ကြက်တည်ရှိနေသည်။ ကမ္ဘာ့မြောက်ပိုင်းအစွန်း၌ အာတိတ်သမုဒ္ဒရာကြီးက ကျယ်ပြန့်စွာတည်ရှိနေသလို... တောင်ပိုင်းအစွန်း၌လည်း တောင်သမုဒ္ဒရာကြီးက တစ်နံတစ်လျားဖြန့်ကြက်တည်ရှိနေသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများနှင့် နီးကပ်သောရေပြင်များသည် ပင်လယ်များဖြစ်ကြပြီး ထိုပင်လယ်များသည် သမုဒ္ဒရာကြီးများ၌ လာရောက်ပေါင်းဆုံ စုစည်းကြရသည်။ အာရေဗျပင်လယ်၊ ကပ္ပလီပင်လယ်၊ တောင်တရုတ်ပင်လယ်၊ ပင်လယ်ဝါစသော ပင်လယ်ပြင်များသည် တောင်အာရှ၊ အရှေ့အာရှကုန်းမြေများနှင့် ထိစပ်နေသော ပင်လယ်ပြင်များဖြစ်ကြသလို...ချပ်ချီပင်လယ်၊ အရှေ့ဆိုက်ဘေးရီးယန်းပင်လယ်နှင့် လက်တက်ပ်ပင်လယ်တို့သည်လည်း အာရှတိုက်မြောက်ပိုင်းနှင့် အာတိတ်သမုဒ္ဒရာအကြား၌ တည်ရှိနေသော ပင်လယ်ပြင်များဖြစ်ကြသည်။

ကက်စ်ပီယန်ပင်လယ်သည် ကာဇက်စတန်နိုင်ငံ၊ တာမင့်နစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စသောနိုင်ငံများအကြားရှိ ကုန်းတွင်းပိတ် ပင်လယ်တစ်ခုဖြစ်သလို... ပင်လယ် နက်သည်လည်း ယူကရိန်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တူရကီနိုင်ငံ၊ ဘူလ်ဂေးရီးယား၊ ရိုမေးနီးယားစသော နိုင်ငံတို့၏ကုန်းမြေများ ပတ်လည်ဝန်းရံလျက်ရှိသော ပင်လယ်ကြီးဖြစ်သည်။

အလားတူပင် အာဖရိကတိုက်နှင့် အနောက်ဥရောပတိုက်အကြားရှိ မက်ဒီတာရေးနီးယန်း ပင်လယ်ပြင်ကြီးသည်လည်း အလွန်ကြီးမားကျယ်ပြန့်သော ပင်လယ်ကြီးတစ်ခုဖြစ်ပြီး အာဖရိကတိုက်နှင့် အာရှတိုက်အကြား၌ ကျဉ်းမြောင်းရှည်လျားစွာ တည်ရှိနေသော ပင်လယ်နီနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် စူးအက်တူးမြောင်းကို ဖောက်လုပ်ထားသည့်အတွက် ကုန်သွယ်ရေကြောင်းသွားလာမှုကို အချိန်ကုန်သက်သာစေရန် အကျိုးပြုလျက်ရှိနေသည်။

ထို့အတူ တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်အကြားရှိ ကာရစ်ဘီယံပင်လယ်ပြင်ကြီးသည် ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ ပနားမား၊ ကော့စတာရီကာ၊ နီကာရာဂွာ၊ ကျူးဘား၊ ဂျမေကာ၊ ဟေတီ၊ ပွာတိုရီကိုစသော နိုင်ငံတို့၏ ကုန်းမြေများနှင့် ထိစပ်နေရုံမျှမက၊ မြောက်အမေရိကတိုက်၏ တောင်ပိုင်းရှိ မက္ကဆီကိုပင်လယ်ကွေ့နှင့်ပါ ဆက်စပ်လျက် တည်ရှိနေသည်။ ။

“ပုံမှန်အားဖြင့် တစ်ရက်လျှင် ဓာတ်ဆီတစ်ဂါလန်ကို သုံးစွဲ မောင်းနှင်လျက်ရှိသော ၂၀၀၀ စီစီ အင်ဂျင်တပ် မော်တော်ကားတစ်စီးသည် အချိန်ကာလတစ်နှစ် ကြာမြင့်သည့်အခါ လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၃ ဒသမ ၉ မက်ထရစ်တန်နှင့် ညီမျှသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို ထုတ်လွှတ်ပေးလိမ့်မည်ဖြစ်သည်။ အလားတူပင် ၂၀၀၀ စီစီ အရွယ်အစားရှိ ဒီဇယ်သုံးအင်ဂျင်ကို တပ်ဆင်ထားသော မော်တော်ကားတစ်စီးသည်လည်း တစ်ရက်လျှင် ဒီဇယ်တစ်ဂါလန်နှုန်းဖြင့် သုံးစွဲမောင်းနှင်ပါက တစ်နှစ်ကြာမြင့်သည့်အခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၄ ဒသမ ၅ မက်ထရစ်တန်နှင့် ညီမျှသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို လေထုထဲသို့ ထုတ်လွှတ်ပေးလိမ့်မည်ဖြစ်သည်”

# ဒီးဒီးယိုကျ ကျိုးဆောင်ရ သတင်းသမားဘဝ

**သတင်းလုလင်**

“သစ်ပင်မြစ်ချောင်း၊ နို့ကောင်းနွားမ၊ ဤကာယကား၊ သီးခါတန်သီး၊ စီးမြဲစီးလျက်၊ ဒီးဒီးယိုကျ၊ ကျိုးဆောင်ရ၏” ဟူသော ရှေးသူဟောင်းတို့၏ ဆုံးမသြဝါဒစကားကထာကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ လူသားတို့အား အသိတရားမျှဝေပေးနေသော ပညာရှိ သူတော်ကောင်းအပေါင်းတို့ကို ရိုသေလေးမြတ်စွာ ရှိခိုးဦးခိုက်မိလေ၏။

သစ်ပင်အသီးသီးခြင်းသည် သူ့ကိုယ်ကျိုးအတွက် မဟုတ်မူ၍ လူနှင့် တိရစ္ဆာန်တို့ စားသုံးရန်အတွက်ဖြစ်သည်၊ မြစ်ချောင်းများစီးဆင်းနေခြင်းသည် သူ့ကိုယ်ကျိုးအတွက် မဟုတ် သတ္တဝါခပင်းအတွက်သာဖြစ်သည်၊ နွားမများ နို့ရည်ယိုစီးခြင်းသည်လည်း သူ့ကိုယ်ကျိုးအတွက်မဟုတ် သူ့သားပေါက်လေးများနှင့် သတ္တဝါများအတွက်ဖြစ်သည် ဟူသော သဘောတရားကို စေ့ငုမိရင်း လောကလူသားများအတွက် ပါဝင်လုပ်ဆောင်ကြရန် အရေးကြီးပုံကို ကျွန်ုပ်ထောက်ချင့်မိလေသည်။

ဤလောက၌ ‘ပရသမား’ တို့က ပရဟိတလုပ်ငန်းတို့တွင် ကိုယ်ကျိုးစွန့် အနစ်နာခံကာ မနားမနေကြိုးပမ်းအားထုတ်လျက်ရှိကြကုန်၏။

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် ပရသမားအများထဲမှ ထူးထွေတည့်အံ့ရာ လူသားအလွှာတွင်ပါဝင်သော စာရေးဆရာကြီးများနှင့် သတင်းသမားကြီးများကို ဝေဖန်တိကပြုရန် အာရုံဝင်စားမိလေ၏။

ယခုတစ်လော ကျွန်ုပ်တို့၏နိုင်ငံတော်၌ ‘သတင်းလွတ်လပ်ခွင့်’ ဘယ်သို့ဘယ်ညာ ပြောဆိုသံများကို ကြားသိရသည့်အခိုက် စာပေနှင့် သတင်းလွှာတို့အရ တိုင်းပြည်နှင့် လူမျိုးအတွက် ပေးဆပ်လျက်ရှိကြကုန်သော လူပုဂ္ဂိုလ်များ၏ ဘဝဖြစ်ထွေများကို ငဲ့စောင်းကြည့်လိုစိတ်ဖြစ်ပေါ်မိ၏။

သတင်းလွတ်လပ်ခွင့်(ဝါ) မီဒီယာလွတ်လပ်ခွင့်ဟူသည်ကား မည်သည့်နိုင်ငံတွင်မဟူ သာတူညီမျှ ဂရုမူကြရသည့် ပြည်သူ့အခွင့်အရေးတစ်ရပ်ပါပေတည်း။

နယ်စည်းမထား သတင်းထောက်များအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်မှာကား ၂၀၁၇ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် သတင်းမီဒီယာသမား ၂၆၂ ဦး ဖမ်းဆီးအပြစ်ပေးခံခဲ့ရသည်ဟု ကျွန်ုပ်သိရှိရသောအခါ သတင်းသမားတွေ ဘေးဘယာဝေးကွာနိုင်ခြင်းမရှိသေးဟု ကောက်ချက်ချမိလေသည်။

**ပြစ်ဒဏ်သင့်သော ဘေးမှကင်းဝေးကြပါစေ**

ကမ္ဘာတစ်ဝန်းတွင် မီဒီယာလွတ်လပ်ခွင့်အရ ကျေနပ်ဖွယ်ကောင်းသော နိုင်ငံများ၊ ကျေနပ်ဖွယ်မရှိသေးသော နိုင်ငံများစသည်ဖြင့်လည်း ယင်းအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားပြန်ရာ ပြည်သူ့အခွင့်အရေးတစ်ရပ်ဖြစ်သော မီဒီယာလွတ်လပ်ခွင့်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆူကြုံနိမ့်မြင့်ကွာဟမှုရှိနေဆဲဖြစ်သည်ဟု ထောက်ချင့်သိရလေသည်။ မိမိအကျိုးမဖက် ပြည်သူ့အတွက် အလုပ်လုပ်သူများတွင် သတင်းသမားများ ရှေ့တန်းမှပါဝင်နေသည်ဟု ကျွန်ုပ်တွေးတောမိပြီးလျှင် သတင်းသမားတွေ ပြစ်ဒဏ်သင့်သော ဘေးမှကင်းဝေးကြပါစေဟု ကျွန်ုပ်ဆုတောင်းမိသည်။

ပြစ်ဒဏ်ဘေးမှ ကင်းဝေးဖို့ဟူသည်ကား သက်ဆိုင်ရာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ငြိစွန်းမှုမရှိရအောင် ဂရုမ္ပြကြီးကြီးထားကြရဖို့ လိုအပ်မည်ကား ထင်ရှားလေသည်။ ဥပဒေဟူသည်ကား လူ့အဖွဲ့အစည်းအတွက် စည်းကမ်းကလနား ဖြစ်ပေရာ ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်မိပါသည်ဟု စောဒကတက်နိုင်ခြင်းငှာ မစွမ်းသာချေ။ ဤတွင် ဥပဒေ၏သဘောတရား နက်ရှိုင်းပုံကို ဆက်နွှယ်တွေးတောနေမိသည်။ သတင်းသမားများသည် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် မိမိအလုပ်ကို မိမိ ယုံကြည်လေးနက်စွာ လုပ်ကိုင်နေကြသည့်တိုင်အောင် ရှုထောင့်အမြင်အမျိုးမျိုးမှ ပြဋ္ဌာန်းထားသော ဥပဒေများကို မရည်ရွယ်ဘဲ ချိုးဖောက်မိဘိသကဲ့သို့ ဖြစ်တတ်ပေရာ သတင်းသမားတို့ ဆင်ခြင်တုံတရားကြီးစွာ ရှိအပ်ရာ၏ဟု ကျွန်ုပ်တွေးတောမိလေသည်။

မည်သို့ပင်ဆိုစေ ဘေးဥပဒ်(ဝါ) အန္တရာယ်အပေါင်း ခညောင်းသော သတင်းလမ်းကို လျှောက်လှမ်းကြရသည့် သတင်းသမားတို့မှာ အလုပ်လုပ်လေတိုင်း ‘သတိနှင့်အသိ’ ဖြင့် လုပ်ကိုင်အပ်ရာသည်သာတည်း။

**ဆင်ခြင်တုံတရား လက်ကိုင်ထား**

စာရေးဆရာကြီးများသည် စာကောင်းပေမွန်များ ရေးသားနိုင်ရန် လုံ့လစိုက်ကြသကဲ့သို့ သတင်းသမားများသည်လည်း သတင်းကောင်းသတင်းမွန်များ တင်ဆက်နိုင်ရန် အစဉ်အားထုတ်နေကြသူများ ဖြစ်လေသည်။

သတင်းကောင်း သတင်းမွန်ဖြစ်ပါမှလည်း ပြည်သူတို့၏ ဆင်ခြင်တုံတရားကို သတင်းသမားက မြှင့်တင်ပေးနိုင်ပေလိမ့်မည်။ ပြည်သူ့ဆင်ခြင်တုံတရားကို မြှင့်တင်ပေးသူ သတင်းသမားကိုယ်တိုင်ကလည်း ဆင်ခြင်တုံတရားကြီးကြီးထား၍ ဟိုကွေ့ ဟိုတက်နှင့်လှော်၊ ဒီကွေ့ဒီတက်နှင့် လှော်ကြဖို့လိုပေလိမ့်မည်။ သတင်းသမားတို့ အခွန့်ရှည်ရေးဟူသည်ကား ပြည်သူချစ်စိတ်၊ သတင်းပညာချစ်စိတ် ရင့်သန်နေဖို့လိုအပ်မည်။ ဥပဒေစည်းမျဉ်းကလနားကြားမှ လှုပ်ရှားရသူများ ဖြစ်ပေရကား ‘သတင်းသမားအကင်းပါး’ ဖို့လည်း လိုအပ်မည်ဟုဆိုသော် ကျွန်ုပ်လွန်အံ့ မထင်နိုင်ပေ။

‘ပြည်သူတို့ သတင်းမငတ်မွတ်ရေး’ (ဝါ) ‘သတင်းအာဟာရပြည့်ဝရေး’ အတွက် မိမိကိုယ်တိုင် သတင်းဗလတောင့်တင်းခိုင်မာစွာ ရှိနေအပ်ပေသေးသည်။

သတင်းသမားတို့မှာ မိမိတို့ကိုယ်တိုင် ထမင်းနပ်ကျော်အချိန်ပေး၍ သတင်းလိုက်ရ၊ သတင်းနှိုက်ရလုပ်ရလေ့ရှိ၏။ သတင်းသမားအချို့တော်ခြင်းမှာ ဝါသနာဗီဇပါခြင်းကြောင့် ဖြစ်ရကား ကိုယ်ကျိုးစွန့်အနစ်နာခံကာ သတင်းယူရန် ဝန်လေးကြသူများမဟုတ်ဟု ကျွန်ုပ်အကဲခတ်မိ၏။ သတင်းဖြစ်စဉ်များဟူသည် ယူတတ်လျှင် ဘဝသင်ခန်းစာ၊ မှတ်တတ်လျှင် လောကီသုတဖြစ်ပေရကား သတင်းသမားတို့သည် ပြည်သူတို့ကို သတင်းပေးသူ ဖြစ်လေသည်။

> **“နယ်စည်းမထား သတင်းထောက်များအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်မှာကား ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် သတင်းမီဒီယာသမား ၂၆၂ ဦး ဖမ်းဆီး အပြစ်ပေးခံခဲ့ရသည်ဟု ကျွန်ုပ်သိရှိရသောအခါ သတင်းသမားတွေ ဘေးဘယာဝေးကွာနိုင်ခြင်း မရှိသေးဟု ကောက်ချက်ချမိလေသည်”**

စာရေးဆရာကြီးများနည်းတူပင် သတင်းဆောင်းပါးရေးသူများက စာတိုပေစရေးသူ ဥပမိရပ်ထွက်သည်။ ဆန်အိုးထဲဆန်မရှိသော်လည်း ရေးလက်စစာအတွက် အကောင်းဆုံးရေးဖွဲ့သီကုံးရန်သာ အာရုံစိုက်သူများဖြစ်သည်။ စာရေးနိုင်ဖို့တွေးရသည်၊ မေးရသည်၊ ငေးရသည်၊ ပေးရသည်(အချိန်)။

စာဖတ်သူများ အသိဉာဏ်တိုးပွားပါစေဟူသော စေတနာဇရပ္ပဖြင့် အားထည့် ရေးကြပါလျှင် ပြည်သူ့အပေါ် ဦးထိပ်ပန်သော စေတနာမှန်လေပြီဟု ကျွန်ုပ်ဆိုချင်သည်။

**လူထုဘဝမြင့်မားရေး အသိပေးရသူ**

ဤလောက၌ ‘စေတနာ’ သည်ပဓာနကျ၏။ အကြောင်းမူကားစေတနာသည် ‘ကံ’ ဟု ပြောနိုင်ခြင်းကြောင့်ပေတည်း။ လူထုဘဝမြင့်မားရေး အသိပေးရသူ စာရေးဆရာများနှင့် သတင်းစာဆရာများသည် နိစ္စဓူဝလူမှုဘဝ တွေ့ကြုံရသမျှကို နှလုံးသားဖြင့် ဆင်ခြင်ကာ၊ သတင်းအချက်အလက်များအဖြစ် တည်ဆောက်ကာ ပြုစုကြရပေရာ သူတို့မှာ လောကကို အလှဆင်သူများလည်း ဖြစ်သည်ဟူပေ။

ပြည်သူတို့အား စာပေ၊ သို့တည်းမဟုတ် သတင်းလွှာဖြင့် တင်ဆက်ရသူတို့မှာ ပြည်သူတို့အား အလုပ်အကျွေးပြုသူများလည်း ဖြစ်ပေရာစာသမား၊ ပေသမား၊ သတင်းသမားတို့မှာ မျက်စိကြီး၊ နားကြီးပုဂ္ဂိုလ်များ ဖြစ်အပ်ရာ၏။ မိမိကိုယ်တိုင် အမြင်ကျယ်သူ ဉာဏပရိဘန်ဖြင့် ပိုင်းခြားဝေဖန်တတ်သူဖြစ်ပါမှ ပြည်သူတို့၏ မျက်စိနှင့် နားများသဖွယ် ရပ်တည်နိုင်ကြပေမည်။

လူမှုရေးဖြစ်စဉ်၊ သတင်းဖြစ်စဉ်တို့အပေါ်မှ မြင်တတ်၊ ကြည့်တတ်၊ ခံစားတတ်၊ ဖန်တီးတတ်သော ပုဂ္ဂိုလ်များသည် ပြည်သူတို့အကျိုးရှိရာရှိကြောင်း ရှုထောင့်ပေါင်းစုံမှ ရေးဖွဲ့သီကုံးကြလေ့ရှိပေသည်။

နိုင်ငံရေးအရ၊ လူမျိုးရေးအရ၊ အယူဝါဒရေးအရ မတူကွဲပြားနေမှုများကို ဆန့်ကျင်ဖီလာမတိုက်ကြမူ၍ လူထုအား ရေးသားတင်ဆက်နိုင်ခြင်းမှာ မြင့်မြတ်သော သတင်းသမားစိတ်ဓာတ်ရှိ၍သာ လုပ်ကိုင်နိုင်ကြခြင်း ဖြစ်လေသည်။

ပြည်သူတို့အပေါ် တာဝန်ကျေပွန်စေရမည်ဟူသော စေတနာဖြင့် သတင်းသမားတို့ လုပ်ကိုင်ကြပါလျှင် ‘ပြည်သူ့သားကောင်း’ ပုဂ္ဂိုလ်များဘဝကို အပြည့်အဝ ခံယူနိုင်ကြချိမ့်မည်။ ‘စာသမားဂုဏ်ရည်’ ‘သတင်းသမားဂုဏ်ရည်’ ဟူသည်ကား မိမိတို့ရေးသား တင်ဆက်မှုကြောင့် ပြည်သူတို့ပညာအလင်း ရရှိခြင်း၊ အလိမ္မာတိုးခြင်းတို့ကို ရည်ညွှန်းနိုင်ပေသည်။

ဤတွင်ရွေ့ကား ကျွန်ုပ်အနေဖြင့် စံပြသတင်းသမားကြီးတစ်ဦးကို ညွှန်းဆိုလို၏။ သူသည်ကား ဟံသာဝတီဦးအုန်းကြိုင်ဖြစ်ပြီးလျှင် သူ့အဆိုအမိန့်တစ်ရပ်ကို ကျွန်ုပ်မျှဝေလို၏။ သူက- **“အမှန်ကစာရေးဆရာ၊ သတင်းစာဆရာဆိုတာ တိုင်းပြည်ရဲ့ရှေ့ဆောင်ရှေ့ရွက်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ အစစ်အမှန်ပါပဲ။ ဘာဘတို့ တာဝန်ထမ်းဆောင်စဉ်အခါက ဘာကိုယ်ကျိုးစီးပွားမှ မကြည့်ခဲ့ကြဘူး။ ဝါသနာကို တစိုက်မတ်မတ်လုပ်ခဲ့ရတယ်။ ငတ်ငတ်ပြတ်ပြတ်နဲ့လုပ်လာကြတာ၊ လွတ်လပ်ရေးတိုက်ပွဲမှာလည်း ရှေ့ဆုံးက ပါခဲ့ကြတယ်။ သတင်းသမားတွေဟာ တိုင်းပြည်အတွက် လိုအပ်ချက်တွေရှိရင် ထောက်ပြကြတယ်။ ဝေဖန်ကြတယ်။ ဒါ့ကြောင့် သတင်းသမားတွေကိုလည်း ချီးမြှင့်ထိုက်တယ်” လို့ အဘတိုက်တွန်းပြောကြားလိုတာပါ။**

**ပြည်သူ့အချစ်တော်သတင်းသမား**

ပြည်သူ့အချစ်တော် သတင်းသမားဘဝ ပီပြင်စေဖို့ အရေးကြီးသည်ကား ကျင့်ဝတ် ရှိဖို့ဖြစ်၏။ ဤတွင် ဆောင်းပါးလေးမည်စိုး၍ အကျယ်မဖော်ပြလိုတော့ပြီ။

ကျွန်ုပ်၏အမြင်ကို တင်ပြရလျှင်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေဆဲ ကာလမျိုးဖြစ်သည့် ဤလိုကာလမျိုးတွင် ‘မီဒီယာဖွံ့ဖြိုးရေး’ မှာ အထူးတလည် အရေးပါသည်ဟု ရှုမြင်မိ၏။ ကျွန်ုပ်တို့၏နိုင်ငံ၌ မီဒီယာဖွံ့ဖြိုးရေး အားကောင်းလာလျှင် ‘ရေမြင့်ကြာမြင့်’ ဟူဘိသို့ မီဒီယာလွတ်လပ်ခွင့်လည်း တိုးလာပေလိမ့်မည်။ သတင်းမီဒီယာသည် စတုတ္ထမဏ္ဍိုင် ဖြစ်သည်နှင့်အညီ အခြားသောမဏ္ဍိုင်များ (အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊ တရား စီရင်ရေး)ကို ရင်ပေါင်တန်းသော အနေအထားဖြင့်ရှိနေရန် ဝိုင်းဝန်းတည်ဆောက်ကြရန်မှာ သတင်းလောကသားအားလုံးတို့၏ တူညီသောရည်မှန်းချက် ဖြစ်အပ်ပေသည်။ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အဂတိလိုက်မှုတိုက်ဖျက်ရေး၊ လူမှုရေးအနိဋ္ဌာရုံ အမျိုးမျိုးကင်းဝေးရေးတို့အတွက် မီဒီယာကမီးမောင်းထိုးပြနိုင်ရန် မီဒီယာသမားတိုင်း ကူညီကြစေလိုသည်။ ပြုပြင်ပြောင်းလဲရေးကာလအတွင်း ကျရောက်နေဆဲဖြစ်သဖြင့် အရာရာသည် ပြီးပြည့်စုံမှုမရှိနိုင်သေးသည်ကို စိတ်ရှည်သည်းခံစွာ ရှုမြင်ရပါဦးမည်။

ဆိုပါစို့၊ ကျွန်ုပ်တို့၏ နိုင်ငံတော်၌ ‘သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေ’ (Right to Information Law) မှာ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ဆောင်နေဆဲ ကာလအတွင်း၌သာ ရှိနေသေးပေရာ သတင်းလွတ်လပ်ခွင့် အမြန်ပေးဟု တောင်းဆိုကြသည့်တိုင် ယင်းလွတ်လပ်ခွင့်ကို လက်ဆုပ်လက်ကိုင်ရနိုင်ခြင်းရှိနိုင်ဦးမည်ကား မဟုတ်ပေ။

ဒီမိုကရေစီအပင်လေးမှာ စတင်ရှင်သန်ခါစ အနေအထားဖြစ်သဖြင့် ကျွန်ုပ်တို့အနေဖြင့် ဆန္ဒမစောဘဲ စိတ်ရှည်စွာဖြင့် ရေလောင်းပေါင်းသင်လုပ်ကြဖို့ လိုပေမည်။

အဆိုပါဥပဒေသည် ရည်မှန်းချက်ကောင်းမွန်လှပြီး ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီ နိုင်ငံ အဖြစ် ခေါ်ဝေါ်ခံရသော အိန္ဒိယနိုင်ငံ၌ Right to Information Act ကို ၂၀၀၅ခုနှစ်တွင်မှ ပြဋ္ဌာန်းနိုင်ခဲ့လေသည်။

**အခြေခံအဆောက်အအုံ လိုအပ်ချက်များရှိနေ**

မည်သို့ဆိုစေ ကျွန်ုပ်တို့နိုင်ငံ၌ ယင်းဥပဒေအမြန်ဆုံးပေါ်ထွန်းလာလျှင် အဂတိလိုက်စားမှုများကို ပိုမိုဖော်ထုတ်လာနိုင်ဖွယ်ရှိပြီး ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုအခြေအနေကိုလည်း သတင်းသမားတို့က တိုင်းတာနိုင်ပေလိမ့်မည်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများက အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်သော အကြောင်းခြင်းရာမှအပ သတင်းသမားတစ်ဦး (နိုင်ငံသားတစ်ဦး) လိုအပ်သော သတင်းအချက်အလက်များကို အမြန်ဆုံးထုတ်ပေးခြင်းဖြင့် အကျိုးကျေးဇူးများ ရနိုင်ပေလိမ့်မည်။ သို့ရာတွင် ယင်းဥပဒေ နှင့်အညီ သတင်းအချက်အလက်များ ထုတ်ပေးနိုင်ရေးအတွက် အခြေခံအဆောက်အအုံ လိုအပ်ချက်များရှိနေသေးသည်ကိုလည်း ကျွန်ုပ်သတိမူမိလေသည်။

သတင်းမီဒီယာဖွံ့ဖြိုးရေးက သာလွန်အရေးကြီးလာသော ယနေ့ကာလ၌ သတင်းသမားများအနေဖြင့် သတင်းအချက်အလက်များ ရရှိရေးအတွက် အားကိုးအားထားပြုနိုင်သော အရင်းအမြစ်တစ်ခုအဖြစ် ‘ပြည်သူ့စာကြည့်တိုက်များ’ ကို ညွှန်းဆိုလိုသည်။ မြန်မာနိုင်ငံရှိ စာကြည့်တိုက်များအား သတင်းအချက် အလက်နည်းပညာ အသုံးပြုသော စာကြည့်တိုက်များအဖြစ်သို့ ပြုပြင်ပြောင်းလဲလျက်ရှိသည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရသည်။ အင်တာနက်ကွန်ရက်ရရှိသော စာကြည့်တိုက်များသည် ပြည်သူများအတွက်သာမက သတင်းသမားများအတွက်ပါ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးလျက်ရှိနေသော်လည်း လူအများမှာ သတိမမူဂူမမြင်ဟူဘိသို့ ပြည်သူ့စာကြည့်တိုက်များကို ကျော်ဖြတ်သွားနေကြသည်။ အများပြည်သူစာကြည့်တိုက်စနစ် အားကောင်းလာပါလျှင် စာပေသမားများ၊ စာဖတ်သူများတို့သာမက သတင်းသမားတို့ကပါ သတင်းနောက်ခံအကြောင်းခြင်းရာများကို ဂဃနဏသိနိုင်ရေးအတွက် ခေတ်ပြိုင်စာနယ်ဇင်းများ၊ ခေတ်ပြိုင်စာစောင်များ၊ နိုင်ငံတကာရေးရာ မှီငြမ်းပြုစရာများကို ကိုးကားအသုံးပြုနိုင်ပေလိမ့်မည်။

**“မြန်မာနိုင်ငံ၌ သတင်းအချက်အလက်ရရှိမှု ခက်ခဲနေသေးသည်ဆိုသည့်တိုင်အောင် သတင်းအချက်အလက် ခေါင်းပါးခြင်းတည်းဟူသော စိန်ခေါ်မှုကို ဖြေရှင်းပေးမည်မှာကား ပြည်သူ့စာကြည့်တိုက်များဖြစ်သည်”** ဟု အထင်ကရစာကြည့်တိုက်ပညာရှင် ဒေါက်တာ သန့်သော်ကောင်း (Myanmar Book Aid and Preservation Foundation and the mobile library project under the Daw Khin Kyi Foundation) က ဆိုမိန့်ခဲ့သည်ကို ကျွန်ုပ်မှတ်သားခဲ့ရဖူး၏။

**တိုးတက်မှုကိုပြသော ကိန်းဂဏန်းများ**

မြန်မာမီဒီယာ စာကြည့်တိုက်ဖွင့်လှစ်သူ ဦးစောလင်းအောင် (ဒိန်းမတ်နိုင်ငံအခြေ စိုက် International Media Support အဖွဲ့အစည်း၏ ပြည်တွင်းစီမံကိန်း အကူတာဝန်ခံ၊ သတင်းလောကတွင် ၁၅ နှစ်ကြာမျှကျင်လည်ခဲ့သူ) က **“သတင်းထောက်တွေက ဗဟုသုတတွေပဲ ပြည့်နေလို့လား၊ စာဖတ်စရာမလိုဘူးလို့ပဲ မှတ်ယူထားသလားမသိဘူး၊ စာကြည့်တိုက်တွေကို အသုံးချတာနည်းလာတယ်”** ဟူ၍ ၂၀၁၃ ခုနှစ်က ပြုလုပ်သော လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားခဲ့သည်ကိုလည်း ကျွန်ုပ်ပြန်ပြောင်း သတိရမိလေသည်။ သတင်းမီဒီယာဖွံ့ဖြိုးမှု ပြဒါးတိုင်ကို ကျွန်ုပ်ကြည့်လေသော် မြန်မာနိုင်ငံ၏ စာနယ်ဇင်းထုတ်ဝေခြင်းလုပ်ငန်း တိုးတက်မှုကိုပြသော ကိန်းဂဏန်းများကို တွေ့မြင်ရ၏။ ပုံနှိပ် ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ရက်မှစ၍ ယနေ့အထိ ပုံနှိပ် ခြင်းလုပ်ငန်း ၁၄၈၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၉၆ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း ၉၆ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၇၆ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၇ ရက် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်ကို ကျွန်ုပ်လေ့လာတွေ့ရှိရလေသည်။ ထုတ်ဝေမှုလုပ်ငန်းအရ ၂၀၁၅ခုနှစ်နှင့် ၂၀၁၇ခုနှစ်တို့ကို နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၅ ခုနှစ်တွင် သတင်းစာ ၂၅ မျိုး ခွင့်ပြုပေးခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၄၄ မျိုးအထိ၊ ဂျာနယ် ၃၁၉ မျိုး ခွင့်ပြုပေးခဲ့ရာမှ ၅၂၄ မျိုးအထိ၊ မဂ္ဂဇင်း ၂၄၈ မျိုး ခွင့်ပြုပေးခဲ့ရာမှ ၄၂၅ မျိုးအထိ၊ အထွေထွေ ၇၁၃ မျိုးရှိခဲ့ရာမှ ၁၂၂၈ အထိ၊ သတင်းအေဂျင်စီ ၂၁ ခု ရှိခဲ့ရာမှ ၉၃ ခုအထိ တိုးတက်လာခဲ့သည်ဟု လေ့လာသိရှိရပြန်ရာ ဒီမိုကရေစီတည်ဆောက်ဆဲနိုင်ငံ၏ သတင်းမီဒီယာဖွံ့ဖြိုးမှု တိုးတက်မှုရှိသည်ဟု သုံးသပ်ရပေမည်။

ပုရပိုက်နက်ဟုခေါ်သော အနက်ရောင်စက္ကူချပ်၊ အလွှာခေါက်များပေါ်တွင် ကန့်ကူဆံ (ဝါ) စာရေးကိရိယာ ကျောက်တံတစ်မျိုးဖြင့် ရေးသားခဲ့ရသည့်ခေတ်မှ ကွန်ပျူတာ မှန်သားပြင်အပေါ် စာရေးနိုင်သော ယနေ့ခေတ်တွင် ပြည်သူအများမှာ အွန်လိုင်း အာကာသထဲ လျင်မြန်စွာပြေးလွှားဆော့ကစားနိုင်ကြပေရာ ပုံနှိပ်မီဒီယာများ အင်အားပျော့သွားသည့် လက္ခဏာများကိုမူ ကျွန်ုပ်တွေ့မြင်ရ၏။

‘သတင်းသမားဂုဏ်ရည်’ ဟူသည်ကား (၁) အာဂမယုတ္တိ =ကျမ်းဂန်အကိုးအကား နှင့် ညီညွတ်ရမည် (၂) သဘာဝယုတ္တိ = သိပ္ပံ လက်တွေ့နှင့်လည်း ညီညွတ်ရမည် (၃) သာဓကယုတ္တိ = ထင်ရှားသော သက်သေပြချက်များ၊ အထောက်အထားများရှိရမည် (၄) ကာရဏ ယုတ္တိ = အကြောင်းအကျိုး၊ ဆက်စပ်မှန်ကန်ရမည်။

နည်းပညာပြောင်းလဲမှုနှင့်အတူ သတင်းလောကကြီး အလိုက်သင့် အလျားသင့်ပြောင်းလဲနေချိန်တွင် အွန်လိုင်းသတင်းတို့ ဖောသီနေသော်လည်း သတင်းပညာအရ တင်ဆက်သော ပင်မရေစီးမီဒီယာများမှာ ပြည်သူကိုဗဟိုပြုသည့် မီဒီယာအဖြစ်လည်းကောင်း၊ အာဂမယုတ္တိ (ဝါ) စာပေအကိုးအကား၊ လူပုဂ္ဂိုလ်အကိုးအကားနှင့် သဘာဝယုတ္တိတို့အရ ခိုင်မာအားကောင်းသော မီဒီယာအဖြစ်လည်းကောင်း၊ ပြည်သူတို့အကျိုးရှိရာရှိကြောင်း လမ်းညွှန်မှုအပေါင်းကို ပေးစွမ်းသောမီဒီယာအဖြစ်လည်းကောင်း၊ သတင်းသမားတို့၏ ဂုဏ်ရည်ကို ပြဆိုနိုင်သည့်မီဒီယာအဖြစ်လည်းကောင်း အခိုင်အမာ ရပ်တည်နေဆဲဖြစ်သည်ဟု တွေးတောမိရင်း **“ဒီးဒီးယိုကျ (အ)ကျိုးဆောင်ရ သတင်းသမားဘဝ”** ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



## ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ပူဇော်ပွဲကျင်းပ

**နမ့်ခမ်း မတ် ၇**

နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ရရှိတော်မူသော ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ ဒက္ခိဏာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒာစရိယသည် မတ် ၅ ရက်က မူဆယ်မြို့မှ နမ့်ခမ်းမြို့သို့ ကြွလာခဲ့ရာမြို့နေပြည်သူများက ကြိုဆိုပင့်ဆောင်ပူဇော်ခဲ့သည်။

ဆရာတော်အား ကြိုဆိုပင့်ဆောင်ရာတွင် တအာင်း(ပလောင်)တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် ဂေါပကအဖွဲ့၊ ဝတ်ရွတ်အဖွဲ့များက မင်္ဂလာစည်တော်တီးခတ်လျက် မြို့လယ်လမ်းတစ်လျှောက် ပင့်ဆောင်ခဲ့ပြီး မြို့လယ်ဘုရားကြီးကျောင်းတော်တွင် ခေတ္တအပူဇော်ခံခဲ့ရာ မြို့နယ်အတွင်းမှ ဆရာတော် သံဃာတော်များ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း၊ မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများက ပူဇော်ကြပြီးနောက် ဆရာတော်သီတင်းသုံးရာ ဒက္ခိဏာရုံကျောင်းတိုက်သို့ ဆက်လက် ပင့်ဆောင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ထားဝယ်မြို့၌ နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ပေး



**ထားဝယ် မတ် ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းများ ဖွင့်ပွဲကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ မတ် ၅ ရက်က ကျင်းပသည်။

အားကစားသင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က တစ်မျိုးသားလုံး ကျန်းမာသန်းစွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကာယပညာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်က ချမှတ်ပေးထားသည့် အားကစားနှင့် ကာယပညာ မူဝါဒများနှင့်အညီ အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းသည်လည်း လုပ်ငန်းတစ်ရပ်အနေဖြင့် ပါဝင်ကြောင်း၊ နွေရာသီအခြေခံ အားကစားသင်တန်းများ အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၁၂ မျိုးကို အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးမည့် လက်တွေ့အားကစားနည်းစနစ်နှင့် သင်ခန်းစာများကိုစနစ်တကျ သင်ယူကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပြည်သူများအား အားကစားအဖွဲ့များက ဝူရှူး၊ ဂျူဒို၊ လက်ဝှေ့၊ အေရိုးဗစ် သရုပ်ပြ အစီအစဉ်များဖြင့် ဖျော်ဖြေကြပြီး သရုပ်ပြဖျော်ဖြေသည့် အားကစားအဖွဲ့ခေါင်းဆောင်များအား ဝန်ကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါ နွေရာသီအားကစားသင်တန်းသို့ ထားဝယ်မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ပြီး သင်တန်းများကို မတ် ၂၂ ရက်အထိ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေသာလျောင်းတောင်တက်လမ်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေး

**ကျောက်ဆည် မတ် ၇**

ကျောက်ဆည်မြို့ရှိ ရွှေသာလျောင်းတောင်ပေါ်သို့တက်သည့် တောင်တက်လမ်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကျောက်ဆည်မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဦး ဦးဆောင်သည့် ရဲအရာရှိများနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် မတ် ၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအချိန်က သစ်ရွက်များကြွေချိန်ဖြစ်ပြီး ကျောက်ဆည်တောင်မှာလည်း ဆင်ပွဲကျင်းပခြင်းကြောင့် အထင်ကရတောင်တစ်ခုဖြစ်သဖြင့် တောင်တက်လမ်းတစ်လျှောက်တွင် သန့်ရှင်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း စခန်းမှူးက ပြောကြားပြီး သန့်ရှင်းရေးလုပ်ဆောင်ရာမှ ထွက်ရှိလာသော ချုံနွယ်များနှင့် အမှိုက်များကို စွန့်ပစ်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်ကားတစ်စီး ပါဝင်ကူညီကာ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## တကောင်းမြို့၌ ကလေးသုံးမွှာပူး အောင်မြင်စွာမွေးဖွား

## ကလေးများအား ကျွေးမွေးစောင့်ရှောက်ရန် အကူအညီများလိုအပ်နေ

**တကောင်း မတ် ၇**

ပြင်ဦးလွင်ခရိုင် တကောင်းမြို့ပြည်သူ့ဆေးရုံ၌ မတ် ၄ ရက် ည ၈ နာရီခန့်တွင် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး၏ သုံးမွှာပူးကလေးငယ်များကို ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်ဝင်းနှင့် ဝန်ထမ်းများက အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သုံးမွှာပူးကလေးများမှာ သမီး မိန်းကလေးများဖြစ်ကြပြီး ပထမကလေးမှာ ၃ပေါင် ၃အောင်စ၊ ဒုတိယကလေးမှာ ၄ ပေါင်နှင့် တတိယကလေးမှာ ၃ ပေါင် ၅ အောင်စ အလေးချိန်ရှိကာ မိခင်နှင့် ကလေးများအားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အမွှာပူးကလေးများ၏ဖခင် ကိုခင်မောင်ဝင်းနှင့် မိခင် မအေးခိုင်တို့မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးဖြူကုန်းကျေးရွာတွင် နေထိုင်ကြပြီး နေ့စားအလုပ်သမားများဖြစ်သောကြောင့် ကလေးများ ကျန်းမာစွာ ရှင်သန်ကြီးပြင်းအောင် ရေရှည်စောင့်ရှောက်နိုင်ရန် အကူအညီများစွာ လိုအပ်နေကြောင်း၊ အမွှာပူးကလေးများ၏ တစ်ရက် နို့မှုန့်ဖိုးမှာ ကျပ်ခြောက်ထောင်ခန့်ရှိနေပြီး ဖခင်၏ တစ်နေ့တာဝင်ငွေဖြင့် ရေရှည်ရပ်တည်ရန် အခက်အခဲများရှိနေသဖြင့် လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉-၂၆၅၀၀၂၅၉၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

**၁၀၁**



## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံးအဆောက်အအုံသစ်ဖွင့်

**သာပေါင်း မတ် ၇**

သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရုံးအဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၁ ရက်က သာပေါင်းမြို့ရှိ အဆိုပါရုံး၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦး၊ မြို့နယ် စီမံကိန်းဦးစီးမှူး ဦးတင်ဝင်းနှင့် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးသိန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက ရုံးအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းအဆောက်အအုံအား ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၈၇ ဒသမ ၃၂ သန်းဖြင့် တည်ဆောက်ခဲ့ကာ အဆောက်အအုံအကျယ်အဝန်းမှာ အလျားနှင့် အနံ ၆၄ ပေစီနှင့် အမြင့် ၁၂ ပေရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အကြိုအခမ်းအနား ကျင်းပ

**ကျိုင်းတုံ မတ် ၇**

မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အကြိုအခမ်းအနားကို မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် တိုင်းလိခန်းမ၌ မတ် ၆ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး ဒေါ်မီမီကိုက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ မော်ကွမ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်နန်းဝိုးဖတ်က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ယဉ်ကျေးမှုအဖွဲ့များနှင့် မူကြိုကလေးငယ်များက အကပဒေသာများဖြင့် လည်းကောင်း၊ ပန်လော့ရွာမှ လူငယ်များက လူကုန်ကူးမှုအကြောင်း ပညာပေးပြဇာတ်ဖြင့်လည်းကောင်း ဖျော်ဖြေကြပြီး ဒေါ်နန်းကျောက်တစ်၊ ဒေါ်နန်းဏီးလှိုင်းဆိုင်နှင့် မော်ကွမ်ဒေသဖွံ့ဖြိုးရေးအဖွဲ့မှ အဖွဲ့ဝင်များက အမျိုးသမီးများနှင့် ခေါင်းဆောင်မှု အသိပညာ၊ အမျိုးသမီးကျန်းမာရေးဆိုင်ရာနှင့် တစ်ဖက်နိုင်ငံသို့ သွားရောက်မည့်သူများ ကြိုတင်ပြင်ဆင်ရန် စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## မြို့နယ်စာကြည့်တိုက်များကွန်ရက် လပတ်အစည်းအဝေးကျင်းပ

**ကျိုက်ထို မတ် ၇**

ကျိုက်ထိုမြို့နယ် စာကြည့်တိုက်များကွန်ရက်၏ လပတ်အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် စာအုပ်လှူဒါန်းပွဲကို မတ် ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌ ကျင်းပခဲ့သည်။

အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်စာကြည့်တိုက်များကွန်ရက်နာယက ဦးဝမ်ကြည်က ကျေးရွာများရှိ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကွန်ရက်အဖွဲ့အနေဖြင့် အားပေးကူညီလျက်ရှိကြောင်း၊ စာကြည့်တိုက်များတွင် အရွယ်မရွေး လေ့လာဖတ်ရှုနိုင်သည့် စာအုပ်စာစောင်များ တိုးပွားစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စာကြည့်တိုက်များသို့ ပြည်သူများ လာရောက်လေ့လာဖတ်ရှုမှု တိုးလာစေရေးအတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းသန်းမော်က မိမိတို့ဌာနအနေဖြင့် ကျေးရွာစာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးပြီး ကျေးရွာများသို့သွားရောက်၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်စာကြည့်တိုက်များ ကွန်ရက်ကိုလည်း မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်များကွန်ရက်သို့ ရန်ကုန်မြို့နေ ဦးမောင်မောင်စိုးက လှူဒါန်းထားသည့် သုတရသစာအုပ်မျိုးစုံ ၃၃၀ ကို စာကြည့်တိုက်များကွန်ရက်နာယက ဦးဝမ်ကြည်က မြို့နယ်အတွင်းမှ စာကြည့်တိုက် ၁၀ တိုက်ထံသို့ ခွဲဝေလှူဒါန်းပေးခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# တိရစ္ဆာန်များအတွက် ရေလွတ်ကုန်း(Animal Safe Land) တည်ဆောက်ပြီးစီး

**ဇလွန် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု ရေလယ်သောင်ကျေးရွာ၌ မိုးတွင်းကာလ ရေကြီးသည့်အချိန်တွင် တိရစ္ဆာန်များ ခိုလှုံနေထိုင်နိုင်မည့် ရေလွတ်ကုန်း(Animal Safe Land) တည်ဆောက်မှုများ ပြီးစီးပြီဖြစ်ကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် တာဝန်ရှိသူများက မတ် ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။



နန်းတော်ကျွန်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများသည် မိုးတွင်းကာလတွင် ရေမြုပ်ကွင်းများဖြစ်ပြီး တိရစ္ဆာန်များကိုထားရှိရန် အခက်အခဲရှိသော ဒေသဖြစ်ကြောင်း၊ ငွေကြေးတတ်နိုင်သော မွေးမြူရေးသမားများသာလျှင် တိရစ္ဆာန်များကိုထားရန် စင်များတည်ဆောက်နိုင်ကြပြီး ငွေကြေးမတတ်နိုင်သော မွေးမြူရေးသမားများအတွက် အခက်အခဲရှိသောကြောင့် တိရစ္ဆာန်ရေလွတ်ကုန်း (Animal Safe Land)ကို တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဒေါ်လေးမွန်ကြည်က ပြောကြားသည်။

တည်ဆောက်ပြီးစီးသည့် အဆိုပါ တိရစ္ဆာန်ရေလွတ်ကုန်းသည် အလျား ၂၆၄ ပေ၊ အနံ ၆၆ ပေ၊ အမြင့် အလယ်ကောင်တွင် ၁၁ ပေနှင့် ဘေးနှစ်ဖက်တွင် ကိုးပေရှိပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ဖြင့် ဇလွန်မြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီက ဦးဆောင်ကာ ကျေးရွာကြီးကြပ်မှုကော်မတီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တိရစ္ဆာန်ရေလွတ်ကုန်း တည်ဆောက်ပြီးသဖြင့် နန်းတော်ကျွန်းကျေးရွာအုပ်စုနှင့် ရွာချင်းဆက် ကျေးရွာများရှိ ပြည်သူများ မွေးမြူထားသော တိရစ္ဆာန်များကို မိုးတွင်းကာလ ရေကြီးချိန်နှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ချိန်များတွင် အဆင်ပြေစွာ ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ(ဇလွန်)**

# လူငယ်များအတွက် ကွန်ပျူတာနှင့် ပန်းချီပညာ နွေရာသီသင်တန်းများ ဖွင့်လှစ်ပေး

**သံဖြူဇရပ် မတ် ၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်စံပြကျေးရွာရှိ သုတကမ္ဘာ စာကြည့်တိုက်ကော်မတီက ကြီးမှူး၍ လူငယ်များအတွက် နွေရာသီသင်တန်းများဖြစ်သည့် အခြေခံကွန်ပျူတာသင်တန်း၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပန်းချီသင်တန်းများကို မတ် ၅ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

သင်တန်းများဖွင့်ပွဲတွင် ကျေးရွာစာကြည့်တိုက်နာယက ဒေါ်ဝင်းကြည်(ပညာရေးမှူးငြိမ်း)၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်သန်းစိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးသီတို့က အမှာစကားပြောကြားပြီး ကွန်ပျူတာ နည်းပြ ဦးကိုကိုလွင်၊ စာဖတ်ရှိန်မြှင့်တင်ရေးတာဝန်ခံ ဦးဝေယံထက်နှင့် ပန်းချီနည်းပြ ဦးခင်မောင်လတ်တို့က သင်တန်းပို့ချရေးဆိုင်ရာများကို မိတ်ဆက်စကားပြောကြားသည်။

နွေကျောင်းပိတ်ရက်အတွင်း ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချပြီး ဘဝတစ်သက်တာအတွက် လိုအပ်သည့် အတတ်ပညာများကို လေ့လာဆည်းပူးခွင့်ရရှိနိုင်ရန်နှင့် ပညာရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ထိရောက်သည့် သင်ကြားမှုပေးနိုင်ရန် အချိန်ဇယား စနစ်တကျရေးဆွဲပြီး ပထမသုတ်အဖြစ် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း ဘာသာရပ်သုံးမျိုးစလုံးကို သင်ကြားရမည်ဖြစ်ရာ အခြေခံကွန်ပျူတာပညာ၊ အခြေခံ ပန်းချီပညာတို့ကို တတ်မြောက်မည်ဖြစ်သလို စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် အဖတ်၊အတွေး၊ အရေးမှသည် စာပေအကြောင်းအရာကို ဆွေးနွေးခြင်းအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းများသို့ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၃၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



# အခမဲ့ အခြေခံကွန်ပျူတာသင်တန်း မိုင်းယောင်းမြို့၌ ဖွင့်လှစ်

**မိုင်းယောင်း မတ် ၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့ခံ ပရဟိတလူငယ်များ ပူးပေါင်း၍ အခမဲ့ အခြေခံ ကွန်ပျူတာသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ မတ် ၆ ရက်မှ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း သိရသည်။



မိုင်းယောင်းမြို့နယ်အတွင်းရှိ ဒေသခံလူငယ်များအနေဖြင့် ကွန်ပျူတာအခြေခံကို ကောင်းမွန်စွာ သိရှိစေရန်နှင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်ပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၀နာရီ၊ နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲနှင့် မွန်းလွဲ ၂ နာရီခွဲမှ ၄ နာရီအထိ သင်တန်းအချိန်များဖြင့် သင်တန်းကာလ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား ၈၇ ဦး တက်ရောက်ကြောင်း သိရသည်။

ထို့အပြင် မိုင်းယောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာအခြေခံကို အဆင်ပြေစွာ လေ့လာသင်ယူနိုင်ရန် ရည်ရွယ်ပြီး နေ့စဉ် ည ၆ နာရီမှ ၈ နာရီအထိတွင်လည်း ညပိုင်းအစီအစဉ်အဖြစ် တိုးချဲ့၍ သင်တန်းသား ၁၈ ဦးကို သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းများတွင် ပရဟိတလူငယ်များက ပညာဒါနအဖြစ် အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော

**ဟားခါး မတ် ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ သင်တန်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို မတ် ၆ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဟားခါးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီဟွေဆုန်က အမှာစကားပြောကြားပြီး အမှတ် ၁၃ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ဟားခါး)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ထန်းလိန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဟားခါးမြို့အမှတ် ၁၆ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ ရဲအုပ်ကိုကိုမောင်က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစာရုံမန်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါ်နီနော်နန်းက ကျန်းမာရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများကိုလည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒေါ်သို့မာအောင်က တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကိုလည်းကောင်း ပညာပေး ဟောပြောခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

**နတ်တလင်း မတ် ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့လယ်ပြင်လမ်းရပ်ကွက်ရှိ မီးဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများကို ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသော စတုဘုမ္မိကကျောင်းတိုက် ဓမ္မာရုံ၌ မတ် ၆ ရက်က ပေးအပ်ခဲ့သည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော ပစ္စည်းများကို မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးငြိမ်းချမ်းချို၊ တာပွန်မြို့ကြက်ခြေနီတပ်ဖွဲ့မှ တပ်ခွဲမှူး ဦးကျော်ဇောနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်းတာဝန်ခံ ဒုဦးစီးမှူးဦးကိုကိုမောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မီးဘေးသင့် အိမ်ထောင်စု ငါးစုထံသို့ ပေးအပ်ခဲ့သည်။

မီးလောင်ကျွမ်းမှုမှာ မတ် ၃ ရက် ညပိုင်းက လယ်ပြင်လမ်းနေ ဦးစိုးနိုင်၏နေအိမ် မီးကြွင်း မီးကျန်မှုတစ်ဆင့် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ မီးလောင်မှုကြောင့် နေအိမ်ငါးလုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့သည့် စာသင်ကျောင်းဆောင်သစ်ဖွင့်

**ဖားဆောင်း မတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကယားပြည်နယ် ဖားဆောင်းမြို့နယ်အတွင်း ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းရန်ပုံငွေဖြင့် ဝမ်အောင်းကျေးရွာ၌ ဆောက်လုပ်ပြီးစီးခဲ့သော စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲကို မတ် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူအောင်၊ လူထုဗဟုပြုစီမံကိန်းတာဝန်ခံ ဦးသန့်ဇော်လွင်၊ ဘောလခဲခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ ဖားဆောင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်မြတ်နှင့် ဖားဆောင်းမြို့နယ်ပညာရေးမှူး ဦးဇော်ခိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျောင်းဆောင်သစ်ကို ကျေးရွာနေ ပြည်သူများ၏ လိုအပ်ချက်အရ စီမံကိန်းမှထောက်ပံ့ငွေ ကျပ် ၁၃၉ သိန်းကျော်ဖြင့် တည်ဆောက်ပေးခဲ့ကာ ကျောင်းဆောင်သည် အလျား ၃၀ ပေ၊ အနံ ၄၀ ပေနှင့် အမြင့် ၁၂ ပေရှိကြောင်း သိရသည်။

**ဝတ်ရည်**



# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးတင်ဝင်း | ကြခတ်တန်းကျေးရွာ၊ မြစ်ကျိုးအုပ်စု၊ မြန်အောင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ရောင်နီအရက်ချက်စက်ရုံ | |
| ၂ | ဦးတင်ဝင်း | ဆားမလောက်ရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | SML အရက်ချက်စက်ရုံ | |
| ၃ | Delta Industrial Group Co.,Ltd | အကွက်အမှတ် ၅၂၊ စီးပွားရေးဇုန်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၄ | ဒေါ်နန်းနီနီထွေး | ဦးပိုင် ၁၀၊ ဘူးကွဲကြီးကျေးရွာ၊ ငွေဆောင်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၅ | ဦးမျိုးခိုင် ပါ(၄) | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Golden Beach ဟိုတယ် | |
| ၆ | ဦးဇော်သန်းဦး | ရေတ်ကောင်း၊ နံ့သာပုကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၇ | ဦးခေတ်စိန်၊ ဒေါ်ခင်ငြိမ်းဦး | အမှတ် ၄၄၊ ၁၁ လမ်း၊ (၅)ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၈ | ဒေါ်မြတ်မြတ်စိုး (ပါ)၁၀ဦး | ၁၂၉၊ နတ်မော်လမ်း၊ တာကလေးရပ်ကွက်၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၉ | ဒေါ်ငွေးငွေးမွန် | ရေတ်ကောင်း၊ နံ့သာပုကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၁၀ | ဦးစိုးလွင်-ဒေါ်ခင်စော | (၈)ရပ်ကွက်၊ တုံးလုံချောင်းကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေနှင့်နေအိမ်ရောင်းချခြင်း | |
| ၁၁ | DANYAWDI PRINCESS Co.,Ltd | အမှတ် 347/A၊ တောရကျောင်းလမ်း၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၂ | ဦးမောင်မောင်မြင့်-ဒေါ်ခိုင်ခိုင်ဝင်း | ဦးဝိစာရလမ်း၊ ဘုရားကြီးရပ်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေ၊ အိမ်ရောင်းချခြင်း | |
| ၁၃ | Zayar Myint Moh Co.,Ltd | အမှတ် ၃၂(က)၊ ဈေးချောင်းလမ်း၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၄ | Htoo Myat Ayar Co.,Ltd | အမှတ် ၆၊ ခြံကြီးပခန်းဆိပ်ကမ်း အဆင်းလမ်း၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၅ | Bell Resort Hotel (Royal) Palace Hotel Co.,Ltd | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Bell Resort Hotel | |
| ၁၆ | ဦးဖြိုးကိုကိုတင်ဆန်း | ငွေဆောင်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ACE Hotel | |
| ၁၇ | ဦးသန့်ဇင်ဦး၊ ဦးသန့်ဇော်ဦး | အမှတ် ၂၁/၁၃လမ်း၊ (၅)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေ+ဆန်စက်အဟောင်း+ဂိုဒေါင် ရောင်းချခြင်း | |
| ၁၈ | Bay Of Bengal (Bay of Bengal Goft Resort Co.,Ltd) | ငွေဆောင်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Bay Of Bengal Hotel | |
| ၁၉ | ဒေါ်ခင်မြတ် | ဘုရင့်နောင်လမ်း၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၂၀ | AKARIT MIN Co.,Ltd | အမှတ် ၁၅၊ ကမ်းနားလမ်း(ကမ်းပြို)၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၂၁ | ဒေါ်ဝင်းလဲ့ရည်မွန် | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၂၂ | ဦးထွန်းနိုင်ရွှေ | သောင်ဇားကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ငါးကန် | |
| ၂၃ | ဦးတင်လွင်၊ ဦးစိုင်းအောင်မေ | ဗိုလ်ချုပ်လမ်း၊ ပင်လုံရပ်ကွက်၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | နေအိမ်ရောင်းချခြင်း | |
| ၂၄ | ဦးငွေးမြင့် | မြေနုအုပ်စု၊ မြေနုကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ငါးကန် | |
| ၂၅ | ဒေါ်သန်းသန်းလွင် | မြို့ကွက်သစ်၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၂၆ | ဦးစိန်ဝင်း | မြို့ကွက်သစ်၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၂၇ | ဦးစိုးသက်အောင် | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | AKARIZ Hotel | |
| ၂၈ | ဦးလှိုင်မွန် | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ရွှေဟင်္သာဟိုတယ် | |
| ၂၉ | ဦးမင်းကျော်ဦး | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Grand ဟိုတယ် | |
| ၃၀ | ဦးသိန်းငွေး | အမှတ် ၃၄၂၊ ပြည်တော်သာလမ်း၊ ကနောင်စု၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | အုတ်၊ သဲ၊ ကျောက် တင်ဒါလုပ်ငန်း | |
| ၃၁ | ဦးမောင်မောင်ကြည် | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Diamond ဟိုတယ် | |
| ၃၂ | AYAR GLOBAL Co.,Ltd | အမှတ် ၁၀၊ ပဒင်းတန်းလမ်း၊ ရကအ(၂)၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၃၃ | ဒေါ်စန္ဒာလွင် | ၃၆၅၊ ရွှေစေတီလမ်း၊ တာငါးဆယ်တောင်ရပ်၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေ၊ အိမ်ရောင်းချခြင်း | |
| ၃၄ | ဦးစိုးသန်းဦး ပါ(၃)ဦး | အောင်ဆန်းလမ်း၊ (၁)ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စိန်ရတနာဆန်စက်(၁.၂.၃) | |
| ၃၅ | ဦးသန့်ဇင် | အမှတ် ၁၊ ဘောင်ဒရီလမ်း၊ (၆)ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ထိန်လင်းရတနာဆန်စက်+တည်းခိုခန်း | |
| ၃၆ | ဦးကိုကိုနိုင် | ကွယ်လွယ်စက်မှုဇုန်၊ မြဟေမာရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မနောသုခဆန်စက် | |
| ၃၇ | ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် | ရွှေစေတီလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဝန်ဆောင်မှု | |
| ၃၈ | ဦးနိုင်ဝင်း | ချောင်းသာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | သီရိဟိုတယ် | |
| ၃၉ | ဦးသန့်ဇင်/ဒေါ်ရင်ရင်သန့် | အမှတ် ၂၁၊ ၁၃လမ်း၊ (၅)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေနှင့်နေအိမ်ရောင်းချခြင်း | |
| ၄၀ | ဒေါ်ခင်သန်း | အမှတ် ၁၁၈၊ ကုန်သည်လမ်း၊ (၄)ရပ်ကွက်၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေကွက်ရောင်းချခြင်း | |
| ၄၁ | ဒေါ်ကျင်ကျင်စန်း +၂ | (၃)ဈေးရပ်တန်းလမ်း၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၄၂ | ဒေါ်နန်းစံဆိုင် | ၄၃/ဦးပိုင်(၆၆)-က၊ တံတားကြီးတန်း၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့စက်မှုဇုန်မြေငှားရမ်းခြင်း | |
| ၄၃ | ဦးသန့်ဇော်ထူး | အမှတ် ၁၊ နဝရတ်လမ်း၊ မြရတနာရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | သစ္စာဆန်စက် | |
| ၄၄ | ဒေါ်စံပယ်ဦး+ ဒေါ်အေးအေးလွင် | ၁၆/မိုးကောင်းလမ်း၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၄၅ | ဒေါ်ဝင်းသန်း | အမှတ် ၃၉၊ ပထမလမ်း၊ (၅)ရပ်ကွက်၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ဧရာဝတီတိုင်းဒေသကြီး | မြေ၊ အိမ်ရောင်းချခြင်း | |
| ၄၆ | ဦးကျော်လွင်ဦး | ၁၆၄/A၊ ဦးပိုင် ၁၂၂/ခ၊ ကိုးဆူကျေးရွာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၄၇ | ဒေါ်သိန်းသိန်း | အဒါးလမ်း၊ ညောင်ပင်ဈေးရပ်၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | အိမ်/မြေရောင်း | |
| ၄၈ | ဒေါ်မို့မို့ကျော် | အမှတ် ၂၅၂၊ မြို့ပတ်လမ်း၊ လယ်တီကွင်းရပ်ကွက်၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြင့်မြတ် ပြင်ပဆေးရုံ | |
| ၄၉ | ဦးစံကြည်(ဆက်ခံ) ဦးဇော်မျိုးကြည် | ကွယ်လွယ်စက်မှုဇုန်၊ မြဟေမာရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြသီတာဆန်စက် | |
| ၅၀ | ဦးမောင်မောင်ထူး | အမှတ် ၆/သစ္စာလမ်း၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြေရောင်းချခြင်း | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ် **"ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးတင်ဝင်း | ဆားမလောက်ရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | SML အရက်ချက်စက်ရုံ | |
| ၂ | ဦးတင်ဝင်း | ကျခတ္တန်းရွာ၊ မြစ်ကျိုးအုပ်စု၊ မြန်အောင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ရောင်နီအရက်ချက်စက်ရုံ | |
| ၃ | DANYAWDI PRINCESS Co.,Ltd. | အမှတ်-347/A၊ တောရကျောင်းလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၄ | ဦးကျော်ကျော် | ခိုတောင်အုပ်စု၊ ငှက်သိုက်ကျေးရွာ၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စံချိန်၊ အရက်ချက်စက်ရုံ | |
| ၅ | HTOO MYAT AYAR Co.,Ltd. | အမှတ်-၆၁/ခြံကြီး၊ ပခန်းဆိပ်ကမ်းအဆင်းလမ်း၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေးကုမ္ပဏီ | |
| ၆ | Zayar Myint Moh Co.,Ltd. | အမှတ်-၃၂(က)၊ စျေးချောင်းလမ်း၊ ၄ ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၇ | Bell Resort Hotel (Royal Palace Hotel Co.,Ltd) | ချောင်းသာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Bell Resort Hotel | |
| ၈ | AKARIT MIN Co.,Ltd. | အမှတ်-၁၅၊ ကမ်းနားလမ်း (ကမ်းပြို)၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၉ | ဦးစိုင်းဝမ်းလှိုင် | မြို့ရှောင်လမ်း၊ ၂-ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ရတနာကောင်းကင် စက်သုံးဆီဆိုင် | |
| ၁၀ | ဦးမျိုးခိုင် ပါ(၄) | ချောင်းသာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Golden Beach ဟိုတယ် | |
| ၁၁ | ဦးဖြိုးကိုကိုတင်ဆန်း | ချောင်းသာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ACE Hotel | |
| ၁၂ | Bay Of Bengal (Bay of Bengal Goft Resort) | ငွေဆောင်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Bay OF Bengal Hotel | |
| ၁၃ | ရာဇာမြင့်ကုမ္ပဏီ | ၅-ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ ကိုးဖြတ်လမ်းထိပ်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေး | |
| ၁၄ | ဦးမြတ်သူ | ၉-ရပ်ကွက်၊ ဦးချစ်ဖေကုန်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | တော်ဝင်စက်သုံးဆီဆိုင် | |
| ၁၅ | ဦးသိန်းငွေ | အမှတ်-၃၄၂၊ ပြည်တော်သာလမ်း၊ ကနောင်စု၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်း | |
| ၁၆ | Royal Ayar Co.,Ltd. | အမှတ်-၆၄/E၊ မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | တရားရုံးသစ်ဆောက်လုပ်ခြင်း | |
| ၁၇ | ဦးမောင်မောင်ကြည် | ချောင်းသာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Diamond ဟိုတယ် | |
| ၁၈ | ဦးကြည်လွင် | တလုပ်လပ်အနောက်ရွာ၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | KL စက်သုံးဆီဆိုင် | |
| ၁၉ | ဦးနိုင်ဝင်း | ချောင်းသာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | သီရိဟိုတယ် | |
| ၂၀ | ဦးဝင်းထွဋ် | အမှတ်-၁၅၉၊ ချောင်းတွင်းလမ်း-၁ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၂၁ | ဦးစောဝင်းနိုင်+၃ | အမှတ်-၅၈၊ ကမ်းနားလမ်း၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စက်သုံးဆီဆိုင် | |
| ၂၂ | ဦးကျော်ထွေး | ၆-ရပ်ကွက်၊ ကမ်းနားလမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စက်သုံးဆီဆိုင် | |
| ၂၃ | ဦးထွန်းပေါ် | ၉-ရပ်ကွက်၊ ဦးချစ်ဖေကုန်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စက်သုံးဆီဆိုင် | |
| ၂၄ | ဦးကျော်သူရသက် | ငွေဆောင်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Central Hotel | |
| ၂၅ | ဦးနေလင်း | ငွေဆောင်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Hotel Lux | |
| ၂၆ | ဒေါ်အေးမိသန်း | တလုပ်လပ်အရှေ့ရွာ၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | အရက်ချက်စက်ရုံ | |
| ၂၇ | ဦးမြင့်(ခ)ဦးမြင့်မောင် | ဗိုလ်မြတ်ထွန်းလမ်း၊ ရွှေကူရပ်ကွက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စက်သုံးဆီဆိုင် | |
| ၂၈ | ဦးရန်နိုင်စိုး | ၄-ရပ်ကွက်၊ စည်ပင်သာယာလမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စက်သုံးဆီဆိုင် | |
| ၂၉ | ဦးဝေလွင်/ Ocean Paradise Hotel | ငွေဆောင်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Ocean Paradise Hotel | |
| ၃၀ | ဦးအောင်မျိုးညွန့် | အမှတ်-၃ရပ်ကွက်၊ လမ်းသစ်လမ်း၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | လမ်းပြုပြင် | |
| ၃၁ | ဦးကျော်အေး | အမှတ်-၄၉/ခ၊ ကုန်သည်လမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ရွှေမြင်းပျံဟာလဝါ | |
| ၃၂ | ဦးသန်းမြင့် | အမှတ်-၇၅၊ နတ်မော်လမ်း၊ တာကလေး၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြစ်သဲကျောက် | |
| ၃၃ | ဦးအောင်ခိုင်ဝင်း-ဒေါ်နီလာမိုး | အမှတ်-၁၃၊ မဟာဗန္ဓုလလမ်း၊ ၅-ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဧရာရွှေဝါ၊ ရွှေဧရာ(၁၊ ၂)ဆီဆိုင် | |
| ၃၄ | ဦးညွန့်လှိုင် | အမှတ်-၁၊ မနောသုခ-၃ ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Boss(ချမ်းသာကြီး)အရက်ပုလင်းသွတ် | |
| ၃၅ | ဦးနေဦးလှိုင် | အမှတ်-၇၇၊ ရန်ကင်းတောင်လမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ကျောက်ရောင်းဝယ်ရေး | |
| ၃၆ | ၁၀၅ သစ်စက် | ဘက်ရဲကျေးရွာ၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | သစ်စက် | |
| ၃၇ | ဦးမြင့်ဦး | ရေလဲလမ်း၊ ၈-ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | သဲရောင်းဝယ်ရေး | |
| ၃၈ | ဟသ်ာရှေ့ဆောင်ကုမ္ပဏီ | အမှတ်-၇၆၉၊ ဆေးရုံသစ်လမ်း၊ ပန်းဘဲတန်း၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ဆောက်လုပ်ရေးကုမ္ပဏီ | |
| ၃၉ | ဦးဇော်ထွန်းအောင် | အမှတ်-၆၈၊ မင်္ဂလာလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ခဲကြီးထမင်းဆိုင် | |
| ၄၀ | ဦးကိုကိုလေး | ကဇင်ငူကျေးရွာ၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ရွှေမင်္ဂလာစားသောက်ဆိုင် | |
| ၄၁ | ဒေါ်နော်ဂျူလီသိန်း | အမှတ်-၄၄၊ ဘန်ဘွေးကုန်းလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | G-7 စားသောက်ဆိုင် | |
| ၄၂ | ဦးမောင်မောင်ငွေ | ငွေဆောင်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | Silver Coast Hotel | |
| ၄၃ | ဦးတင်ဦး | ကွင်းဝိုင်းကျေးရွာ၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၄၄ | ဒေါ်နန်းစံဆိုင် | အကွက်အမှတ်-၅၂၊ စီးပွားရေးဇုန်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့စက်မှုဇုန် မြေငှားရမ်းခြင်း | |
| ၄၅ | ဒေါ်ညွန့်ညွန့်ဝင်း (ဆက်ခံ) ဒေါ်ဇာခြည်ဆွေ | မြို့ကွက်သစ်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၄၆ | ဦးမင်းမော် | ဘုရားလမ်း၊ ၄-ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ရွှေဆိုင်+လျှပ်စစ်ပစ္စည်းဆိုင် | |
| ၄၇ | ဦးအောင်သိန်းနိုင် | ရန်ကင်းတောင်လမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | ကျောက်ရောင်းဝယ်ရေး | |
| ၄၈ | ဦးသန်းအေး | ငါးအောက်ချောင်း၊ ကမ်းနားလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | သဲကျောက်ရောင်း | |
| ၄၉ | ဦးထွန်းနိုင်ဝင်း | အသုတ်မြို့၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | မြတ်မေတ္တာမွန် စက်သုံးဆီဆိုင် | |
| ၅၀ | ဒေါ်ကျင်ညို | အမှတ်-၅၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ဧရာဝတီတိုင်းဒေသကြီး | လပြည့်ဝန်းဟိုတယ်+ စက်ဘီးပစ္စည်းရောင်း | |

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) ဝေါက်ကွင်းစားသောက်ဆိုင်အား ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ငှားရမ်းလုပ်ကိုင်ခြင်းလုပ်ငန်းနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့ဖြန့်ဖြူးရေးဌာနပိုင် တွန်းရေယာဉ် ဆင်ပြောင်(၁၇)၊ ဆီတွဲအမှတ် ဆ-၈၀၁၂တို့အား မျက်မြင်အခြေအနေအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါနေရာများတွင် အခမဲ့ရယူနိုင်ပါသည်။
(က) ဘဏ္ဍာရေးဌာန၊မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါပုံစံစတင်ရယူနိုင်မည့်ရက်** - ၉-၃-၂၀၁၈ရက်မှ ၂၀-၃-၂၀၁၈ရက်ထိ

၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၂၀-၃-၂၀၁၈ရက်(အင်္ဂါနေ့) ၁၂:၀၀ နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၆။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၃-၂၀၁၈ရက်(အင်္ဂါနေ့) ၁၄:၀၀ နာရီ

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အထွေထွေစီမံခန့်ခွဲရေးဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၈၅၊ ရေနံဓာတုဗေဒပစ္စည်းများသယ်ပို့ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၉-၂၅၄၀၁၇၆၂၀ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ ဖုန်း-၀၉- ၂၅၀၀၇၁၇၁၇ သို့ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**မျက်စိဘဏ်ကျွမ်းကျင် (၁)နှစ်သင်တန်းအတွက်**

## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ အမျိုးသားမျက်စိဘဏ် (ရန်ကုန်မြို့/မန္တလေးမြို့)တို့တွင် ဆေးဘက်ကျွမ်းကျင် (၂) (မျက်စိအရည်အသွေး)/(မျက်စိရယူရေး)လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဝန်ထမ်းများ လိုအပ်လျက်ရှိပါသဖြင့် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် မျက်စိဘဏ်ကျွမ်းကျင် (၁)နှစ်သင်တန်းကို သင်တန်းသား(၉)ဦးဖြင့် ရန်ကုန်မြို့ အမျိုးသားမျက်စိဘဏ်တွင် ပို့ချမည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းသို့ ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရပါမည်။ (ဇီဝဗေဒသိပ္ပံဘွဲ့ရသူများကို ဦးစားပေးမည်)
(ဂ) လျှောက်လွှာပိတ်ရက် (၆-၄-၂၀၁၈)ရက်တွင် အသက် (၃၀)ထက် မကျော်လွန်သူ၊ အစိုးရဝန်ထမ်းဖြစ်က အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရပါမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် လူသေမှ မျက်ကြည်လွှာ/မျက်စိ ထုတ်ယူရမည်ဖြစ်ပါ၍ လူသေကောင်များကို ကြည့်ရှုထိတွေ့မျက်ကြည်လွှာ ထုတ်ယူနိုင်သော စိတ်ဓာတ်အင်အားသတ္တိ၊ ဝါသနာရှိသူ ဖြစ်ရပါမည်။
(င) သင်တန်းကာလတွင် လက်ရှိ ကျွမ်းကျင်ဝန်ထမ်းများနှင့် နေ့ဆိုင်း၊ ညဆိုင်း လက်တွေ့တာဝန်ယူသင်ကြားနိုင်ရမည်။
(စ) မိမိစရိတ်ဖြင့် သင်တန်းတက်ရောက်နိုင်သူဖြစ်ရပါမည်။
(ဆ) သင်တန်းကာလတွင် နေထိုင်သွားလာစရိတ်၊ စားစရိတ်များ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လွန်ခဲ့သော (၃)လအတွင်းက ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း၊ အထောက်အထားများကို ပြည့်စုံစွာ ပူးတွဲပေးပို့ရပါမည်-
(က) ဘွဲ့လက်မှတ်မိတ္တူတစ်စောင်
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံချက်မူရင်း
(ဂ) စိတ်ရောဂါ၊ မူးယစ်စေသောအရက်စွဲ/ဆေးစွဲလက္ခဏာမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆေးရုံထောက်ခံစာမူရင်း
(ဃ) အစိုးရဝန်ထမ်းဖြစ်ပါက လွန်ခဲ့သော (၃)လအတွင်း ဌာနဆိုင်ရာအရေးယူခံရခြင်းမရှိကြောင်း၊ ရာထူးချခံရခြင်းမရှိကြောင်း ဌာနဆိုင်ရာထောက်ခံချက်

၅။ လျှောက်လွှာပုံစံအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနတွင် ထုတ်ယူရမည်။

၆။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ လိပ်မူ၍ ၆-၄-၂၀၁၈ရက် ညနေ ၄:၀၀နာရီထက် နောက်မကျဘဲပေးပို့ရမည်။

၇။ သင်တန်းသားရွေးချယ်ရေးကို ဖော်ပြပါအစီအစဉ်များအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။
(က) **သတင်းပေးပို့ရမည့်ရက်** - ၇-၅-၂၀၁၈ရက်
(ခ) **ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်** - ၈-၅-၂၀၁၈ရက်
[ရေးဖြေစာမေးပွဲတွင် (က) အင်္ဂလိပ်စာ၊ (ခ) အထွေထွေဗဟုသုတတို့ ပါဝင်သော (၂)နာရီမေးခွန်းလွှာဖြစ်ပါသည်။]
(ဂ) **နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့်ရက်** - ၉-၅-၂၀၁၈ရက်
(ဃ) **ရေးဖြေ/နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည့်နေရာ** - ကုသရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

၈။ ရွေးချယ်ခံရသူများအား သင်တန်းပြီးဆုံးအောင်မြင်ပါက ဆေးဘက်ကျွမ်းကျင်(၂) (မျက်စိအရည်အသွေးစစ်ဆေးရေး)/(မျက်စိရယူရေး) လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အဖြစ် ရာထူးလစ်လပ် (၉)နေရာ ခန့်ထားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် အမျိုးသားမျက်စိဘဏ် (ရန်ကုန်မြို့/မန္တလေးမြို့)များအနက် မည်သည့်ဌာနတွင်မဆို အနည်းဆုံး(၃)နှစ် အမှုထမ်းဆောင်ပါမည်ဟု အာမခံပုဂ္ဂိုလ် (၃)ဦးနှင့်အတူ ကျပ် ၄၀၀၀၀၀/- (ကျပ်လေးသိန်း)တန် ကတိဝန်ခံချုပ်ကို သက်ဆိုင်ရာဆေးရုံများတွင် ချုပ်ဆိုရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုသည့်အချက်များကို ကုသရေးဦးစီးဌာန၊ ကုသမှုအထောက်အကူပြုဌာနခွဲ ဖုန်း-၀၆၇-၄၁၁၂၇၈သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

---

# REQUEST FOR EXPRESSION OF INTEREST

# INTERNATIONAL FINANCIAL MANAGEMENT CONSULTANT

# C4-CS3

# INDIVIDUAL CONSULTANT

**Client:** Yangon City Development Committee (YCDC)
**Country:** Republic of the Union of Myanmar
**Project:** Myanmar Southeast Asia Disaster Risk Management Project
**Loan No.** 60800-MM
**Assignment Title:** International Financial Management Consultant
**Reference No. (as per Procurement Plan):** C4-CS3

The Republic of the Union of Myanmar has received financing from the International Development Association (IDA) in the form of a loan toward the cost of Myanmar Southeast Asia Disaster Risk Management Project. The Yangon City Development Committee (YCDC), an implementing agency for the Project, intends to apply a portion of the proceeds of this loan for Consulting Services.

YCDC wishes to invite eligible Individual Consultant to express his/her interest in providing his/her services as International Financial Management Consultant.

The International Financial Management Consultant shall be responsible for inter alia: i) Assisting the Project to set up internal control system (including recording, funds flow, reporting) for the Financial Management; ii) Review, including identification of an accounting software will be suitable for the project. If so, work closely/co-ordinate with Finance team at relevant implementing agencies identify project requirements and needs, to design appropriate chart of accounts and reporting format to ensure the project's financial reporting requirements/needs are met iii) Supervise and undertake on-the-job training and allocation of works for finance/accounting staff. The Consultant should carry out training need assessments of the capacity of the government finance staff working on the project. Prepare an annual capacity building plan and provide trainings including formal on-the-job training; iv) Prepare /revise financial management manuals, including revising all forms when required.

It is envisaged that the services will be carried out as short term assignments (total duration: estimation 180 days) over a period of one year and renewable for a further year subject to satisfactory performance.

YCDC now invites eligible Individual Consultant to indicate his/her interest in providing the Services. Interested individual consultant must provide information indicating that he/she is qualified to perform the services: Curriculum Vitae (should include a description of education and general qualifications, similar assignments, experience in similar conditions etc. and the names, business contacts and email addresses of three referees).

The successful candidate must have (Essential Qualifications and Knowledge/Experience): 1) At least a Master degree in accounting, finance or relevant field or holding recognized accounting professional qualifications (CA, CPA, ACCA) is preferable; 2) At least 10 years of professional experience in accounting, development project accounting in donor-financed projects, with major development partners or international non-governmental organizations; 3) Experience in setting , using and training computerized accounting software; 4) Previous experience in conducting similar assignment within Asia and other regions ; 5) Must have excellent communication and inter personal skill with gender sensitivity, respect for local culture and result oriented attitude.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers January 2011, revised July 2014 ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

A Consultant will be selected in accordance with the Individual Consultant Selection method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours [9.30a.m to 4.30p.m, Monday to Friday].

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) by 21st, March, 2018 before 3:00 pm.

**Yangon City Hall**
Contact Person: U Aung Kyaw Thu
1st Floor, Yangon City Hall,
Kyauktada Township, Yangon,
Republic of the Union of Myanmar.
Tel: ++ 951388732
Fax No. : 951388732
E-mail: ycdcdba@gmail.com

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာ အလက(ခွဲ) ပထမတန်းမှ မနှင်းပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ၁၀/ကမရ(နိုင်)၀၇၆၁၉၆ ဖြစ်ပါသည်။

**ဦးအောင်လွင်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက(၁)၊တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဝေလင်းအောင်၊ ရေပုတ် အလက၊ အဌမတန်းမှ မဖွေးဖွေးသန့်တို့၏ ဖခင်အမည်မှန်မှာ ဦးကြည်၈/မဘန(နိုင်)၀၂၃၉၄၀ ဖြစ်ပါကြောင်း။ **ဦးကြည်**

## အမည်ပြောင်း

စစ်တွေမြို့၊ အမက(၁၅)ပြည်တော်သာ စတုတ္ထတန်းမှ (ဘ)ဦးဖွေးဘူ၏ သမီး မမင်ဖွေးအား မခိုင်သဇင်ဖွေးဟုအမည်ပြောင်းလဲခေါ်ပါရန်။

**မခိုင်သဇင်ဖွေး**

## အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဟိန်းရတနာအောင် ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ (ဘ)ဦးကျော်ကျော်သင်း၏ သမီး မဟန်နီအောင်အား ယနေ့မှစ၍ မသွန်းရတီစိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။**မသွန်းရတီစိုး**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက(၂)၊ နဝမတန်း(B)မှ မသင်းသင်းနွယ် ကျောင်းဝင်အမှတ်-က/၄၁၁၉၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အထက(၂)၊ နဝမတန်း(D)မှ မယမင်းဝေ ကျောင်းဝင်အမှတ်-က/၃၄၅၈ ၏ဖခင်အမည်မှန်မှာ ဦးအေးသန်းဦး ဖြစ်ပါကြောင်း။ **ဦးအေးသန်းဦး**

## အမည်ပြောင်း

ပေါက်တောမြို့နယ်၊ ကျောက်တောင်အုပ်စု၊ လွမ်းဦးကျေးရွာနေ ဦးမောင်စံထွန်း၏သား မောင်တင်ဌေး ၁၁/ပတန(နိုင်)၀၆၃၀၇၃အား တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ မောင်တင်ထွေးဟု အမည်ပြောင်းလဲခေါ်ပါရန်။

## မသက်ဆိုင်ပါကြောင်း

အိမ်အမှတ်(၁၃၅)၊ အပိုင်(၆) ဒေါနလမ်း၊ ပေါက်ကုန်း၊ မင်္ဂလာဒုံနေသူ ကျွန်တော် ဦးအောင်နိုင် ၁၂/ဒဂန(နိုင်)၀၀၄၅၂၇နှင့် တိုက်အမှတ်(၂၉၃၇)၊ အမှတ်(၅) ဗဟိုနိုင်ငံရေး၊ မင်္ဂလာဒုံနေသူ LSO/၁၄၇၈၄၇ မဖြူဖြူခိုင်နှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ လင်မယားအရာအဖြစ်မှ ပြတ်စဲခဲ့သည်မှာ ရှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်သောကြောင့် နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝ အရာအားလုံး ကျွန်တော် ဦးအောင်နိုင်နှင့် မသက်ဆိုင်တော့ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးအောင်နိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/1179 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/4865 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## အမြန်ပြန်လာပါ

ကျွန်တော်ကိုအောင်လွင်၏ဇနီး မသန္တာဆွေ ၁၂/ဥကတ(နိုင်)၁၃၃၆၇၆ မွေးသက္ကရာဇ် ၁၅-၈-၁၉၈၀သည် မိသားစုများနေထိုင်ရာ အမှတ်(၉၁၅)၊ ကုမုဒြာလမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်မှ ခင်ပွန်းဖြစ်သူနှင့် သားသုံးဦးတို့အား အသိမပေးဘဲ ၅-၄-၂၀၁၇ရက် နံနက်တွင် ရွှေ၊ ငွေ၊ လက်ဝတ်လက်စားများယူဆောင်၍ ထွက်ခွာသွားရာ ယနေ့ထိနေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း၊ ဆက်သွယ်ခြင်းမရှိဘဲ ပျောက်ဆုံးနေပါသည်။ အမြန် ပြန်လာရန်နှင့် မသန္တာဆွေနေထိုင်ရာနေရာအား သိရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်နှင့် အကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဦးအောင်လွင် ၇/ကဝန(နိုင်)၀၉၀၁၂၄**

**ဖုန်း-၀၉-၄၂၀၁၀၀၇၀၉၊ ၀၉-၂၅၀၁၇၈၂၇၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရိပ်သာလမ်း၊ အမှတ် (၅)နေ ဦးစိုးသိန်း၏သမီး မပန်းအိဖြူ ၁၂/သဃက(နိုင်)၁၄၈၆၁၃သည် မိဘဆွေမျိုးတို့၏ ဆုံးမမှုကိုမနာခံဘဲ မိမိ၏ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအားလုံးကို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**

**ဦးစိုးသိန်း ၁၂/သဃက(နိုင်)၀၉၁၁၀၄**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ သထုံခရိုင်၊ နောင်ကုလားကျေးရွာလမ်းမတန်းနေ ဦးမြင့်အေး ၁၀/သထန(နိုင်)၀၀၃၀၄၈၏သား မောင်ထိုက်တန်အေး ၁၀/သထန(နိုင်)၁၁၉၄၀၃သည် မိဘတို့၏ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှင့်ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ၄င်းအား ဤကြော်ငြာပါသည့် ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ မောင်ထိုက်တန်အေးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဖြစ်ပေါ်လာသည့်ကိစ္စအရပ်ရပ်သည်လည်း မိခင်၊ ဖခင်တို့နှင့် လုံးဝ(လုံးဝ)သက်ဆိုင် ပတ်သက်ခြင်းမရှိကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးမြင့်အေး ၁၀/သထန(နိုင်)၀၀၃၀၄၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/4591 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## သီတဂူရွှေပြည့်ဟိန်း စက္ခုဒါနဆေးရုံ မတ်လ ၁၇၊ ၁၈ (၈၉)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မတ်လ ၃ ရက်တွင် စတင်လက်ခံ၍ မတ်လ ၁၇၊ ၁၈ ရက်များတွင် ၈၉-ကြိမ်မြောက် ဦးရေ (၁၁၁၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည့်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည့်ဟိန်းကျောင်း၊ ငြိမ်းသာသာ၊ ရန်ကင်း။** (ကျိုက္ကဆံစေတီပ၀င်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - **အရှင်ဓမ္မသာမိရိလင်္ကာရ (Account No. 007-50100701690301)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## မန္တလေးတိုင်းဒေသကြီး၊ ပုဂံဘူတာအနီးရှိ မြန်မာ့မီးရထားပိုင် မြေနေရာအကျယ်အဝန်း ၉ ဒသမ ၄၈ ဧကေ၌ ဟိုတယ်လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပုဂံဘူတာအနီး မြေနေရာအကျယ်အဝန်း ၉ဒသမ၄၈ဧကေ၌ ဟိုတယ်လုပ်ငန်းကို BOTစနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ တင်ဒါစနစ်ဖြင့် ရွေးချယ်ပါမည်။

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံကို ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ၁၅-၃-၂၀၁၈ ရက်မှ ၂၃-၄-၂၀၁၈ရက်အထိ မန္တလေးဘူတာကြီး တတိယထပ်ရှိ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံးနှင့် မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၁၁) ပုဂံဘူတာတို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံတွင်ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ အဆိုပါတင်ဒါကို မန်နေဂျာ(အထက်မြန်မာပြည်)ရုံး ဖုန်း-၀၂-၄၀၃၅၈၂၉ သို့ ၃၀-၅-၂၀၁၈ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါအာမခံကြေးပေးသွင်းပြီးကြောင်း အထောက်အထားနှင့်အတူ ပေးပို့သွားရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများ၊ တင်ဒါအာမခံကြေးပေးသွင်းခြင်းမရှိသူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (ဖုန်း-၀၂-၄၀၃၅၁၇၂၊ ၀၂-၄၀၃၅၈၂၉)၊ မန်နေဂျာ (သွားလာရေး/တိုင်း)၊ တိုင်းအမှတ် (၁၁) (ဖုန်း-၀၆၁-၂၄၆၄၄၉၂၊ ၂၄၆၄၄၉၆) တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်၌
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃

| | | |
|---|---|---|
| ဒေါ်မေတင့်သူ | **နှင့်** | ၁။ ဦးတင်အေး<br>၂။ ဒေါ်သန်းသန်းဦး |
| **တရားလို** | | **တရားပြိုင်များ** |

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရွာင်စုရပ်ကွက်၊ ဗထူးလမ်း၊ အမှတ် (၁၄၁)နေ တရားပြိုင်များဖြစ်ကြသော (၁) ဦးတင်အေး၊ (၂) ဒေါ်သန်းသန်းဦး (အတူနေမိသားစု) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မေတင့်သူက ငွေကျပ် ၃၆၀၀၀၀၀ (ကျပ်သုံးဆယ့်ခြောက်သိန်းတိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီလ ၅ရက် (၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်) နံနက် ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မတ်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၄)၊ ဦးပိုင်အမှတ် (၇၃/ပ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးတင်အေးအမည်ဖြင့် ၅-၄-၂၀၀၂ မှ ၄-၄-၂၀၁၇ ရက်အထိ (၁၅)နှစ်မြေငှားဂရန်သက်တမ်းရှိ နေအိမ်မြေဂရန်ကို ဦးတင်အေးထံမှ ၁-၂-၂၀၀၃ ရက်တွင် ဒေါ်ခင်အုန်းမြင့်ကလည်းကောင်း၊ ၂၇-၄-၂၀၀၄ ရက်တွင် ဦးစိုးဝင်း၊ ဒေါ်ခင်အုန်းမြင့်တို့ထံမှ ဦးမျိုးတင့်ကလည်းကောင်း၊ ၂၀-၅-၂၀၀၄ ရက်တွင် ဦးမျိုးတင့်ထံမှ ဒေါ်ကော့ဂျာကလည်းကောင်း နှစ်ဦးသဘောတူစာချုပ်များဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ထွယ်လတ် ၁/မကန(နိုင်)၀၄၃၁၅၀ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် ၂၈-၁၀-၂၀၁၆ ရက်စွဲပါ ကတိသစ္စာပြုလွှာအမှတ် (၉၄၇/ ၂၀၁၆)ကို မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် ၂-၁၁-၂၀၁၆ ရက်စွဲပါ ကျမ်းကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ် (၄၀၁/၂၀၁၆) ပြုဆိုတင်ပြလျက် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

---

## မင်းဓမ္မကုန်းတော်
## လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့
## အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
## လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဝတ္တကမြေပေါ်ရှိ ဝန်ဆောင်မှုလုပ်ငန်းများကို ၁-၄-၂၀၁၈ ရက်မှ ၃၁-၁၂-၂၀၁၈ ရက်အထိ (၉)လတာကာလအတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်။

| စဉ် | ဝန်ဆောင်မှုလုပ်ငန်း | တည်နေရာ |
|---|---|---|
| ၁။ | ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း | (မင်းဓမ္မကုန်းတော်) |
| ၂။ | မြောက်ဘက်ယာဉ်ရပ်နားကွင်း | (မြောက်ဘက်) စောင်းတန်း |
| ၃။ | တောင်ဘက်ယာဉ်ရပ်နားကွင်း | (တောင်ဘက်)စောင်းတန်း |
| ၄။ | မြောက်ဘက်ပန်းအရောင်းဆိုင် | (မြောက်ဘက်) စောင်းတန်း |
| ၅။ | တောင်ဘက်ပန်းအရောင်းဆိုင် | (တောင်ဘက်) စောင်းတန်း |
| ၆။ | ရွှေဆိုင်းအရောင်းဆိုင် | (တောင်+မြောက်) စောင်းတန်း |
| ၇။ | ငါးနှင့်လိပ် အစာအရောင်းဆိုင် | (မင်္ဂလာကန်တော်) |
| ၈။ | မြန်မာ့လက်မှုအနုပညာပစ္စည်း အရောင်းဆိုင် | (တောင်ဘက်) |
| ၉။ | မြန်မာ့လက်မှုအနုပညာပစ္စည်း အရောင်းဆိုင် | (မြောက်ဘက်) |

တင်ဒါအဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း ၁-၃-၂၀၁၈ ရက်မှစ၍ လာရောက်ဝယ်ယူဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

တင်ဒါအဆိုပြုလွှာများကို ၁၅-၃-၂၀၁၈ ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီတွင် ပိတ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းသူ အများရှေ့တွင် ဖွင့်ဖောက်ကြေညာပါမည်။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ မင်းဓမ္မကုန်းတော်၊ ဂေါပကအဖွဲ့**

---

## (၅၄)ကြိမ်မြောက်
## စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီ
## နှိုးဆော်လွှာ

ရခိုင်ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်တွေမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ၌ စစ်တွေမြို့ပေါ်ရှိအသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွား (၁၀၅၀)ဦးခန့်အား (ဘိုးဘွားရိပ်သာအပါအဝင်) မြို့ပေါ်ရပ်ကွက်အသီးသီးသို့ ၂၀၁၈ ခုနှစ် ဧပြီ ၁၇ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက် (အင်္ဂါနေ့)တွင် ရခိုင်ရိုးရာယောက်ျားယိမ်းအကများဖြင့် လှည့်လည်ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

သက်ကြီးပူဇော်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အလှူငွေများကို လှူဒါန်းလိုသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အဝေးရောက်ရခိုင်သူ/သားများအနေဖြင့် အောက်ဖော်ပြပါကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဦးစံသာမောင် (ဓာတ်ခွဲ(ပ)တန်းငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း-၉၄၂၁၇၃၆၀၂၆ |
| ၂။ | ဦးမောင်ကျော်သိန်း (ဧကရာဇ်ဆေးကုမ္ပဏီ) | ဒု-ဥက္ကဋ္ဌ(၁) | ဖုန်း-၀၉-၂၅၁၁၃၂၅၇၀ |
| ၃။ | ဦးစိန်လှအောင် | (အတွင်းရေးမှူး) | ဖုန်း-၀၉-၂၅၀၈၇၇၄၉၀ |
| ၄။ | ဦးညီညီအောင်သန်း | (တွဲ-အတွင်းရေးမှူး) | ဖုန်း-၀၉-၄၂၉၆၄၁၃၇၁ |
| ၅။ | ဦးစံညွှန့်(မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်) | ဘဏ္ဍာရေးမှူး | ဖုန်း-၀၉-၂၅၀၈၈၂၂၆၁ |
| ၆။ | ဦးမောင်စိန်ရွှေ | တွဲ-ဘဏ္ဍာရေးမှူး(၁) | ဖုန်း-၀၉-၂၅၀၆၁၂၄၃၉ |
| ၇။ | ဦးအောင်ကိုကို | တွဲ-ဘဏ္ဍာရေးမှူး(၂) | ဖုန်း-၀၉-၄၅၃၅၄၁၈၅၆ |
| ၈။ | ဦးလှဖြူကြီး(စစ်တွေတက္ကသိုလ်) | စာရင်းစစ် | ဖုန်း-၀၉-၄၂၁၇၂၆၈၄၉ |

**မြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီ၊ စစ်တွေမြို့**

---

## ရောင်းမည်
## 20' x 60'
## ကျပ်သိန်း-၆၅၀၀

(၃ထပ်တိုက်) + ထပ်ခိုး-R-C တိုက်သစ်
(ရေပူ + မီး)စုံ၊ လိုင်းဖုန်းပါ၊ Aircon ၂လုံး

ပါရမီလမ်း (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
(၂)ဗိုင်းဘုန်းကြီးကျောင်းရှေ့
ဖုန်း - ၀၉-၄၄၈၈၉၀၂၇၉၊ ၀၉-၂၅၄၃၁၅၂၀၃

**အကျိုးဆောင်ခ – ကျပ်သိန်း ၇၀**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်းနေ ကျွန်တော်ဦးအောင်ငွေသိန်း ၁၂/ရကန(နိုင်) ၀၃၆၀၃၅ ၏သမီး မမူမူသိန်း ၁၂/ရကန(နိုင်)၀၃၇၀၇၆ သည် မိဘညီအစ်ကိုမောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးအောင်ငွေသိန်း**
**ဒေါ်ခင်ကြည်(ခ)ကောင်းလီလီ**

---

## ကိုးဘွဲ့ရရိပ်သာ၌ မဟာသကြၤန်တရားစခန်းပွဲ ဖွင့်လှစ်မည်။

နိုင်ငံကျော် ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင် အာစာရလင်္ကာရ အရှင်သူမြတ် ဦးဇဆောင်သည့် ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၌ မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း ....

## ၂၀၁၈ ခုနှစ် ဧပြီလ ၁၂-၁၃-၁၄-၁၅-၁၆-၁၇ ရက်

နေ့များတွင် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြောက်-ဒဂုံ၊ ကျောင်းဖုန်း - ၀၉ ၄၄၄ ၇၈၈ ၁၈၅ သို့ ဖုန်းဆက်၍ စာရင်းပေးသွင်းနိုင်ပါပြီ။

(ယောဂီတစ်ပါးအိပ် သံကုတင် တစ်လုံး-၇၅၀၀၀ိ/-၊ အာရုဏ်ဆွမ်း- သုံးသိန်းကျပ်၊
နေ့ဆွမ်း- လေးသိန်းငါးသောင်းကျပ်၊ ဖျော်ရည်- တစ်သိန်းငါးသောင်းကျပ်၊ ရေသန့်- ၄၅၀၀၀ိ/လည်း လှူဒါန်းနိုင်ပါပြီ။)

---

## (၄၆)နှစ်မြောက်
## ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၃)
## ဆရာကန်တော့ပွဲနှင့် မိသားစုမိတ်ဆုံစားပွဲ

(၄၆)နှစ်မြောက် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၃) ကျောင်းဆင်းသူငယ်ချင်းများ၏ ဆရာကန်တော့ပွဲနှင့် မိသားစုမိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ၁၉-၃-၂၀၁၈ တနင်္လာနေ့ | ၀၈း၃၀ နာရီ | အမှတ် ၂၅၊ ဝေဇယန္တာလမ်း၌ စုရုံးပြီး ရွှေသံလွင်ဘိုးဘွားရိပ်သာ၌ လှူဒါန်းမည် |
| ၂၀-၃-၂၀၁၈ အင်္ဂါနေ့ | ၀၆း၃၀ နာရီ | တပ်မတော်ဂေါက်ကွင်း |
| ၂၀-၃-၂၀၁၈ | ၁၈း၀၀ နာရီ | ကုန်းမြင့်သာ စားသောက်ဆိုင် ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ |

---

## သုခမ္မသိင်္ဂီ ဒေါ်ခင်စန်းဦး (မြတ်မင်္ဂလာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် စက်သုံးဆီအရောင်းဆိုင်)အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ခင်စန်းဦး (မြတ်မင်္ဂလာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် စက်သုံးဆီအရောင်းဆိုင်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီ ၄ ရက် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)အရ **သုခမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ယူကေစိန်**
**(ကုန်မျိုးစုံစတိုး၊ သင်နှင့်သင်ဖျာရောင်းဝယ်ရေး၊**
**အအေးခန်းညှော့ရိပ်သာ) မိသားစု**
**ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့**

---

## သုခမ္မသိင်္ဂီ ဒေါ်ခင်စန်းဦး (မြတ်မင်္ဂလာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် စက်သုံးဆီအရောင်းဆိုင်)အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ခင်စန်းဦး (မြတ်မင်္ဂလာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးနှင့် စက်သုံးဆီအရောင်းဆိုင်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီ ၄ ရက် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈)အရ **သုခမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ကိုစံလင်းဦး-မကြည်ကြည်တိုး**
**(ပဲမျိုးစုံရောင်းဝယ်ရေး) မိသားစု**
**ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့**

---

## အမြန်ရောင်းမည်

တောင်ဥက္ကလာ၊ ချယ်ရီဥယျာဉ်အိမ်ရာ
၅၅'×၆၀' နှစ်ထပ် R.C
ရေနှစ်လိုင်း၊ တစ်နှစ်ပတ်လုံး ရေမပြတ်
မီးအားကောင်း-လုံခြုံရေးကောင်း
လမ်းကျယ်၊ ဝင်းအတွင်း ရေကူးကန်ရှိ
ကစားကွင်း Fitness centre ရှိ

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၈၅၅၀၄၀၆၊ ၀၉-၉၆၅၀၁၀၆၁၇**
**(ရောင်းဈေး - ၅၈၀၀)**

---

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/9129 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ဝေ
### အသက်(၈၇)နှစ်

ဦးတင်သန်းမျိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မော်လိုက်ခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး)-ဒေါ်ဝင်းမာသိန်းတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၂၆-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Nature Timber Trading Co.,Ltd**
**(မှီတောက်စိုက်ခင်းအဖွဲ့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## (လေ/၃၃၆၈) အုပ်ခွဲတပ်ကြပ်ကြီးတင်ဝင်း (ငြိမ်း)
## (တပ်မတော်-လေ)
### အသက်(၈၆)နှစ်

သူငယ်ချင်း ဗိုလ်မှူးတင်မောင်ထွဋ်(ငြိမ်း)-ဒေါ်ကေသီမြင့်တို့၏ဖခင် အုတ်ခွဲတပ်ကြပ်ကြီး တင်ဝင်း(ငြိမ်း) (တပ်မတော်-လေ)သည် ၁-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ**
**သူငယ်ချင်းမိသားစုများ**

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ရေကန်၊ဇရပ် ဒါယိကာမကြီး
## ဒေါ်တိုး(ခ)ဒေါ်တိုးစိန် အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၂၀ (ပထမထပ်)နေ (ဦးဘိုးပု-ဒေါ်စောတင်)တို့၏သမီး၊ (ဆရာပု-ဒေါ်စောရီ)တို့၏သမီးချွေးမ၊ (ဦးအုန်း-ဒေါ်မြရီ)၊ (ဦးမောင်လေး-ဒေါ်မြကြည်)၊ (ဦးကျော်သောင်း)-ဒေါ်ခင်မြင့်၊ (ဦးကျော်သန်း)-ဒေါ်စန်းစန်းမြင့်တို့၏ညီမ၊ (ဦးသောင်းရွှေ-ဒေါ်ရင်ရင်)တို့၏အစ်မ၊ တူ/တူမ ၃၇ယောက်တို့၏အဒေါ်၊ ဦးပွင့်(ခ)ဦးဖေအောင်(ပွင့်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၏ဇနီး၊ ဦးကျော်ဦး(ရွှေဆည်ကျုံးကုမ္ပဏီ) - ဒေါ်ဖြူဖြူအေး (မိသားစုကုန်မျိုးစုံ၊ ရွှေပြည့်စုံဈေး)၊ မစန်းယုမော်တို့၏ချစ်လှစွာသောမိခင်သည် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မေမေခင် အသက်(၈၂)နှစ်
### သန်လျင်မက်ဒရစ်ကျောင်းသူဟောင်း

သန်လျင်မြို့နေ မြို့ပိုင်(ဦးဘိုလေး-ဒေါ်ငြိမ်းယဉ်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင် Junction Condo၊ အခန်းအမှတ် ၃၀၃နေ ဦးမောင်မောင်တိုး(Chairman Myanmar Voyages)၏ချစ်လှစွာသောဇနီး၊ ဦးကျော်သူတိုး-ဒေါ်သီဂီဦး(USA)၊ ဦးသက်လွင်တိုး-ဒေါ်လွင်လွင်ကျော်တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းချမ်းဝဏ်၊ မနှင်းနွယ်ဝေ(USA)၊ မဆုမြတ်စန္ဒီ၊ Calvin (ခ)ဝေယံမွန်း၊ မဝိုင်းဝိုင်းဖြူစင်၊ မောင်စွမ်းထက်တိုးတို့၏ဘွားဘွားကြီးသည် ၅-၃-၂၀၁၈ရက် ည ၇း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ (၈)မိုင် ရွှေကျင်မစိုးရိမ်ကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မေမေခင်
### သန်လျင်မက်ဒရစ်ကျောင်းသူဟောင်း
### အသက်(၈၂)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် EMBAသင်တန်း 2nd Batchမှ သူငယ်ချင်း ဦးသက်လွင်တိုး-ဒေါ်လွင်လွင်ကျော်တို့၏ချစ်လှစွာသောမိခင်ကြီးသည် ၅-၃-၂၀၁၈ရက် ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**EMBA 2nd Batch (2003-2005)သူငယ်ချင်းများ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထွေးတင် (မြိတ်မြို့)
### အသက်(၇၇)နှစ်

တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်စဉ်(၅)မှ ဗိုလ်မှူးဇော်ဇော်လင်း(ကကဆက်)၏မိခင် ဒေါ်ထွေးတင်သည် ၁-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်စဉ်(၅)မှသူငယ်ချင်းများ**

## ဦးမျိုးမင်း အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ် ၂၃နေ (ဦးမျိုးမြင့်-ဒေါ်အုန်းန)တို့၏သား၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၃၅၂၊(၉/၃/၇) ဂေါ်တံဇင်ပန်းခြံနေ (ဦးမောင်မောင်)-ဒေါ်ကံလှတို့၏သား/သမက်၊ ကျောက်တန်းမြို့နေ ဦးကျော်လွင်-ဒေါ်လှမြင့်၊ (ဦးဝင်းမောင်)-ဒေါ်လှမြိုင်၊ ဦးဌေးအောင်-ဒေါ်ခင်အေးမူတို့၏တူ၊ မမြင့်မြင့်စန်း-ကိုသိန်းဝင်း၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်စန်း(ခ)ချိုပြုံးတို့၏ညီ/မောင်၊ မမူမူမြင့်၊ ကိုစသန်းမျိုးဝင်း-မကြူကြူတို့၏အစ်ကို၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးသန်းလှ-ဒေါ်စန်းစန်းလှိုင်၊ (ဦးအယ်ဒီ)-ဒေါ်ခင်မြင့်၊ ဦးသန်းတင့်-ဒေါ်ခင်သဲညှာ၊ ကိုနေဝင်း-မခင်သဲရွှေတို့၏ညီ/မောင်၊ တူ၊ တူမ ၁၉ယောက်တို့၏ဦးလေး၊ ရွှေပြည်သာမြို့နယ်၊ (၉/၃/၇)၊ အမှတ် ၃၅၂၊ ဂေါ်တံဇင်ပန်းခြံနေ မချစ်စုခိုင်၊ မောင်ကောင်းဆက်တို့၏ဖခင်၊ ဒေါ်စန္ဒာ၏ချစ်လှစွာသောခင်ပွန်းသည် ၂-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး
## ဒေါ်ဒါမိုးဖြူ (မောင်တော)
### အသက်(၉၄)နှစ်

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ (၁)ရပ်ကွက်၊ အလယ်ရွာနေ (ဦးမောင်ပိန်-ဒေါ်ကျော့ဦး)တို့၏သမီး၊ (ဦးဘထွန်း)၏ဇနီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ ရွှေအုတ်ဂူ ၅လမ်း၊ တိုက် ၂၅၊ အခန်း ၃၀၁နေ ဦးဦးစောလှ (ပြည်တွင်းအခွန်များဦးစီးဌာန၊ ငြိမ်း)-ဒေါ်မြမြခင်၊ ဒေါ်စိန်စိန်၊ ဒေါ်အေးသန်း (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)တို့၏မိခင်၊ ဒေါ်မြသီတာဦး (လက်ထောက်ကထိက၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)၊ ကိုကောင်းခံ(Tidewater Marine International Inc, Neworleans, U.S.A)-မအိသက်မွန်တို့၏အဘောင်ရင်သည် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးကြူ (ပလ/ကျောက္ကာ)
### အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာရွာ၊ (၁)ရပ်ကွက်နေ (ဦးအေးကြင်-ဒေါ်ညိမ်းဆင်)တို့၏သမီး၊ (ဦးဦးမောင်)၏ဇနီး၊ ဦးမြင့်လွင်-ဒေါ်စီစီမော်၊ ဦးစိုးလွင်-ဒေါ်စန်းငယ်၊ ဦးဂင်ရှိန်-ဒေါ်မာမာလွင်၊ ဦးမျိုးညွန့်-ဒေါ်သန်းသန်းမော်၊ ဦးသူရ-ဒေါ်ငွေငွေဆင့်၊ ဦးအင်စိုး-ဒေါ်ငွေငွေမော်၊ ဒေါ်ယုယုမော်၊ ဒေါ်ညိုညိုမာ၊ ဦးမျိုးမြတ်ဇော်-ဒေါ်နှင်းနှင်းမော်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၇ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက္ကာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ရေတွင်း၊ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်ခင်မြင့်(ခ)ဒေါ်ကစ်တီ
### အမက(၈)ပုဇွန်တောင်၊ ဆရာမ(ငြိမ်း)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)မြောက်ရပ်ကွက်၊ အမှတ် ၁၁၈၊ သန္တာလမ်း၊ ရတနာအိမ်ရာနေ (ဦးသန်းတင်-ဒေါ်သန်းစိန်)တို့၏သမီး၊ [ဦးစောဟန် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)]၏ ချစ်လှစွာသောဇနီး၊ [ဦးစိုးသန်း(ငွေစာရင်းစစ်ချုပ်၊ ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)]-ဒေါ်ခင်ခင်မြတို့၏အစ်မ၊ ဦးတင်ထွန်းအောင်-ဒေါ်အေးသီတာ၊ ဒေါ်မြမြဇင်၊ ဒေါ်သင်းသင်းနု(ဒုတိယအမှုဆောင်ဒါရိုက်တာ၊ AGD Bank)တို့၏မိခင်၊ မမေမီမီဖူး(သတ္တမတန်း၊ အထက-၄၊ ကမာရွတ်)၏ဘွားဘွားကြီးသည် ၆-၃-၂၀၁၈ရက် ည ၁၁း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၇-၃-၂၀၁၈ရက် မွန်းလွဲ ၁း၄၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာလှဖေ
### ဒုညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန
### အကျိုးဆောင်အတွင်းရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း
### အလုပ်အမှုဆောင်၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း
### အသက်(၇၅)နှစ်

ဒီပဲယင်းမြို့နေ(ဦးထွန်းခင်-ဒေါ်ဆယ်)တို့၏သား၊ ပုသိမ်မြို့နေ(ဦးမြငွေ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊အမှတ် ၁၁၉၄-အေနေ ဒေါက်တာမြမြစန်း၏ခင်ပွန်း၊ ဦးသီဟဇော်၊ ဒေါ်မြကြေးမုံ၊ ဦးကြည်လွင်-ဒေါ်အေးမြဖြူ၊ ဦးနေဇော်အောင်-ဒေါ်ခိုင်သဉ္ဇာသိန်း၊ ဦးစည်သူဖြိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇-၃-၂၀၁၈ရက် နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်
### (ကောလင်းမြို့)
### အသက်(၇၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ စက်ရုံလယ်ပြင်ရပ်ကွက်နေ (ဦးဘသာ-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးချစ်တင်)၏ဇနီး၊ စက်ရုံလယ်ပြင်ရပ်နေ ဒေါ်ရီရီ၊ ဦးမြင့် (English Tution)-ဒေါ်ခင်အေးတို့၏အစ်မ၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၂)လမ်း၊ အမှတ် ၅၁(A)၊ငါးလွှာနေ ဒေါ်ခက်ခက်ဝင်း၊ ပုသိမ်မြို့နေ ဦးသက်ဆွေ-ဒေါ်ဆွေဆွေဝင်း၊ ကောလင်းမြို့ (ပြည်သူ့ဆေးရုံဝင်း)နေ ဦးအောင်မျိုးကျော်-ဒေါ်နီနီဝင်း(အထက်တန်းသူနာပြု)၊ လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ကျောင်းကုန်း ၂လမ်း၊ အမှတ် ၅၁ (A)၊ ငါးလွှာနေ ဦးငွေစိုး (2nd Mate F.G Uniteam Marine Shipping Co.,LTd)-ဒေါ်သင်းသင်းစိုး၊ မစန္ဒီဝင်း (Sale Manager, Ball Asia Yangon)တို့၏မိခင်၊မသွယ်သွယ်ထိုက် (Receptation Supervisor, Nelson English Language Center)၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၆-၃-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကျောင်းကုန်း ၂လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးမြအုန်း
### ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဌာန (NHL) (ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးဘသော်-ဒေါ်သိန်းညွန့်)တို့၏သား၊ (ဦးလှငွေ-ဒေါ်တင်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်း၊ အမှတ် ၁၈နေ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ ဦးမျိုးသန့်ကျော် - ဒေါ်ခင်မြမြအေး (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ဦးခင်မောင်အေး (တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးချုပ်၊ ငြိမ်း)-ဒေါ်သိန်းသိန်းဦး၊ ဦးခင်မောင်ထွေး (နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန)-ဒေါ်လှလှစိန်၊ ဦးထွန်းအောင်-ဒေါ်သင်းမြမြထွေးတို့၏ချစ်လှစွာသောဖခင်၊မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၅-၃-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှမြင့် (တောင်ငူ)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် ၁/၃၀၂နေ (ဦးထွန်းလှိုင်-ဒေါ်သာနု)တို့၏သမီး၊ (ဦးညွန့်တင်)၏ဇနီး၊ ဒေါက်တာမောင်မောင်ကျော် (ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ တောင်ငူဆေးရုံ) - ဒေါ်ခင်အုန်းသန်း၊ ဒေါ်ကြူကြူညွန့်(အထပြ၊ တာမွေ-၃)၊ ဒေါ်မူမူညွန့် (အထပြ၊ ဗဟန်း-၂)၊ ဦးမောင်မောင်ဇော် (မင်္ဂလာဈေး)တို့၏ ချစ်လှသွာသောမိခင်၊ မောင်ထက်ဦးကျော်-မနှင်းသက်ထက်အောင်၊ မအိကေခိုင်ဖြိုးတို့၏အဘွား၊မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၆-၃-၂၀၁၈ရက် ညနေ ၄နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အေးကြူ(ပလ/ကျောက္ကာ)
### အသင်းဝင်အမှတ်-၈၄၄
### အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာရွာ၊ (၁)ရပ်ကွက်နေ (ဦးဦးမောင်)၏ဇနီး၊ ဦးမြင့်လွင်(တွဲဖက်ဘဏ္ဍာရေးမှူး၊ ပုလောမြို့နယ်အသင်း ရန်ကုန်)-ဒေါ်စီစီမော်တို့၏ မိခင်သည် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကျောက္ကာရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဦးမြင့်စိုး (တောင်တွင်းကြီး)
### အသက်(၈၂)နှစ်

အငြိမ်းစားတိုင်းပညာဝန် (ဦးအေးချို-ဒေါ်ခင်ညွန့်)တို့၏သား၊ မင်းဘူးမြို့နေ (ဦးဆိုင်-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောက်ဥက္ကလာပမြို့နယ်၊(၉)ရပ်ကွက်၊ကျော်သူ ၂၅လမ်း၊ အမှတ် ၄၅နေ (ဒေါ်ခင်ရီ)၏ ခင်ပွန်း၊ ဦးအောင်ကျော်စိုး(SGS-Singapore)-ဒေါ်မေလှဲဦး၊ (ဦးဝင်းမြင့်)-ဒေါ်ယုယုကြွယ်(YCDC၊ ယာ/အုံ)၊ ဒေါ်ယုယုဝင်း(Singapore)၊ ဦးဝေဖြိုးအောင်-ဒေါ်မြတ်မြတ်မော် (Singapore)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရဲရင့်ဝေယံ၊ မမိုးနေခြည်မောင်၊ မောင်ကောင်းခန့်ဝေယံတို့၏အဘိုးသည် ၆-၃-၂၀၁၈ရက်(အင်္ဂါနေ့)ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၈ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### သထုံမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်သန်းစိန် (ဘီးလင်း/သထုံ)
### အထက်တန်းပြဆရာမ
### ထ(၁) တ/ဥ (ငြိမ်း)
### အသင်းဝင်အမှတ်(၆၅၅)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် ၁၁၈/၂နေ (ဦးစိန်အောင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဗိုလ်ကြီးခင်မောင်တိုး)၏ဇနီး၊ ဦးသူရအောင်တိုး၊ ဒေါ်သွဲ့သွဲ့ခင်တိုး၊ ဦးအောင်ကျော်တိုး-ဒေါ်နန်းတင်အေး(USA)၊ ဦးသန်းအောင်တိုး-ဒေါ်မေကြည်ဦး (S'pore)တို့၏ မိခင်သည် ၅-၃-၂၀၁၈ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## မိုဟာမက်ရှစ်မဇန်းအလီ(ခ)
## ကိုတင်အောင်မိုး
### B.Sc (Geology)
### C.D.C 76197, MOT
### 2nd Class Part A MEO Class III
### အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဦးလူကလေးလမ်း၊ အမှတ် ၁၇နေ ဟာဂျီဦးမောင်ကြီး-ဒေါ်တင်ညွန့်တို့၏သား၊ ကိုတင်မောင်ကြီး၊ ကိုတင်မောင်လေး (UNITEAM MARINE)၊ မညွန့်ညွန့်အေးတို့၏ညီ/မောင်သည် ၇-၃-၂၀၁၈ရက် နံနက် ၀၀း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးစန္ဒီ ကဗာစတန်၌ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းမြင့်-ဒေါ်တင်တင်ဝေ၊ ဦးဉာဏ်ဝေ(ဒါရိုက်တာ) First Top Group Co., Ltd & Kyun Shwe War Co., Ltd-ဒေါ်သိဂ်ီဟန်တို့၏ဖခင် ဦးထော်ဝေ အသက်(၁၀၁)နှစ်သည် ၄-၃-၂၀၁၈ရက် နံနက် ၆း၄၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရသည့်အတွက် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်မြို့ အလက(၃) (St. Mark)မှ**
**အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ**

## ဒေါ်ခင်မြ (B.A,B.L)
### ဒု-ညွှန်မှူး(ငြိမ်း)၊ ပြည်ထဲရေးဝန်ကြီးဌာန
### အသက်(၉၇)နှစ်

ရန်ကုန်မြို့နေ ရန်ကုန်အရေးပိုင်(မွန်ဦးဘိုးကျေး-ဒေါ်ဒေါ်အုန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဇီဇဝါဥယျာဉ်၊ သံသုမာလမ်း၊ အမှတ် ၈နေ [ဦးတင်မောင်(တက္ကသိုလ်ထင်ကြီး)-ဒေါ်ခင်ခင်နွဲ့]၊ (ဒေါ်ခင်ခင်ထား)၊ (ဦးဖုံရင်)-ဒေါ်ခင်ခင်အေး(ဌာနမှူး၊ ငြိမ်း)၊ (ဦးထွန်းမြင့်-ဒေါ်ငွေကြွယ်)၊ ဦးမောင်မောင်ကြိုင်-ဒေါ်တာဒေါ်လှမြင့်တို့၏အစ်မသည် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်ညွန့် (အမေရိကန်သံရုံး၊ ငြိမ်း)
### အသက်(၉၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟို(ခိုင်ရွှေဝါ)လမ်း၊ အမှတ် ၁၀၄နေ (ဦးစိန်-ဒေါ်မျှင်)တို့၏သား၊ (ဦးချိန်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ ဒေါ်လှကြည်(ဇီးကုန်းမြို့)၊ (ဒေါ်တင်ရီ)၊ (ဦးလှတင်သိန်း)၊ ဦးဝင်းလှိုင်(တိုင်းတရားသူကြီး၊ ငြိမ်း)၊ ဒေါ်အေးသန်းတို့၏မောင်/အစ်ကို၊ ဒေါ်ခင်ခင်စန်း၊ (ဦးလှကြည်-ဒေါ်ခင်ခင်အုန်း)၊ ဦးမောင်မောင်တာ-ဒေါ်ခင်ခင်နိုင်၊ ဦးမိုးဟိန်း-ဒေါ်ခင်ခင်မော်၊ ဦးဇော်လင်းမြင့် (Best Deco Decoration & Construction Co.,Ltd.)-ဒေါ်မိုးမိုး၊ ဦးကျော်အောင်လွင်(ခ)ကိုသားငယ်-ဒေါ်ငွေငွေဝင်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၁၈ရက် (အင်္ဂါနေ့)တွင် အထက်ပါ ဗဟို(ခိုင်ရွှေဝါ)လမ်း၊ အမှတ် ၁၀၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း(ခ)ဆရာအီးရှောင်
### အထက(၂)ဒဂုံ (မြို့မကျောင်း)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၉)ရပ်ကွက်၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ အမှတ် ၁၃၉၆နေ (ဦးတန်ဂျုတ်စိန်-ဒေါ်ဒေါ်ဝီ)တို့၏သား၊ (ဦးရှောင်-ဒေါ်ညွန့်တင်)တို့၏သားသမက်၊ (ဦးမြင့်ဦး)-ဒေါ်နု၊ ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာခင်သီ၊ (ဦးကျော်သိန်း)-ဒေါ်ညွန့်ညွန့်စိန်တို့၏ညီ၊ ဦးထိန်လင်း-ဒေါက်တာခင်ကြည်စိန်၊ ဒေါက်တာသိန်းဟန်-(ဒေါက်တာဝေဝေလွင်)တို့၏အစ်ကို၊ဒေါ်ခင်မာရီ(ခ)ဒေါ်မေစန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကိုကို-ဒေါ်ရီရီမြင့်၊ဦးခင်မောင်လွင်၊ဦးကျော်မင်းလှိုင်-ဒေါ်ဝင်းဝင်းခိုင်၊ဒေါ်နုဝါတို့၏ချစ်လှစွာသောဖခင်၊ မောင်ဝေဖြိုးဦး၊ မောင်ထက်ဦးလှိုင်၊ မောင်မင်းခန့်လှိုင်တို့၏အဘိုးသည် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ဝေ
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ယုဇနလမ်း၊ တိုက် ၁၀၊ အခန်း ၅နေ (ဦးခဲဝါ-ဒေါ်ကျော့)တို့၏သား၊ (ဒေါ်သန်းစိန်)၏ခင်ပွန်း၊ ဒေါ်ခင်ခင်အေး(ခင်ချိုငွေ အထည်ဆိုင်)၊ ဦးမောင်အေး-ဒေါ်ခင်ခင်ငွေ၊ ဒေါ်လှလှဝင်း(ကြယ်တံခွန်သက်န်းဆိုင်)၊ ဦးခင်မောင်ချို-ဒေါ်ခင်ခင်ထွေး(အောင်ခန့်စတီးလ်ဆိုင်)၊ ဦးကျော်စည်ဟိန်း-ဒေါ်စန်းစန်းတင့်၊ ဦးမင်းဇော်-ဒေါ်ဖြူဖြူခိုင်၊ ဦးကျော်မင်းနိုင်-HIROMI တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးနန်းဝင်းအောင်
### ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးမြို့
### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်မြင်-ဒေါ်ကြင်အေး)တို့၏သား၊ ကသာမြို့နေ (ဦးလှသောင်း-ဒေါ်ညွန့်ညွန့်ရီ)တို့၏သားသမက်၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဒေါ်ခင်မူ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဟန်နွယ်-ဒေါ်ဥမ္မာမြင့်၊(ဦးဇော်မြင့်တင်)-ဒေါ်နှင်းယု၊ ဦးမင်းနိုင်-ဒေါ်မူမူအောင်၊ (ဦးခင်မောင်ချို)-ဒေါ်သင်းနုအောင်တို့၏ညီ/မောင်၊ ဦးမြင့်သိန်း-ဒေါ်မြတ်သက်၊ ဦးအောင်မြတ်ထွဋ်-ဒေါ်စုစုကြည်၊ ဦးမိုးကျော်သူ-ဒေါ်ရည်မွန်တို့၏အစ်ကိုသည် ၆-၃-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် နေပြည်တော် ဥတ္တရသီရိဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကျေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ Jade Royal Hotel သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနန်းဝင်းအောင်
### ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးမြို့
### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်မြင်-ဒေါ်ကြင်အေး)တို့၏သား၊ ကသာမြို့နေ (ဦးလှသောင်း-ဒေါ်ညွန့်ညွန့်ရီ)တို့၏သားသမက်၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဒေါ်ခင်မူ၏ချစ်လှစွာသောခင်ပွန်း၊ ကိုစည်မျိုးသူ-မမေသက်ဇင်၊ ကိုရဲအောင်၊ ကိုကျော်ငွေ-မမေသန့်စင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၃-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် နေပြည်တော် ဥတ္တရသီရိဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကျေ့ကြီးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ Jade Royal Hotel သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသာမက ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက်ပါ အဓိကကျ




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၅)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် မတ် ၇**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၁၅) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်းရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်၊ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ

*စာမျက်နှာ ၆ ကော်လံ ၁* ❄

## ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဗြိတိန်လွှတ်တော်အမတ်များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးရာ ကောင်စီအစည်းအဝေး၌ ဆုံးဖြတ်ခဲ့သော မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

*စာမျက်နှာ - ၉*

## ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာ စတင်ဖြေဆို

**နေပြည်တော် မတ် ၇**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ယနေ့ စတင်ဖြေဆိုကြသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် မြန်မာစာ ဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၄၄၃၅၈ ဦးတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၈၈၈၅၉ ဦး ဖြေဆိုကြပြီး ဖြေဆိုရန် ပျက်ကွက်သူ ၅၅၄၉၉ ဦးဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မတ် ၇**

၂၀၁၈ ခုနှစ် AFC Cup ပြိုင်ပွဲအုပ်စု (G) တတိယနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရန်ကုန်အသင်းက ဖိလစ်ပိုင် ကလပ် ဂလိုဘယ်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ပုံစံကောင်းပြသနေပြီး ပထမအကျော့သုံးပွဲစလုံး အနိုင်ကစားနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဒဏ်ရာရကစားသမားများ ရှိနေသော်လည်း အိမ်ကွင်းတွင် အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ပထမအကျော့သုံးပွဲစလုံး အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် အခြေအနေ ကောင်းသွားခဲ့သော်လည်း အာဆီယံဇုန်အုပ်စုသုံးစုတွင် အုပ်စုပထမသုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယတစ်သင်းသာ အာဆီယံဇုန်ဆီမီးဖိုင်နယ်သို့ တက်ရောက်မည်ဖြစ်သောကြောင့် ဒုတိယအကျော့ပွဲများတွင် ရလဒ်ကောင်းရရန် ကြိုးစားရမည်ဖြစ်သည်။

ရန်ကုန်အသင်းတွင် ဒဏ်ရာရနေသည့် အမာခံကစားသမားဖြစ်သော ကျော်ဇင်ထက်(ဂိုး)နှင့် ပြည့်ဖြိုးဇော်တို့ ပါဝင်လာခြင်းမရှိဘဲ ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲလုပ်ခဲ့သည်။ နိုင်ပွဲမဖြစ်မနေလိုအပ်နေသည့် ဂလိုဘယ်အသင်း၏ ရုန်းကန်မှုကြောင့် ပွဲစကတည်းက အပြန်အလှန်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖



ရန်ကုန်နှင့် ဂလိုဘယ်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

